KIC
Karen Information Center

ကရင်သတင်းစဉ်

လူ့အခွင့်အရေး၊ တိုင်းရင်းသားအခွင့်အရေး၊ ဒီမိုကရေစီအရေး

ဖေဖော်ဝါရီလ၊ ၂၀၂၀ ခုနှစ် | The Karen News | အတွဲ (၇)၊ အမှတ် (၆)

လမ်းစဉ်အတိုင်း မလုပ်ဆောင်၍ တော်လှန်ရေးကာလ ရှည်ကြာနေရဟု KNLA ဒုစစ်ဦးစီးချုပ်ပြော

စာမျက်နှာ (၃) သို့ ▸▸▸

ဗိုလ်ချုပ် မန်းကျော်ဖေ ကိုယ်တိုင်ရေးမှတ်တမ်းတချို့

စောယောင့်သာအဲဆန်

ဗိုလ်ချုပ်မန်းကျော်ဖေ၏ ဘဝဖြတ်သန်းမှု၊ ကရင့်တော်လှန်ရေးအပေါ် ဆုံးခန်းတိုင် သစ္စာရှိမှု၊ ကရင်အမျိုးသား လွတ်မြောက်ရေးအတွက် ပေးဆပ်မှု... စသည့် လုပ်ဆောင်ချက်များနှင့် ဘဝဓာတ်ကြောင်းများ ...

စာမျက်နှာ (၁၇) သို့ ▸▸▸

မြိုင်ကလေးဘိလပ်မြေစက်ရုံ ကျောက်မီးသွေးလောင်စာ အသုံးပြုမှုကို ဖျက်သိမ်းပေး ဆုတောင်းပွဲပြုလုပ်

ဧနန့်ဝါရီ ၁၇ ရက်၊ ၂၀၂၀ ခုနှစ်
စောရှား

ဖားအံမြို့ အနောက်ဖက်ခြမ်းနတ်ကုန်းရွာအနီးရှိ မြိုင်ကလေးဘိလပ်မြေစက်ရုံ၏ ကျောက်မီးသွေးလောင်စာ အသုံးပြုမှုကို ဖျက်သိမ်းပေးရန် ရည်ရွယ်၍ ဧနန့်ဝါရီလ ၁၇ ရက်နေ့က ဘာသာကပ်ကျေးရွာအုပ်စု၊ နတ်ကုန်းရွာ၌ ဆုတောင်းပွဲတစ်ခု ပြုလုပ်ခဲ့ကြသည်။

ယနေ့ပြုလုပ်သည့် မေတ္တာပို့သ ဆုတောင်းပွဲ၌ ကျောက်မီးသွေးလောင်စာကို အသုံးပြုပြီးလည်ပတ်နေသော ဘိလပ်မြေစက်ရုံမဖြစ်မြောက်စေရန်နှင့် ဖြစ်မြောက်ပါက လုံးဝရပ်ဆိုင်းသွားရန် ရည်ရွယ်ပြီးဆုတောင်းပွဲလုပ်ရခြင်းလည်းဖြစ်ကြောင်း ပွဲဦးဆောင်သူတစ်ဦးဖြစ်သည့် ရသေ့ပျံရွာမှ စောခေါင်ပန်ထော့ (စဝဝ ခါနိ.ပိုင်ထဝ်)က ပြောသည်။

ကရင်ပြည်နယ်၊ ဖားအံမြို့နယ်ရှိ မြိုင်ကလေး တန်(၄၀၀၀) ဘိလပ်မြေစက်ရုံအနီးရှိ ကျေးရွာအုပ်စုများတွင် သဘာဝနှင့် ဆန့်ကျင်နေသည့် ရေအရည်အသွေး ကျဆင်းမှုကြောင့် နေ့စဉ်အရေးပေါ်လိုအပ်သည့် သောက်သုံးရေနှင့် လူမှုစီးပွားဘေးဒုက္ခကို ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလမှ စတင်ပြီး ယနေ့အချိန်ထိတိုင် ခံစားနေရကြောင်း ဒေသခံများ၏ ပြောပြချက်များအရ သိရသည်။

ထို့ကြောင့် ဒေသခံများ တွေ့ကြုံခံစားနေရဆဲဖြစ်သည့် ရေအရည်အသွေး ကျဆင်းခြင်းနှင့် နောက်ဆက်တွဲ ဖြစ်ပေါ်လျက်ရှိသည့် ဘေးဥပဒ်များကို ကုစားကာကွယ်ရန် ဆရာတော်များနှင့် ကျေးရွာလူထုများမှ ဦးစီးပြီး ရိုးရာ ဓလေ့ယုံကြည်မှုဖြင့် ကျေးရွာများစုပေါင်းကာ ဆုတောင်းပွဲအခမ်းအနားတစ်ရပ် ပြုလုပ်ရခြင်း ဖြစ်ကြောင်းလည်း ပွဲဦးဆောင်သူများက ပြောသည်။

အခမ်းအနားတွင် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ၊ ကရင်ပြည်နယ်နှင့် တကွ ကမ္ဘာတစ်ဝှမ်းရှိ ကျောက်မီးသွေး ဒဏ်ခံစားရသော ပြည်သူများအား ဘေးအန္တရာယ်ကင်းဝေးစေရန် မေတ္တာပို့ ဆုတောင်းခြင်း၊ ဒေသခံများ၏ လတ်တလော အခက်အခဲများအား ထုတ်ဖော် ပြောကြားခြင်း၊ ကျောက်မီးသွေးလောင်စာ အသုံးပြုခြင်းကြောင့် ဖြစ်ပေါ်လာသည့် အကျိုးဆက်များအား ကိုယ်တိုင်ကြုံတွေ့ ခံစားရသူများမှ ၎င်း၏ အတွေ့အကြုံကို ဝေငှခြင်း၊ ဆုတောင်းပွဲ သက်သေတစ်ရပ်အဖြစ် ကျောက်တုံးများစုပုံ၍ ဆန္ဒပြထုတ်ဖော်ခြင်းပြုလုပ်ခဲ့ကြသည်။

ယနေ့ ဆုတောင်းပွဲသို့ ကရင်ပြည်နယ်အတွင်းရှိ ဆရာတော်သံဃာတော်များ၊ ဘာသာပပ်၊ မြိုင်ကလေး၊ ရသေ့ပျံ စသည့် ကျေးရွာအုပ်စုများအတွင်းရှိ ကျေးရွာပေါင်း ၁၇ ရွာကျော်မှ ရွာသူရွာသားများ၊ မွန်နှင့် ရှမ်းပြည်နယ်မှ ကျောက်မီးသွေးဒဏ် သင့်နေသော တိုင်းရင်းသားများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်း (CSO)များ စုစုပေါင်း လူဦးရေ ၂၀၀၀ နီးပါး လာရောက်ပူးပေါင်းပါဝင်ခဲ့ကြသည်။

တပ်ရိက္ခာ ပို့ဆောင်မှုကိစ္စနှင့်ပတ်သက်၍ KNLA နှင့် တပ်မတော်တို့ ကျောက်ကြီးတွင် ထပ်မံတွေ့ဆုံ

ဧနန့်ဝါရီ ၁၀ ရက်၊ ၂၀၂၀ ခုနှစ်

ကေအဲန်ယူ – ကရင် အမျိုးသား အစည်းအရုံး၏ ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် (KNLA)မှ ဗိုလ်မှူးချုပ် စောတာမလာသော ဦးဆောင်သည့်

ကိုယ်စားလှယ်အဖွဲ့နှင့် တပ်မတော် တောင်ပိုင်းတိုင်း စစ်ဌာနချုပ် (တပဝ) တိုင်းမှူး ဗိုလ်ချုပ်မျိုးဝင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့သည် ဧနန့်ဝါရီ ၁၀ ရက်နေ့က ကျောက်ကြီးမြို့ရှိ ကေအဲန်ယူ ဆက်ဆံရေးရုံး၌ ထပ်မံ တွေ့ဆုံခဲ့ကြသည်။

အဆိုပါတွေ့ဆုံမှုမှာ ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာ ၂၇ ရက်နေ့က ဆွေးနွေးခဲ့ကြသည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် – NCA ကို အခြေခံသော လမ်းဖောက်လုပ်မှုကိစ္စ နှင့် တပ်မတော်၏ တပ်ရိက္ခာ ပို့ဆောင်မှု ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြမည်ဟု KNLA ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ၚင်းအပြင် ယမန်နေ့က ပြုလုပ်သည့် ပဲခူးတိုင်းအရှေ့ဘက် ကျောက်ကြီးမြို့နယ်ရှိ ဒေသခံပြည်သူများ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အပေါ် ဆန္ဒထုတ်ဖော်တောင်းဆိုမှုကိစ္စနှင့် ကျောက်ကြီးမြို့နယ်ရှိ စောမီးလူကျေးရွာတွင် ပြီးခဲ့သည့် ဒီဇင်ဘာလ ၂၁ ရက်နေ့က အစိုးရ တပ်မတော်က ဒေသခံရွာသားများထံမှ တားမြစ်သိမ်းဆည်းထားသည့် ဆန်အိတ်ပေါင်း ၁၅၀ အိတ်ကိစ္စရပ်ကိုလည်း ဆွေးနွေးရန် ရှိသည်ဟု KNU ကျောက်ကြီးမြို့နယ် ဆက်ဆံရေးရုံးမှ အရာရှိတစ်ဦးက ကေအိုင်စီသို့ ပြောသည်။

အဆိုပါ တွေ့ဆုံမှုတွင် KNLA မှ ဗိုလ်မှူးချုပ် စောတာမလာသော ဦးဆောင်သည့် ကိုယ်စားလှယ် ၁၁ ဦးနှင့် တပ်မတော်ဘက်မှ တပဝ တိုင်းမှူး ဗိုလ်ချုပ်မျိုးဝင်း ဦးဆောင်သည့် အဖွဲ့ဝင် ၇ ဦး တက်ရောက် ဆွေးနွေးခဲ့ကြသည်။

ကရင် ပြည်နယ်တွင်လုပ်ဆောင်မည့် "မဲခေါင်သစ်တောများ အတွက် ဒေသခံတို့၏အသံစီမံကိန်း" မိတ်ဆက်

ဧနန့်ဝါရီလ ၁၇ ရက်၊ ၂၀၂၀ ခုနှစ်
နန်းဝေဖြိုးဇော

သစ်တောများ ရေရှည်စီမံခန့်ခွဲနိုင်ရန် ရည်ရွယ်ပြီး ကရင်ပြည်နယ်တွင် စတင်ဆောင်ရွက်သည့် မဲခေါင်သစ်တောများအတွက် ဒေသခံတို့၏အသံ စီမံကိန်း မိတ်ဆက်ခြင်း အစီအစဉ်ကို ဧနန့်ဝါရီ ၁၇ ရက်နေ့က ကရင်ပြည်နယ် ဖားအံမြို့ သံလွင်ပါရာဒိုက် ဟိုတယ်တွင် ကျင်းပပြုလုပ်သည်။

အဆိုပါစီမံကိန်းမှာ အားနည်းမှုများရှိနေဆဲဖြစ်သည့် သစ်တော စီမံအုပ်ချုပ်မှုအဝိုင်းများအား ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်ပြီး ကရင်ပြည်နယ်တွင် ယခု ပထမဆုံးအကြိမ်စတင် မိတ်ဆက်လိုက်သည့် စီမံကိန်း တစ်ခုလည်း ဖြစ်သည်။

စီမံကိန်းအတွက် ပြောဆိုခွင့် ရှိသည့် RECOFTC အဖွဲ့မှ ဒေါက်တာမောင်မောင်သန်းက 'ကျနော်တို့နိုင်ငံမှာ သစ်တောစီမံအုပ်ချုပ်မှုအပိုင်းမှာ အားနည်းနေသလို တာဝန်ယူမှု၊ တာဝန်ခံမှုတွေလည်း အားနည်းတာတွေရှိတယ်။ ဒါကို ပြုပြင်ဖို့အတွက် ရည်ရွယ်ချက်နဲ့ပဲ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေထဲက ပုဂ္ဂိုလ်တွေကနေ ဝင်ပြီး အကြံပြုဖို့ ချိတ်ဆက်ပြီးတော့ ဆောင်ရွက်ဖို့ ဒါကို ဒီ Project ကနေပြီး လုပ်ဆောင်ရခြင်းဖြစ်တယ်'ဟု ကေအိုင်စီသို့ ပြောသည်။

ထို့အပြင် သစ်တောစီမံအုပ်ချုပ်သည့် စနစ်တစ်ခု ဖော်ထုတ်ရန်၊ သစ်တောနှင့်ပတ်သက်၍ လုပ်ဆောင်နေသည့် အစိုးရမဟုတ်သည့် အဖွဲ့များအတွက် စွမ်းဆောင်ရည် မြှင့်တင်ပေးရန် အပြင် နိုင်ငံအသီးသီးရှိ ကွန်ယက်များ ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရန် စသည့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းဖြစ်သည်။

ယနေ့ပြုလုပ်သည့် အစီအစဉ်တွင် ကရင်ပြည်နယ် သစ်တော၊ သတ္တုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး အပါအဝင် ကရင်ပြည်နယ်ရှိ အရပ်ဖက်အဖွဲ့များနှင့် ဒေသကိုယ်စားလှယ် ၅၀ ဦး နီးပါးတက်ရောက်ခဲ့ကြပြီး တာဝန်ရှိသူများမှ စီမံကိန်းအကြောင်း ရှင်းလင်းတင်ပြခြင်း၊ ကရင်ပြည်နယ် သစ်တောစီမံအုပ်ချုပ်မှုလုပ်ငန်းများ ပိုမိုအားကောင်းရန် ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းနှင့် စိန်ခေါ်မှုများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း (CF)လုပ်ငန်းအတွက် ကွန်ယက်ဖွဲ့စည်း ဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

စီမံကိန်းများ နှင့်ပတ်သက်၍ ကရင်ပြည်နယ် သစ်တောဦးစီးဌာန ပြည်နယ်တာဝန်ခံ ဦးမြင့်သိန်းထွန်းက 'သစ်တောဆိုတာက တောထဲတောင်ထဲမှာ ရှိတယ်။ ကျနော်တို့ဌာနဆိုင်ရာ အစိုးရတွေ ကလည်း တောတောင်ထဲမှာ အခြေချနေထိုင်ဖို့က မရဘူး။ အဲဒီတော့ ဒီသစ်တောတွေကို ထိန်းသိမ်းဖို့က ဒေသခံပြည်သူတွေ အရပ်ဘက် အဖွဲ့အစည်းတွေ ပူးပေါင်းဆောင်ရွက်ပြီး ထိန်းသိမ်းတာဟာ ပိုပြီးကောင်းသလို ဒီလို အဖွဲ့တွေ ပါဝင်ကူညီမှပိုပြီး ထိရောက်မယ်လို့ ကျနော်က ထင်ပါတယ်။ စီမံကိန်းအောင်မြင်ဖို့က ကျနော်တို့ဌာနဆိုင်ရာ အစိုးရဘက်က လုပ် ထုံးလုပ်နည်းတွေ အချက်လက်တွေကိုတော့ ကူညီဆောင်ရွက်ပေးသွားမယ်' ဟု ကေအိုင်စီသို့ ပြောသည်။

လက်ရှိ ကရင်ပြည်နယ်တွင်

သစ်တောဧရိယာ စုစုပေါင်း ၂၄ သိန်းကျော်ရှိကြောင်း သိရပြီး အများစုမှာ တိုင်းရင်းသား လက်နက်ကိုင်ထိန်းချုပ်သည့် နယ်မြေထဲတွင်ရှိသည်ဟု ကရင်ပြည်နယ် သစ်တောဦးစီးဌာန တာဝန်ရှိသူ၏ ပြောပြချက်များအရ သိရသည်။

ကရင်ပြည်နယ်တွင် အကောင်အထည်ဖော်နေသည့် အဆိုပါစီမံကိန်းကို ကမ္ဘာလုံးဆိုင်ရာ သဘာဝ ပတ်ဝန်းကျင်ရန်ပုံငွေ အဖွဲ့ -WWF၊ မြန်မာ့ပတ်ဝန်းကျင် ထူထောင် ထိန်းသိမ်းရေး ကွန်ယက် – MERN နှင့် The Regional Community Forestry Training Center for Asia and the Pacific -RECOFTC အဖွဲ့တို့ ပူးတွဲ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ပြီး ဥရောပသမဂ္ဂ၏ ငွေကြေးထောက်ပံ့ခြင်း ဖြစ်သည်ဟု သိရသည်။

ကရင်လူငယ်ခေါင်းဆောင်များ ပေါ်ထွက်ရေး အလေးထားပါ

လက်ရှိ ကရင်လက်နက်ကိုင်တော်လှန်ရေး အသိုင်းအဝိုင်းတွင် သော်လည်းကောင်း၊ ကရင်နိုင်ငံရေးပါတီများတွင် သော်လည်းကောင်း၊ ကရင်လူမှုအဖွဲ့အစည်း အသင်းအပင်းများတွင် သော်လည်းကောင်း မျိုးဆက်သစ် ကရင်လူငယ်ခေါင်းဆောင်များ နည်းပါးနေသည်ကို တွေ့ရသည်။ လူငယ်ဟူသည် **"ယနေ့လူငယ် နောင်ဝယ် လူကြီး"** ဆိုသကဲ့သို့ နယ်ပယ်စုံ၌ ခေါင်းဆောင်မှုတာဝန်ကို ဆက်ခံရမည့်သူများသာ ဖြစ်သည်။

ယနေ့ ခေတ်ကရင်လူငယ်များအနေဖြင့် မြန်မာနိုင်ငံ၏ အခြေအနေအရ ယခင်ထက် ခေတ်ကောင်းကို ဖြတ်သန်းရသူများ ဖြစ်သည်။ နိုင်ငံရေး လုပ်ခွင့်ရှိသည်၊ အမျိုးသားရေးတွင်လည်း အလွယ်တကူပါဝင်ဆောင်ရွက်နိုင်သလို သတင်း ဆက်သွယ်ရေးနည်းပညာကြောင့် မည်သည့်ပညာရပ်မဆို အားထုတ်ကာတစိုက်မတ်မတ် လေ့လာနိုင်သည်။ ထို့အပြင် သတင်းခေတ် ဖြစ်သည့်နည်းတူ သတင်းအချက်အလက်များကို အလွယ်တကူ လက်လှမ်းမီနိုင်သည့် အခြေအနေ ဖြစ်သည်။

တခြား တစ်ဖက်တွင်မူ ရုပ်ဝတ္ထု ပေါများသည့် အတွက် နိုင်ငံရေး၊ အမျိုးသားရေးတို့ထက် အခြားသော ရုပ်ဝတ္ထုပိုင်းများတွင် ပိုမိုအားသာသွားလေ့ရှိတတ်ပြန်သည်။ ထို့ကြောင့် အမျိုးသားရေး လုပ်ငန်းများကို လူငယ်များ အားလျော့သွားတတ်သည့် သဘောလည်း ရှိပြန်သည်။ ယခုလို အခြေအနေမျိုးတွင် ကရင်လူငယ်များကို သွန်သင်လမ်းပြ၊ လက်တွဲခေါ်တတ်ရန် လိုအပ်သည်။ လမ်းဖွင့် နေရာပေးရန် လိုသည်။

ကရင်လူငယ်များအနေဖြင့်လည်း မွေးရာပါသမိုင်းပေးတာဝန်များရှိသည်ကို သိနားလည်ပြီး နိုင်သည့်ဘက်မှ လုပ်ဆောင်ပေးရန်လိုသည်။ ထို့အပြင် လူပုဂ္ဂိုလ် တစ်ဦးဦးသော်လည်းကောင်း၊ အသင်းအဖွဲ့ တခုခုအတွက် သော်လည်းကောင်း အသုံးချခံမဖြစ်ရေးအတွက် သတိပြုဆင်ခြင်ရမည် ဖြစ်သည်။

ထို့အတွက် ကရင်လူငယ်များ အနေဖြင့် ကိုယ်ခံအား ကောင်းရန်လိုပြီး အမျိုးသားရေး စာပေများ၊ အထွေထွေ ဗဟုသုတရမည့် စာပေများကို ဖတ်မှတ်ကာ နောင်တချိန်တွင် အမျိုးသားရေးအတွက် ကျရောက်သည့်နေရာမှ ဦးဆောင်သွား နိုင်ရေး အတွက် ပြင်ဆင်ရမည် ဖြစ်သည်။

ကရင့်အမျိုးသားရေးတွင် လူငယ်ခေါင်းဆောင်များ မွေးထုတ်ရေးမှာ ပြောသလောက် လွယ်သည့် ကိစ္စမဟုတ်ဟု ဆိုနိုင်သည်။ သို့သော် လက်တွေ့ လုပ်ဆောင်သွားရေးသည်သာ အရေးကြီးသည်။ ယခုနှစ်ဆိုလျှင် အထွေထွေ ရွေးကောက်ပွဲ ကျင်းပရန်ရှိပြီး ကရင်လူငယ်များကို မဲဆွယ်စည်းရုံးရေးထက် ဦးဆောင်သည့် ကဏ္ဍဖြစ်သော အရွေးခံသည့် အပိုင်းတွင်ပါ လက်တွဲခေါ်ကြရန် ပြောလိုသည်။

အလားတူ ကေအန်ယူ– ကရင်အမျိုးသား အစည်းအရုံး၏ ၁၇ ကြိမ်မြောက် ကွန်ဂရက်လည်း ယခုနှစ်တွင် ကျင်းပသွားဖွယ်ရှိပြီး ကွန်ဂရက်တွင် ခေါင်းဆောင်များရွေးချယ်ရာ၌ လူငယ်များကိုလည်း လက်တွဲခေါ်ယူ နေရာပေးကာ ခေါင်းဆောင်မှု အတွေ့အကြုံများ ရှင်သန်အောင်လုပ်ဆောင်သွားစေလိုသည်။

အနှစ်ချုပ်ပြောလိုသည်မှာ ကရင့်အနာဂတ်သည် အနာဂတ်တွင် ခေါင်းဆောင်သွားမည့် ကရင်လူငယ်များ အပေါ်တွင်မူတည်နေသည့်အတွက် အမျိုးသားရေး နယ်ပယ်အသီးသီးတွင် ကရင်လူငယ်ခေါင်းဆောင်များ ပေါ်ထွက်လာရေး အလေးပေးကာ သင့်တော်သည့် အစီအမံများ ချမှတ်၍ လက်တွေ့လုပ်ဆောင်သွားရန် တိုက်တွန်းလိုသည်။

လမ်းစဉ်အတိုင်း မလုပ်ဆောင်၍ တော်လှန်ရေးကာလ ရှည်ကြာနေရဟု KNLA ဒုစစ်ဦးစီးချုပ်ပြော

ဧန်နဝါရီလ ၃၁ ရက်၊ ၂၀၂၀ ခုနှစ် စအိုင်ဆူး

ကရင့်တော်လှန်ရေးသည် ချမှတ်ထားသည့် လမ်းစဉ်အတိုင်း မလုပ်ဆောင်နိုင်၍ တော်လှန်ရေးကာလရှည်ကြာနေရခြင်း ဖြစ်သည်ဟု ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်–KNLA ဒုစစ်ဦးစီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး စောဘောကျော်ဟဲက ယနေ့ကျရောက်သည့် ၇၁ နှစ်မြောက် ကရင့်တော်လှန်ရေးနေ့တွင် ပြောဆိုခဲ့သည်။

ကရင်အမျိုးသား အစည်းအရုံး–KNU တပ်မဟာ (၅) နယ်မြေ ဌာနချုပ်တွင် ပြုလုပ်သည့် ၇၁ နှစ်မြောက် ကရင့်တော်လှန်ရေးနေ့ အခမ်းအနား မိန့်ခွန်းတွင် ထည့်သွင်း ပြောဆိုခဲ့ခြင်း ဖြစ်သည်။

ဒုတိယဗိုလ်ချုပ်ကြီး စောဘောကျော်ဟဲက 'တော်လှန်ရေးနှစ် ၇၀ ကျော်သွားပေမယ့် အောင်မြင်မှု မရသေးတာက ကျနော်တို့မှာ ဘယ်လို ပုံစံ ဘယ်လိုနည်းလမ်းနဲ့ ဘယ်လောက်အထိ သွားမလဲဆိုတဲ့ အစီအစဉ်က ရှင်းရှင်းလင်းလင်း မရှိနေဘူး။ အခြေအနေအရပဲ သွားနေရတဲ့အခါကျတော့ အခြေအနေကောင်းတဲ့ အခါရှိသလို မကောင်းတဲ့အခါလည်း ရှိတယ်။ တိကျတဲ့ လမ်းစဉ်ချမှတ်ပြီး ချမှတ်ထားသလို သွားမယ်ဆိုရင် လွဲချော်တဲ့အခါ ပြန်တည့်မှတ်ပြီး မှားသွားရင် ပြန်ပြုပြင်တဲ့နည်းနဲ့သွားမှသာ အောင်မြင်မည်ဟု ပြောသည်။

ထို့အပြင် ကရင့်တော်လှန်ရေးသည် တော်လှန်ရေး စတင်ချိန်မှစ၍ ယနေ့အချိန်ထိ အောင်မြင်သည့် အခြေအနေထိ မရောက်ရှိသေးသည့်အပြင် လက်ရှိ ၂၀၀၈ ဖွဲ့အစည်းပုံအခြေခံဥပဒေ ဘောင်အတွင်း သွားနေသည့် ငြိမ်းချမ်းရေး ဖြစ်စဉ်သည်လည်း အောင်မြင်နိုင်သည့် နည်းလမ်း မဟုတ်ကြောင်းလည်း ဒုဗိုလ်ချုပ်ကြီး စောဘောကျော်ဟဲက ထည့် သွင်းပြောဆိုခဲ့သည်။

ယနေ့ ကေအန်ယူ– ကရင် အမျိုးသားအစည်းအရုံး ဦးဆောင်သည့် ကရင်တော်လှန်ရေးသည် မြန်မာနိုင်ငံလွတ်လပ်ရေး ရရှိပြီး နောက် ၁၉၄၉ ခုနှစ် မှစ၍ စတင်ခဲ့ပြီး ယနေ့အချိန်ထိ ခေတ်အဆက်ဆက်သော အစိုးရကို တော်လှန်ခဲ့ပြီး မြန်မာနိုင်ငံ၏ သက်တမ်းအရင့်ဆုံး လက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်း တစ်ခုလည်း ဖြစ်သည်။

ကရင့်ကြမ္မာ ကရင်ဖန်တီးနိုင်ရေးနှင့် စစ်မှန်သော ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်နိုင်ရေး ရည်မှန်းချက်ဖြင့် လက်နက်ကိုင်တော်လှန်ခဲ့သလို ယနေ့ကာလတွင်လည်း သွေးထွက်သံယို မရှိသော နည်းလမ်းဖြင့် ကရင်အမျိုးသားများ၏ အခွင့်အရေးကို ရယူမည်ဆိုကာ အစိုးရနှင့် ကေအန်ယူအကြား ၈ နှစ်ကျော်ကြာ ငြိမ်းချမ်းရေး ဆွေးနွေးမှုများ ဖော်ဆောင်နေသော်လည်း တိကျသေချာသည့် သဘောတူညီမှုများ မရရှိသေးဘဲ နှစ်ဖက်တပ်များအကြား ထိတွေ့မှုများ ယနေ့အချိန်ထိ ရှိနေကြောင်း သိရသည်။

ယနေ့ပြုလုပ်သည့် ၇၁ နှစ်မြောက် ကရင့်တော်လှန်ရေးနေ့သို့ ပြည်တွင်းပြည်ပ၊ နယ်စပ်နှင့် ထိုင်းနိုင်ငံတွင်းမှ ကရင်လူထုများ၊ ကွန်ရက်အဖွဲ့အစည်းများ ပါဝင်တက်ရောက်ခဲ့ပြီးဒေသခံ ကျောင်းသူ၊ကျောင်းသားနှင့် လူထုများ စုစုပေါင်း လူဦးရေ နှစ်ထောင်နီးပါး တက်ရောက်ခဲ့ကြသည်။

အခမ်းအနားသို့ တက်ရောက်လာသူ ဒေါ်ကလူကွန်ရက်မှ စောဝယ်ကိုးက 'ကျနော်တို့ ကရင်လူထုတွေ ပါဝင်မှု အားနည်းနေသေးတာနဲ့ အဖွဲ့အစည်းတစ်ခု အားကောင်းလာပြီဆိုတာနဲ့ ခွဲထွက်တာတွေ ဒီလိုမျိုးအခြေအနေက ကျနော်တို့ ကရင့်တော်လှန်ရေး ကာလကြာအောင် တွန်းပို့နေသလို ဖြစ်တာပေါ့။ ပြောရင်တော်က ၁၉၄၉ က စခဲ့တဲ့ စိတ်ဓာတ်တွေအတိုင်း တော်လှန်ရေး ရဲဘော်တွေနဲ့ လူထုတစ်ရပ်လုံး ပါဝင်လာဖို့လိုတယ်' ဟု ကေအိုင်စီသို့ ပြောသည်။

ယနေ့ပြုလုပ်သည့် တော်လှန်ရေးနေ့ အခမ်းအနား၌ သက်ဆိုင်ရာ ခေါင်းဆောင်အသီးသီးမှ အမှာစကားပြောဆိုခဲ့ပြီး စစ်ရေး ပြအခမ်းအနားများ ဝတ်ပြဆုတောင်းခြင်းများ အထိမ်းအမှတ်နေ့ အားကစားပွဲများအပြင် ဖျော်ဖြေရေး အစီအစဉ်များလည်း ထည့်သွင်း ကျင်းပခဲ့သည်။

မြန်မာနိုင်ငံရှိ တိုင်းရင်းသားများသည် ဗြိတိသျှကိုလိုနီ လက်အောက်မှ လွတ်လပ်ရေးရရှိပြီး

နောက် ကရင်အမျိုး သားများသည် တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ဖဆပလ အစိုးရထံသို့ နိုင်ငံရေးနည်းဖြင့် တောင်းဆို၍ မရရှိခဲ့သဖြင့် ၁၉၄၉ ခုနှစ်၊ ဧန်နဝါရီလ ၃၁ရက်နေ့တွင် လက်နက်ကိုင် တော်လှန်ရေးလမ်းစဉ်ကို စတင်လာခဲ့ခြင်းဖြစ်သည်။

ယနေ့ကျရောက်သည့် ၇၁ နှစ်မြောက် ကရင့်အမျိုးသား တော်လှန်ရေးနေ့ကို ကေအန်ယူ၏ ထိန်းချုပ်နယ်မြေ တပ်မဟာများတွင်လည်း ကျင်းပခဲ့ကြသည်။

ကရင်သတင်းစဉ်

အမှုဆောင်နာယက
မန်းလင်းမြတ်ကျော်

အယ်ဒီတာချုပ်
နန်းဖေဖေဂေ

အမှုဆောင်အယ်ဒီတာ
စောထွန်းလင်း

တာဝန်ခံအယ်ဒီတာ
စောသိန်းမြင့်

သတင်းအယ်ဒီတာ
စဖန်းရှောင်း

သတင်းထောက်များ
နန်းဝေဖြိုးဇာ၊ စအိုင်ဆူး၊
စောမြတ်ဦးသာ
စောရှား

ကရင်ပိုင်း
နော်အေးပြုံး

စာစီဒီဇိုင်းအယ်ဒီတာ
ကျော်အဲနယ်

ထုတ်ဝေသူ
စောထွန်းလင်း (၀၂၀၄၈)
အမှတ် (၈) ရပ်ကွက်၊ ထောင်ဝိ (၁၂) လမ်း၊
ဖားအံမြို့ ကရင်ပြည်နယ်

ပုံနှိပ်သူ
နှစ်သစ်ဦးပုံနှိပ်တိုက် (၀၀၆၀၁)
27(A), Corner of U Hmoo St
and U Tun Nyo St, Dagon
(East) Industrial Zone, Yangon

ဆက်သွယ်ရန်
အမှတ် (၈) ရပ်ကွက်၊
ထောင်ဝိ (၁၂) လမ်း၊
ဖားအံမြို့ ကရင်ပြည်နယ်။

kicnews@yahoo.com,
kicnews97@gmail.com
www.kicnews.org,
www.karennews.org
www.karen.kicnews.org

09973883218, 09452849329,
09764943688

တပ်မတော်၏ လမ်းဖောက်လုပ်ရေး စီမံကိန်းအပေါ် ဖာပွန်ဒေသခံများ ကန့်ကွက်ဆန္ဒထုတ်ဖော်

ဧနံ့နဝါရီ ၁၅ ရက်၊ ၂၀၂၀ ခုနှစ်။ စအိုင်းဆူး

ဖာပွန်ဒေသတွင် တပ်မတော်၏ လမ်းဖောက်လုပ်ရေး စီမံကိန်းအပေါ် ဧနံ့နဝါရီလ ၁၅ ရက်နေ့တွင် မူတရော်(ဖာပွန်)ခရိုင်၊ လူသော၊ ဘူးသိုနှင့် ဒွယ်လိုးစသည့် မြို့နယ်ရှိ ကျေးရွာများမှ ဒေသခံများ တစ်ပြိုင်နက် ကန့်ကွက်ဆန္ဒဖော်ထုတ်မှု ပြုလုပ်ခဲ့ကြသည်ဟု သိရသည်။

အဆိုပါ တပ်မတော်၏ ဒေသတွင်း လမ်းဖောက်လုပ်ရေး အစီအမံများကြောင့် ဒေသခံ ရွာသားများ၏ စားဝတ်နေရေးနှင့် လုံခြုံရေးအတွက် စိုးရိမ်မှုများ ရှိခြင်းကြောင့် ယခုလို ဆန္ဒထုတ်ဖော်ရခြင်းဖြစ်သည်ဟု ဆန္ဒဖော်ထုတ်မှုတွင် ဦးဆောင်ပါဝင်သူ စောအယ်စေးက ပြောသည်။

၎င်းက 'နိုင်ငံရေးဆွေးနွေးပွဲ အာမခံချက် ဘာမှမရှိသေးတဲ့ အပေါ်မှာ အစိုးရပဲဖြစ်ဖြစ် စစ်တပ်ပဲဖြစ်ဖြစ် လမ်းဖောက်လုပ်တာကို ကျနော်တို့ မလိုလားဘူး။ နိုင်ငံရေး အာမခံချက်နဲ့ ဒီမိုကရေစီ ပြည်ထောင်စုကို ရမယ်ဆိုရင် ကျနော်တို့ ကိုယ်တိုင် ဒီလမ်းမကြီးကို ဖောက်လုပ်လို့ ရပါတယ်။ ကျနော်တို့ တကယ်လိုအပ်နေတာက လမ်း မဟုတ်ပါဘူး။ နိုင်ငံရေး အာမခံချက်နဲ့ ကိုယ်ပိုင် ပြဌာန်းခွင့်ပဲဖြစ်တယ်'ဟု ပြောသည်။

အဆိုပါ ဆန့်ကျင် ဆန္ဒဖော်ထုတ်မှုကို မြို့နယ် ၃ ခုမှ ကျေးရွာလူထုခေါင်းဆောင်များ ဦးဆောင်၍ လူသော မြို့နယ်၌ ဝါသူဒဲ၊ ပေးကေး၊ ကော်လူဒဲ၊ ဖွဝေါပလော၊ နာယိုထာစသည့် ကျေးရွာများတွင် လည်းကောင်း၊ ဘူးသိုမြို့နယ်၌ ဘူအားဒဲ၊ မယ်ညာ၊ ကျောပါးထီးနီ၊ အီတူးထဉ် စစ်ရှောင်စခန်းနှင့် ဒွယ်လိုးမြို့နယ်၌ ဖိုးခဲထာ၊ ထီးလော်သိထာစသည့် ကျေးရွာအသီးသီးမှ ဒေသခံရွာသားစုစုပေါင်း ၁၁၀၀၀ ကျော် ပါဝင် ဆန္ဒထုတ်ဖော်ခဲ့သည်ဟု ကေအဲန်ယူ–ကရင်အမျိုးသားအရည်အရာ၏ မူကြော်ခရိုင်သတင်းထုတ်ပြန်ချက်အရ သိရသည်။

ကေအဲန်ယူ မူတရော်ခရိုင် ဥက္ကဋ္ဌ ပခိုု စောထဲဒယ်က 'သူတို့(ဒေသခံရွာသားများ) ဆန္ဒဖော်ထုတ်ရတာက ဒီလမ်းတစ်ကြောင်းသာ ဖောက်လိုက်ရင် သူတို့ရဲ့ လုပ်ကိုင်စားသောက်မယ့် နေရာတွေ နေထိုင်တဲ့နေရာတွေ ပျက်စီးမှာနဲ့ ထွက်ပြေး တိမ်းရှောင်ရမှာကို စိုးရိမ်တာကြောင့် မလိုလားကြဘူး'ဟု ကေအိုင်စီသို့ပြောသည်။

၎င်းအပြင် လတ်တလောတွင် တပ်မတော်မှ ပဲခူး၊ တောင်ငူနှင့် မူတရော်(ဖာပွန်)ခရိုင် အစရှိသည့် ဒေသသုံးခုမှ ဖွံ့ဖြိုးရေး အမည်ခံ၍ လမ်းကြောင်းသုံးကြောင်း ဖောက်လုပ်သွားရန် စီစဉ်နေကြောင်း လည်း ပခိုု စောထဲဒယ်က ဆက်ပြောသည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ်– NCA လက်မှတ်ရေးထိုးပြီးနောက် ကေအဲန်ယူ၏ ညောင်လေးပင်ခရိုင်၊ မူတရော်ခရိုင်များအတွင်း ဒေသခံများ ရင်ဆိုင်နေကြရသည့် အခြေအနေများလည်း ဖြစ်ပေါ်ခဲ့သည်။

ယနေ့ပြုလုပ်သည့် ကန့်ကွက်ဆန္ဒထုတ်ဖော်မှုတွင် ဒေသခံ ရွာသားများမှ 'ဗမာ့တပ်မတော်မှ လမ်းဖောက်လုပ်သော ကားလမ်းလုံး၀ အလိုမရှိ၊ မိမိနယ်မြေတွင်းရှိ ဗမာ့တပ်စခန်းများ အားလုံး ပြန် ရုပ်သိမ်းပေး'စသည့် စာတမ်းပါ ဆိုင်းဘုတ်များ ကိုင်ဆောင်ကာ ကြွေးကြော်ဝဲ ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သိရသည်။

တပ်မတော်၏ မူတရော် ဒေသတွင်း ကားလမ်းဖောက်လုပ်မှုကို ၂၀၀၆ ခုနှစ် အောက်တိုဘာလ ကတည်းကစ၍ ယနေ့အချိန်အထိ ဖြစ်ပြီး ယင်းကားလမ်းဖောက်လုပ်မှုကြောင့် ဒေသခံရွာသားများမှာ မိမိတို့၏ ကျေးရွာ၊ အိုးအိမ်များကို စွန့်ခွာပြီး ကားလမ်းနှင့် အလုပ်ဝေးသည့် နေရာများသို့ သွားရောက် ပြေးရောင်ခဲ့ရမှုမှာ ယခုအချိန်ထိ ဖြစ်သည်ဟု ဒေသခံများက ဆိုသည်။

ကေအဲန်ယူနှင့် အစိုးရတို့ကြား NCA အပစ်ရပ်စာချုပ် လက်မှတ်ရေးထိုးပြီး နောက်ပိုင်း ကေအဲန်ယူ မူတရော်ခရိုင် (တပ်မဟာ ၅)နယ်မြေထဲတွင် တပ်မတော် စစ်စခန်း ၈၀ ခုထဲတွင် ၇ ခုအား ပြန်လည်ရုပ်သိမ်းရန် ကေအဲန်ယူဘက်မှ တောင်းဆိုထားမှုအပေါ် ပြန်လည်ရုပ်သိမ်းခြင်းမရှိသေးသည့်အပြင် တပ်စခန်း ၁၆ ခုအား ထပ်မံတိုးချဲ့လာပြီး တပ်စခန်းအားလုံးကို အခိုင်အမာပြုပြင်မွမ်းမံများ လုပ်ဆောင်ထားကြောင်း ကေအဲန်ယူက ပြောသည်။

အလားတူ တပ်မတော်လုပ်ဆောင်သည့် လမ်းတိုးချဲ့ဖောက်လုပ်မှုကိစ္စ နှင့် ပတ်သက်၍ ကျောက်ကြီးမြို့နယ် အတွင်းရှိ ဌာနေ ကရင်တိုင်းရင်းသားများအနေဖြင့် ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလနှင့် ယခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့တို့တွင် ကန့်ကွက်ဆန္ဒထုတ်ဖော်မှု ပြုလုပ်ခဲ့ပြီး ဖြစ်သလို KNU မူတရော် (ဖာပွန်) ခရိုင်တွင်လည်း ပြီးခဲ့သည့်နှစ်က အလားတူ ဆန္ဒထုတ်ဖော်မှုများ ရှိခဲ့သည်။

လမ်း ဖောက်လုပ်မှုများကြောင့် မြန်မာ့တပ်မတော်နှင့် KNU တို့ တင်းမာမှုအရှိန် မြင့်တက်လာခဲ့ရာ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့နှင့် ယခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့တွင် KNU၏ ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော်–KNLA ဗဟိုခေါင်းဆောင် ကိုယ်စားလှယ်များနှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်(ရတခ)တိုင်းမှူး ဗိုလ်ချုပ် မျိုးဝင်း ဦးဆောင်သောအဖွဲ့တို့ ကျောက်ကြီးမြို့ရှိ ကေအဲန်ယူဆက်ဆံရေးရုံး၌ နှစ်ကြိမ်တိုင် တွေ့ဆုံ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး ဖြစ်သည်။

NCA စာချုပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရေး ကျောက်ကြီးမြို့နယ်တွင် လူထုထောင်ချီဆန္ဒထုတ်ဖော်

ဧနံ့နဝါရီလ ၁၀ ရက်၊ ၂၀၂၀ ခုနှစ်

ကျောက်ကြီးမြို့နယ် အတွင်း မြန်မာ့တပ်မတော်မှ လုပ်ဆောင်ခဲ့သည့် လမ်းဖောက်လုပ်မှုများကြောင့် ထိခိုက် နစ်နာမှုများ ရှိနေသည့်အတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ်–NCA ကို နှစ်ဖက်တပ်များအနေဖြင့် အပြည့်အဝ အကောင်အထည်ဖော်ပေးရန် ထောင်ချီရှိသည့် ဒေသခံများက ဧနံ့နဝါရီလ ၉ ရက်နေ့တွင် ဆန္ဒထုတ်ဖော်မှုများ ပြုလုပ်ခဲ့ကြသည်။

ငြိမ်းချမ်းရေးကို ရှေးရှုသော အဆိုပါ ဆန္ဒထုတ်ဖော်ပွဲကို လမ်းဖောက်သည့် လမ်းကြောင်းတစ်လျှောက် ကျေးရွာများဖြစ်သည့် မူသယ်အုပ်စု၊ မော်ဘွယ်အုပ်စုနှင့် လော်မူပယ်အုပ်စုများရှိ ဒေသခံ လူဦးရေ ၁၅၀၀ ကျော်မှ ကျောက်ကြီးမြို့အပါအဝင် နေရာ ၃ နေရာခွဲပြီး ထိုသို့ဆန္ဒထုတ်ဖော်ခဲ့ကြခြင်းလည်း ဖြစ်သည်။

မူသယ်အုပ်စုမှ ဆန္ဒထုတ်ဖော်ရာတွင် ဦးဆောင်ပါဝင်သူ တစ်ဦးဖြစ်သူ နော်ကေပဲက 'ဖွံ့ဖြိုးရေးအတွက် လမ်းဖောက်လုပ်တယ်လို့ ပြောတယ်။ အဲဒီလမ်းဖောက်လုပ်မှုကြောင့်ပဲ ကျမတို့ ဒေသခံတွေ ထိခိုက်တယ်။ နေရပ် စွန့်ခွာရတယ်။ နှစ်ဖက်တိုက်ပွဲ ပြန်ဖြစ်တယ်။ တပ်အင်အားတွေ ပြန်ချဲ့လာတယ် ။ အဓိကတော့ NCA စာချုပ်ကို မလိုက်နာလို့ပဲ ဖြစ်တယ်။ ထာဝရငြိမ်းချမ်းရေး လိုချင်ရင် NCA စာချုပ်ကိုအပြည့်အဝ အကောင်အထည်ဖော် စေချင်ပါတယ်။ ငြိမ်းချမ်းရေး မရရှိသေးဘဲ ဖွံ့ဖြိုးရေးအကြောင်းပြုပြီး မလုပ်ဆောင်ဘဲ့ဘူး။ ကျမတို့ ဒေသခံတိုင်းရင်းသားအနေနဲ့ မလက်ခံဘူး'ဟု ကေအိုင်စီသို့ ပြောသည်။

NCA လက်မှတ်ရေးထိုးပြီး နောက် ကေအဲန်ယူ–ကရင်အမျိုးသား အစည်းအရုံး၏ ညောင်လေးပင်ခရိုင်၊ ဖာပွန်ခရိုင်များအတွင်း တပ်မတော်ဘက်မှ လမ်းဖောက်လုပ်မှုကြောင့် နှစ်ဖက်တပ်များအကြား မကြာခဏ ထိတွေ့ပစ်ခတ်မှုများဖြစ်ပေါ်ခဲ့သလို ယင်းဖြစ်စဉ်များကြောင့် ဒေသခံများနေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ရသည့် အခြေအနေများလည်း ဖြစ်ပေါ်ခဲ့သည်။

ယမန်နေ့က ပြုလုပ်ခဲ့သည့် ဆန္ဒထုတ်ဖော်ပွဲတွင်လည်း ဒေသခံများဘက်မှ ထာဝရငြိမ်းချမ်းရေး ရရှိရန် အကောင်အထည်ဖော်ရေး၊ NCA အပေါ် တာဝန်ယူမှု တာဝန်ခံမှုရှိရေး၊ တပ်နေရာချထားရေး၊ NCA စာချုပ် မချိုးဖောက်ရေး၊ NCA အချက်ပါ ချိုးဖောက်မှုများကို အရေးယူနိုင်ရေးနှင့် ပြည်သူများတိုင်ကြားသော စာများကို ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ–JMC မှ အလေးထားဆောင်ရွက်ရေး စသည့် အချက်များကို တောင်းဆိုခဲ့ကြသည်။

ထို့အပြင် စစ်ဆင်ရေးအတွက် ဖောက်လုပ်သည့် လမ်းအား ဖွံ့ဖြိုးရေး အကြောင်းပြနေခြင်း ဖြစ်ကြောင်း၊ ဒေသခံများဘက်မှ နှားလည်လက်ခံမှုများ ရှိနေသလို အဆိုပါလမ်းချဲ့ထွင်ခြင်း လုပ်ငန်းများကိုလည်း အလိုမရှိကြောင်း အချက် ၆ ချက်ပါဝင်သည့် ဗီဒီယိုဆိုင်းဘုတ်များ ကိုင်ဆောင်ကာ ငြိမ်းချမ်းစွာ လှည့်လည် ဆန္ဒဖော်ထုတ်ခဲ့ကြခြင်းဖြစ်သည်။

ဒေသခံများ ဆန္ဒထုတ်ဖော်မှု နှင့်ပတ်သက်၍ ကျောက်ကြီးမြို့ရှိ ကေအဲန်ယူ ဆက်ဆံရေးရုံး တာဝန်ခံ စောဝါးရေတိုးက 'ကျနော်တို့ မြင်တာကတော့ ကောင်းပါတယ်။ နှစ်ဦးနှစ်ဖက်က ညှိနှိုင်းဖို့လိုတယ်။ အဲဒါမှဒါကို ဖြေရှင်းလို့ရမှာဖြစ်တယ်။ အခုလောလောဆယ်တော့ ဘာအစီအစဉ်မှ မရှိသေးဘူး။ နှစ်ဖက် တပ်ဖွဲ့တွေကတော့ တွေ့ဖို့ရှိတယ်။ ဒါပေမယ့် ဒီကိစ္စကို ပြောဖို့မပြောဖို့ကတော့ မသိရသေးဘူး။ ကျနော်ထင်တာကတော့ ဒီနေ့ (KNLA နှင့် တပခ) တွေ့ဆုံပွဲမှာ ပြောဖြစ်လိမ့်မယ်။ ဒါပေမယ့် ဒီကိစ္စကိုတော့ တစ်ခါထဲ ဖြေရှင်းလို့မရဘူး။ ကျနော်တို့ တွေ့ဆုံမှု များလာရင်တော့ ဒီအကြံအခဲဟာ နည်းနည်းစီ ဖြေရှင်းသွားလို့ရမယ်'ဟု ကေအိုင်စီသို့ ပြောသည်။

မြန်မာ့ တပ်မတော်လုပ်ဆောင်သည့် လမ်းတိုးချဲ့ဖောက်လုပ်မှုကိစ္စ နှင့် ပတ်သက်၍ ကျောက်ကြီးမြို့နယ်အတွင်းရှိ ဌာနေတိုင်းရင်းသားများ အနေဖြင့် ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် ၁ ကြိမ် ဆန္ဒထုတ်ဖော်မှုပြုလုပ်ခဲ့ပြီးဖြစ်သလို KNU မူတြော်(ဖာပွန်) ခရိုင်တွင်လည်း ပြီးခဲ့သည့်နှစ်က အလားတူ ဆန္ဒထုတ်ဖော်မှုများ ရှိခဲ့သည်။

လမ်း ဖောက်လုပ်မှုများကြောင့် ယခင်နှစ် ၂၀၁၉ ခုနှစ်အတွင်း မြန်မာ့တပ်မတော်နှင့် KNU တို့ တင်းမာမှု အရှိန်မြင့်တက်လာခဲ့ရာ ၂၀၁၉ ဒီဇင်ဘာလ ၂၇ ရက်နေ့ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်– KNLA ဗဟိုမှ ဗိုလ်မှူးချုပ် မန်းရှာထူဝေါ်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးဝင်း ဦးဆောင်သောအဖွဲ့တို့ ကျောက်ကြီးမြို့ရှိ ကေအဲန်ယူဆက်ဆံရေးရုံး၌ တွေ့ဆုံ ဆွေးနွေးမှုများ လုပ်ခဲ့သော်လည်း အကျိုးဖြစ်ထွန်းသည့် ရလဒ်တစ်ခုတရာ ထွက်ပေါ်လာခြင်း မရှိသေးကြောင်း သိရသည်။

သတ်မှတ်လုပ်အားခရရှိရေး ဆန္ဒပြတောင်းဆိုကြသည့် မဲဆောက်ရှိ မြန်မာအလုပ်သမားနှင့် အလုပ်ရှင်တို့ကြား ပြေလည်မှုရရှိ

ဧနန့်ဝါရိလ ၂၁ ရက်၊ ၂၀၂၀ခုနှစ်။ စအိုင်ဆူး

သတ်မှတ်လုပ်အားခ ၃၁၅ ဘတ်ရရှိရေးအတွက် ဧနန့်ဝါရိလ ၂၀ ရက်က သပိတ်မှောက် ဆန္ဒပြခဲ့ကြသည့် ထိုင်းနိုင်ငံ၊ တာ့ခ်ခရိုင်၊ မဲဆောက်မြို့အနီး မယ်ပကျေးရွာမှ ပန်းကန်လုံးစက်ရုံ မြန်မာအလုပ်သမားများနှင့် အလုပ်ရှင်တို့အကြား ပြေလည်မှု ရရှိခဲ့ပြီးဖြစ်ကြောင်း အလုပ်သမားအရေး ကူညီဆောင်ရွက်ပေးသူများက ပြောသည်။

၂၀၂၀ ခုနှစ် ဧနန့်ဝါရိလမှစ၍ ထိုင်းနိုင်ငံ၏ တာ့ခ်ခရိုင်အတွင်း ထိုင်းဥပဒေအရ သတ်မှတ်ထားသည့် အနိမ့်ဆုံး လုပ်အားခ ၃၁၅ ဘတ်ရရှိရေးအတွက် ယင်း ပန်းကန်လုံး စက်ရုံအလုပ်သမား ၈၀၀ ကျော်က လုပ်ငန်းခွင်မဆင်းခြင်းနှင့် ထိုင်းအလုပ်အကိုင် ရှာဖွေရေးရုံးဌာနရှေ့တွင် ဆန္ဒပြခဲ့ကြခြင်းဖြစ်ပြီး တာဝန်ရှိသူများ၏ ဝင်ရောက် ဖြေရှင်းမှုကြောင့် ပြေလည်မှု ရရှိခဲ့ပြီဟု ကူညီဆောင်ရွက်ရာတွင် ပါဝင်ခဲ့သူ AAC မဟာမိတ်အဖွဲ့မှ ကိုရဲမင်းက ယခုလို ပြောသည်။

၎င်းက 'ဒီနေ့တော့ လုပ်ငန်းခွင်ပြန်ဝင်သွားပါပြီ။ မနေ့က သံအရာရှိ ကိုယ်စားလှယ်ရော၊ ကျနော်တို့ AAC အဖွဲ့ တွေကော ဝိုင်းဝန်း ညှိနှိုင်းဆွေးနွေးကြတာပေါ့။ အလုပ်ရှင်ကလာတယ်။ အလုပ်သမားရုံးရှေ့က သူ အလုပ်သမားတွေကို ပြန်လာခေါ်တယ်။ ၁၈၀ ဘတ်ပေးနေတာတွေကို ၃၁၅ ပေးပါမယ်ဆိုပြီး ထိုင်းအလုပ်သမား ကာကွယ်စောင့်ရှောက်ရေး ဌာနရုံးမှာ လူကြီးတွေရှေ့မှာ ဝန်ခံကတိလက်မှတ် ထိုးသွားတယ်' ဟု ကေအိုင်စီသို့ ပြောသည်။

ထိုသို့ ဝန်ခံကတိလက်မှတ် ရေးထိုးပြီးနောက် လာမည့် ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ သတ်မှတ်လုပ်အားခကို ပေးအပ်သွားမည်ဖြစ်ပြီး အမှန်တကယ် ပေးခြင်း ရှိ၊ မရှိအပေါ် စောင့်ကြည့် သွားရမည်ဖြစ်ကြောင်း လည်း ကိုရဲမင်းက ဆက်ပြောသည်။

ယမန်နေ့က ဖြစ်ပွားခဲ့သည့် ဆန္ဒဖော်ထုတ်မှုတွင် အလုပ်သမား ၂၀၀ ကျော်သည် ထိုင်း–မြန်မာ ချစ်ကြည်ရေးတံတား အနီးရှိ ထိုင်းနိုင်ငံ အလုပ်အကိုင်ရှာဖွေရေးရုံးဌာနရှေ့တွင် ဆန္ဒဖော်ထုတ်ခဲ့ကြသလို စက်ရုံအတွင်း ကျန်ရှိသည့် မြန်မာ အလုပ်သမား ၆၀၀ နီးပါးခန့်လည်း လုပ်ငန်းခွင် ယာယီ ရပ်နားပြီး သတ်မှတ်လုပ်အားခ ၃၁၅ ဘတ် ရရှိရေး ဆန္ဒဖော်ထုတ်ခဲ့ကြခြင်းဖြစ်သည်။

ထိုင်းနိုင်ငံအတွင်း ရွှေ့ပြောင်း အလုပ်သမားများအတွက် လုပ်အားခ တိုးနှုန်းအရ ယခုနှစ် ၂၀၂၀ ဧနန့်ဝါရိလမှစ၍ တာ့ခ်ခရိုင်အပါအဝင် ကျန်ခရိုင် ၂၁ ခု တွင် အနိမ့်ဆုံး လုပ်အားခ တစ်ရက်လျှင် ၃၁၅ ဘတ် သတ်မှတ်ပေးထားပြီး တာ့ခ်ခရိုင်အတွင်းရှိ မဲဆောက်အပါအဝင် မြို့နယ် ၄ မြို့နယ်တွင် မြန်မာရွှေ့ပြောင်း အလုပ်သမား လေးသိန်း ကျော်ရှိကြောင်း အလုပ်သမားအရေး ဆောင်ရွက်သူများက ဆိုသည်။

ထိုင်းနိုင်ငံအတွင်း စက်ရုံအလုပ်ရုံပိတ်သိမ်းမှုတစ်ချို့ရှိ သော်လည်း MoU လုပ်သားအဖြစ် ထွက်ခွာသူ များပြားဆဲ

ဧနန့်ဝါရိ ၁၂ ရက်၊ ၂၀၂၀ ခုနှစ် နေနော်

ထိုင်းနိုင်ငံအတွင်း စက်ရုံ၊ အလုပ်ရုံ ပိတ်သိမ်းမှုတစ်ချို့ ရှိသော်လည်း နှစ်နိုင်ငံ အလုပ်သမား နားလည်မှုစာချွန်လွှာ–MoU လုပ်သားအဖြစ် ထိုင်းနိုင်ငံသို့ ထွက်ခွာသူ ယခင်နှစ်ကထက် မြင့်တက်ကာ တစ်လထက်တစ်လ ပိုမိုများပြားနေဆဲ ဖြစ်ကြောင်း သိရသည်။

မြဝတီနယ်စပ်မှ တစ်ဆင့် ထိုင်းနိုင်ငံသို့ သွားရောက်လုပ်ကိုင်သူ တစ်လထက်တစ်လ၊ တစ်နှစ်ထက် တစ်နှစ်ပိုမိုများပြားလာပြီး ၂၀၁၈ ခုနှစ်အတွင်းက MoU စနစ်ဖြင့် ထွက်ခွာခဲ့သူ မြန်မာအလုပ်သမား ဦးရေမှာ တစ်သိန်းခွဲခန့်သာ ရှိခဲ့သော်လည်း ၂၀၁၉ ခုနှစ်၊ ဧနန့်ဝါရိလမှ နိုဝင်ဘာလကုန်ထိ ၁၁ လအတွင်း အမျိုးသား၊ အမျိုးသမီး စုစုပေါင်း ၂၀၀၀၀၀ ကျော် ထွက်ခွာသွားပြီဖြစ်ကြောင်း အလုပ်သမားညွှန်ကြားမှု ဦးစီးဌာနထံမှ သိရသည်။

မြဝတီနယ်စပ်မှတဆင့် ယခုနှစ် MoU လုပ်သားအဖြစ် ဧနန့်ဝါရိလတွင် အမျိုးသားအမျိုးသမီး ၁၇၄၉၉ ဦး၊ ဖေဖော်ဝါရိလတွင် ၁၇၇၄၈ ဦး၊ မတ်လတွင် ၁၆၅၉၃ ဦး၊ ဧပြီလတွင် ၁၅၄၁၁ ဦး၊ မေလတွင် ၂၀၉၅၀ ဦး၊ ဇွန်လတွင် ၁၉၁၃၉ ဦး၊ ဇူလိုင်လတွင် ၂၂၀၄၈ ဦး၊ သြဂုတ်လတွင် ၂၄၅၀၇ ဦး၊ စက်တင်ဘာလတွင် ၂၄၅၄၄ ဦး၊ အောက်တိုဘာလတွင် ၁၈၀၀၀ ဦးနှင့် နိဝင်ဘာလတွင် ၂၁၀၀၇ ဦး ထွက်ခွာသွားခဲ့ကြောင်း အလုပ်သမား ညွှန်ကြားမှု ဦးစီးဌာန စာရင်းတွင် ဖော်ပြထားသည်။

အိမ်နီးချင်း ထိုင်းနိုင်ငံသို့ ထွက်ခွာလုပ်ကိုင်သူ များပြားနေရခြင်းမှာ ပြည်တွင်း၌ အခြေခံ အလုပ်အကိုင် အခွင့်အလမ်း ရှားပါးခြင်း၊ လုပ်ခလစာ နည်းပါးခြင်းတို့ကြောင့် ဖြစ်သည်ဟု MoU လုပ်သားအဖြစ် အလုပ်သွားရောက် လုပ်ကိုင်ကြသည့် မြန်မာလုပ်သားများက ပြောသည်။

မြန်မာနိုင်ငံသားများ ပြည်ပနိုင်ငံသို့ အလုပ်သွားလုပ်သည့် နိုင်ငံများတွင် ထိုင်းနိုင်ငံသို့ အများဆုံး သွားရောက်နေကြပြီး မဲဆောက်အပါအဝင် တာ့ခ်ခရိုင်ရှိ ၉ မြို့နယ်အတွင်း မြန်မာလုပ်သား လေးသိန်းခန့် ဝင်ရောက်လုပ်ကိုင် လျက်ရှိသလို ထိုင်းနိုင်ငံတစ်ဝှမ်း လုံးတွင် လေးသန်းကျော် သွားရောက် လုပ်ကိုင်လျက်ရှိကြောင်း လည်း သိရသည်။

စက်ရုံအလုပ်ရုံ များပြားပြီး လုပ်အားခ ပိုရသော ထိုင်းနိုင်ငံ ဘက်သို့ မြဝတီနယ်စပ်မှတဆင့် တနေ့ပျမ်းမျှ လူဦးရေ ၈၀၀ နှင့် ၁၀၀၀ ကြား MoU လုပ်သားအဖြစ် တရားဝင် ပို့ဆောင်ခဲ့သော်လည်း အချို့သော အေဂျင်စီများမှာ စာချုပ်ပါအတိုင်း အလုပ်နေရာသို့ မပို့ဆောင်ဘဲ လူစုခွဲ ပို့ဆောင်ခြင်း၊ လုပ်သားများ အလုပ်လုပ်ကိုင်ရခြင်းမရှိဘဲ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သူလည်း အများအပြားရှိကြောင်း သိရသည်။

ထို့အပြင် စက်ရုံ၊ အလုပ်ရုံ ပိတ်သိမ်းလာခြင်းကြောင့် အလုပ်လက်မဲ့ဖြစ်ကာ နေရပ်သို့ ပြန်လည် ရောက်ရှိလာသူများလည်း ရှိသည်။

မဲဆောက် – မြဝတီနယ်စပ်ဂိတ်မှတစ်လကျော်အတွင်း တရားမဝင်မြန်မာလုပ်သား (၈၀၀၀) ကျော် ပြန်လည်လွှဲပြောင်းခဲ့

ဧနန့်ဝါရီ ၉ ရက်၊ ၂၀၂၀ ခုနှစ် နေနော်

ထိုင်း–မြန်မာနယ်စပ် မဲဆောက်– မြဝတီဝင်ပေါက်မှ တဆင့် တစ်လကျော်အတွင်း ထိုင်းနိုင်ငံသို့ ရောက်ရှိနေသည့် တရားမဝင် မြန်မာလုပ်သား ၈၅၀၀ ကျော်ကို မြန်မာဘက်ခြမ်းသို့ ပြန်လည်လွှဲပြောင်း ပို့ဆောင်ခဲ့သည်ဟု သိရသည်။

ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၀ ဧနန့်ဝါရိလ ၈ ရက်နေ့ထိ ရက်ပေါင်း ၃၉ ရက်အတွင်း ထိုင်းနိုင်ငံသို့ တရားမဝင် ရောက်ရှိသည့် မြန်မာလုပ်သား ၈၅၀၀ ကျော်ကို မဲဆောက်–မြဝတီ အလုပ်သမား ဆက်ဆံရေးရုံးမှ တစ်ဆင့် မြန်မာပြည်ဘက်ခြမ်းသို့ ပြန်လည်လွှဲပြောင်းခဲ့ခြင်း ဖြစ်သည်ဟု ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအရာရှိ ဦးဝေလင်းမောင်က ယမန်နေ့ ဧနန့်ဝါရီ ၈ ရက်နေ့က ယခုလို ပြောသည်။

'တခြား ဂိတ်တွေကလည်း လွှဲပြောင်းပေးတာ ရှိတယ်။ စာရင်းမချုပ်ရသေးဘူး။ ဒါက မဲဆောက် ဂိတ်တစ်ခုတည်းက စာရင်းပါ။ ကျန်ဂိတ်တွေကဖမ်းမိတာ နည်းတယ်။ လွှဲပေးတာ နည်းတယ်။ မြဝတီဂိတ်ကတော့ မဲဆောက်နဲ့ ပိုနီးတော့ အဲဒီဘက်က မြန်မာတော်တော်များများ ထိုင်းဘက် တရားမဝင် ရောက် လာတာ အများဆုံးပေါ့'ဟု ၎င်းက ဆိုသည်။

ထို့အပြင် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ တစ်လတည်းတွင် ထိုင်းနိုင်ငံထဲသို့ တရားမဝင် ရောက်ရှိလာသည့် မြန်မာလုပ်သား ၇၅၀၀ ကျော်ရှိပြီး ၂၀၂၀ ပြည့်နှစ် ဧနန့်ဝါရိလ ၁ ရက် မှ ၈ ရက်နေ့ အထိတွင် တရားမဝင် မြန်မာ အလုပ်သမား ၁၀၀၀ ကျော်ကို မဲဆောက်– မြဝတီမြို့ရှိ အလုပ်သမား ဆက်ဆံရေးရုံးသို့ လွှဲပြောင်း ပေးခဲ့ရသည်ဟု သံအရာရှိ ဦးဝေလင်းမောင်က ဆိုသည်။

ထိုင်း–မြန်မာ နယ်စပ်တွင် ဖွင့်လှစ်ထားသည့် အလုပ်သမား ဆက်ဆံရေးရုံးများဖြစ်သော မဲဆောက်၊ ချင်းမိုင်၊ တာချီလိတ် စသော်သုံးခုတွင် ထိုင်းနိုင်ငံ နယ်စပ် ဖြတ်ကျော်ခွင့် သက်တမ်း လွန်ခြင်းနှင့် အဆောက်အထားမဲ့ နေထိုင်သူများကို မြန်မာနိုင်ငံ ဘက်သို့ ပြန်လွှဲပြောင်းပေးလျက် ရှိသည်။

ထိုင်းနိုင်ငံတွင် ဗီဇာသက်တမ်း ကုန်သူများနှင့် အကြောင်း အမျိုးမျိုးကြောင့် ရောက်ရှိသူများမှာ ထိုင်းလဝကဥပဒေဖြင့် အရေးယူခံရမည် ဖြစ်ပြီးနှစ်နိုင်ငံအစိုးရ ညှိနှိုင်းမှုအရ ဖမ်းဆီးရမိသည့် မြန်မာအလုပ်သမားများကို အရေးယူမှု မပြုလုပ်ရန်နှင့် မြန်မာသံရုံးမှ ချိတ်ဆက်၍ ပြန်လည်လွှဲပြောင်း ပေးရန် ညှိနှိုင်းထားမှုများ ရှိသည်ဟု သိရသည်။

ထို့အတူ ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်တွင်လည်း မြန်မာ–ထိုင်းနှစ်နိုင်ငံ နယ်စပ်ဂိတ်များဖြစ်သော ချင်းမိုင်မြို့–တာချီလိတ်မြို့၊ မဲဆောက်မြို့–မြဝတီမြို့နှင့် ရနောင်းမြို့–ကော့သောင်းမြို့တို့မှ တစ်ဆင့် စုစုပေါင်း မြန်မာလုပ်သား ၇၄၇၃၁ ဦး လွှဲပြောင်းခဲ့ပြီး ထိုအထဲတွင် အမျိုးသား ၅၅၃၄၁ ဦး၊ အမျိုးသမီး ၁၉၃၉၀ ဦး ပါဝင်သည်ဟု ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှတ်တမ်းတွင် ဖော်ပြထားသည်။

လက်ရှိတွင် ထိုင်းနိုင်ငံ၌ မြန်မာ ရွှေ့ပြောင်းလုပ်သား ၅ သန်းနီးပါး လုပ်ကိုင်လျက်ရှိရာ ထိုအထဲတွင် တရားမဝင် ဝင်ရောက်လာသည့် မြန်မာလုပ်သား ခုနစ်သောင်းခွဲကျော်ရှိသည်ဟု ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှတ်တမ်းအရ သိရသည်။

“ကရင်ရိုရင် ဒုံးဘ့ကရိကို ရိုရမယ်”

ဒုံးခုနည်းပြ–သုတေသီ ဧောမြင့်သူ (ခ) ဧောသမ့ေဖောင်ဟိန် နှင့်မေးမြန်းခြင်း

ကရင်တို့၏ ရိုးရာယဉ်ကျေးမှုအကထဲတွင် လူသိများသည့် ကရင် ဒုံးအကနှင့် ပတ်သက်သည့် အကြောင်းအရာများ၊ ဒုံးကရာတွင် အသုံးပြုသည့် တူရိယာ၊ သီချင်း၊ နောက်ခံ အကြောင်းအရင်းများကို ဖားအံမြို့ရှိ နာမည်ကျော် ဒုံးဆရာ၊ ဒုံး သုတေသီ ဆရာစောမြင့်သူ(စောသမ့ေဖောင်ဟိန်)နှင့် ကေအိုင်စီ–ကရင်သတင်း ဌာနက တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်။

ဒုံးအက ပေါ်ပေါက်လာတာကြာပြီး၊ ပေါ်ပေါက်လာတဲ့နောက်ခံ အကြောင်းအရင်းကို ပြောပြပေးပါအုံး။

ဒုံး ဖြစ်ပေါ်လာတဲ့ အကြောင်းပြောရမယ်ဆိုရင် ကရင်လူမျိုးတွေ စရှိလာကတည်းက ရိုးရာ၊ ယဉ်ကျေးမှုအကတွေ ဧလေ့၊ ထုံးတမ်းတွေ ရှိတယ်။ ကျနော်တို့ ကရင်လူမျိုးတွေဟာ တောင်ယာ၊ လယ်၊ ဥယျာဉ်ခြံနဲ့ အသက် မွေးဝမ်းကျောင်းပြုတယ်။ တောင်ယာ သွားတယ်။ တောကောင် လိုက်တယ်။ ငါးတွေ ရှာစားတယ်။ အဲလိုနဲ့ အသက် မွေးဝမ်းကျောင်းပြုတာဖြစ်တယ်။ အဲဒီအချိန်ကတည်းက တောင်ယာတွေ၊ လယ်တွေလုပ်ပေမယ့် လည်း တစ်ဦးတစ်ယောက်ထဲသူတို့ အပိုင်ယူတာ မရှိဘူး။ တစ်ရွာလုံးက လူကြီးလူငယ်အတူတစ်ကွ စပါးစိုက်တယ်။ ရိတ်တယ်။ စပါးရွေတဲ့အချိန်၊ နားတဲ့အချိန် တွေဆိုရင် အပျို၊ လူပျိုတွေက သီချင်းဆိုတယ်။ ကတယ်။

ကတဲ့အထဲမှာ အမျိုးသမီးတွေက မကဘူး။ အမျိုးသားတွေပဲ ကတယ်။ အမျိုးသမီးတွေက လက်ခုပ်တီးရတယ်။ သီချင်းဆိုပေးတယ်။ ကတဲ့အချိန်မှာ လက်ခုပ်တီးတာ မညီရင် မရဘူး။ လက်ခုပ်တီးမှ ကလို့ပျော်တယ်။ ကြည့်လို့ ကောင်းတယ်။ ပြီးတော့ စပါးလာချွေတဲ့အချိန်မှာ ရေသောက်ဖို့ ယူလာတဲ့ ဝါးကျည်တောက်ဗူး (သောက်ရေဗူး)ကိုယူကတဲ့အချိန်မှာယူပြီး အဲဒီဝါးဗူးနဲ့ မြေကြီးကို ခေါက်ချတော့ ‘ဒုံး....ဒုံး....’ ဆိုပြီး အသံမြည်တယ်။ လက်ခုပ်တီးတဲ့ အသံနဲ့ ဝါးကျည်ထောက်ဗူး မြေကြီးကို ရိုက်ချတော့ ထွက်လာတဲ့အသံနဲ့ ကကြတယ်။ အဲဒီကတည်းကစပြီး ဒုံး ဆိုပြီး ခေါ်ဆိုလာကြတာ ဖြစ်တယ်။

ဒုံး ရှိလာတာက နှစ်ပေါင်းကြာခဲ့ပါပြီ၊ ဘိုးဘွားတွေ ပြောပြရာကနေ တစ်ဆင့် သိလာတယ်။ နောက်ပြီးတော့ ပြန်လေ့လာလို့ ပြန်သိလာတာဖြစ်တယ်။ ခုဏပြောသလို စစချင်း ဒုံးကတာက အမျိုးသားတွေပဲ စပြီးကတယ်။ အမျိုးသမီးတွေ ဘာဖြစ်လို့ မကလဲဆိုရင် ကြည့်တဲ့လူတွေထဲမှာ အမျိုးသားတွေ၊ လူကြီးတွေ၊ ရဟန်း သံဃာတွေ ပါတော့ အမျိုးသမီးကရင် မသင့်တော်ဘူးဆိုပြီး ရှေးယခင် လူကြီးတွေက အဲလိုထွေးတော့ အမျိုးသမီးတွေ မကရဘူး။ နောက်ပိုင်းမှ တဖြည်းဖြည်းနဲ့ အမျိုးသမီးတွေပါဝင် ကလာတယ်။ အရင်က ဒုံး ကရင် စင်မြင့်မရှိဘူး။ မြေကြီးပေါ်မှာပဲ ကတယ်။ ကြည့်တဲ့လူတွေလည်း မြေကြီးပေါ်မှာပဲထိုင်ကြည့်တော့ အမျိုးသမီးတွေကရင် ခြေတွေ၊ လက်တွေ ထုတ်ကရတော့ ကြည့်လို့မသင့်တော်ဘူး။ ဒီလိုနဲ့ အရင်က အမျိုးသမီးတွေကို ပေးမကခဲ့တာ ဖြစ်တယ်။

ဒုံး အမျိုးအစား ဘယ်နှစ်မျိုးရှိပါသလဲ၊ ရှင်းပြပေးပါ။

ဒုံးအမျိုးအစားကတော့ အစကနေကြည့်မယ် ဆိုရင်တော့ အဓိကတော့ ၃ မျိုးပဲရှိတယ်။ အဲဒါတွေက တော့ အမျိုးသမီးသီးသန့် ကတာတစ်မျိုး၊ အမျိုးသားသီးသန့် ကတာတစ်မျိုး၊ အမျိုးသမီးနဲ့ အမျိုးသားနဲ့ ရောပြီး ကတာ တစ်မျိုး ၃ မျိုးပဲ ရှိတယ်။ နောက်မှ ၁၂ လရာသီ ဒုံး၊ ယှားလဖလုံ ဒုံး၊ လူပျိုကြီး ဒုံး၊ ကျောင်းကဒယ်ဒုံး၊ သမင် ဒုံး၊ ကျွဲ ဒုံး ၊ မိချောင်း ဒုံး၊ မျောက် ဒုံး ဆိုပြီး နာမည် အမျိုးအစားတွေ ကွဲလာတာ ဖြစ်ပါတယ်။

ဒုံး စစချင်းဖြစ်လာတုန်းက ဘယ်လိုပုံစံမျိုးလဲ။

ဒုံးစစချင်းဖြစ်လာတာက အဆင့် ၃ ဆင့် ရှိတယ်။ ပထမအဆင့်က ခြေနှင်းဒုံး (ယါင်.တုံ.) ခြေထောက်တစ်မျိုးပဲ ကတယ် လက်မပါဘူး။ နောက်ပြီး လက်တွေနဲ့ ပြန်ကလာတယ်။ ဒါပေမယ့် အခုလို မခြန်ဘူး။ ဖြည်းဖြည်းပဲ ကတယ်။ အဲဒါက အိုင်ဒုံး (အါင်တုံ.)လို့ ခေါ်တယ်။ အိုင်ဒုံး ရှိလာပြီး နောက်ပိုင်း ကြာလာတော့ ခြေလက်မကဘဲ ခေါင်း၊ ပခုံး ပါလာပြီး ပေါ့ပေါ့ပါးပါး မြန်မြန်ဆန်ဆန် ကလာတယ်။ အဲဒါက ဒုံးအကလို့ ခေါ်တယ်။ အဲဒီကနေတစ်ဆင့်မှ ခုဏကပြောတဲ့ လူပျိုကြီး ဒုံး၊ ကျောင်းကဒယ် ဒုံး၊ ကျွဲ ဒုံးအစရှိတဲ့ ဒုံးတွေ ကွဲလာတယ်။

ဒုံးအက ကတယ်ဆိုရင် တစ်ယောက်ထဲ က တတ်လို့လည်း မရဘူး။ တစ်ယောက်ပဲ မကတတ်တာ ရှိရင်လည်း ကြည့်လို့ မကောင်းဘူး။ အမျိုးသမီး ဆိုရင်လည်း တူတူညီညီပဲ ကရတယ်။ အမျိုးသားလည်း အတူတူ၊ အညီညီပဲ ကရမယ်။ ရှေးယခင် လူကြီးတွေဆိုရင် ကရင်လူမျိုး စည်းလုံးမှု ဘယ်လောက်ရှိလဲဆိုတာကို ဒုံး အကနဲ့ ဥပမာပြလေ့ရှိတယ်။ ဒုံး အကလိုမျိုး အတူတူညီညီညာ ရှိရမယ်ဆိုပြီး ပြောလေ့ပြောထ ရှိတယ်။

ဒုံးအကထဲက သီချင်းဆိုရင် ဘယ်လိုအကြောင်းအရာကို ယူပြီး သီချင်းရေးဖွဲ့လေ့ရှိပါသလဲ ရှင်းပြ ပေးပါ။

အရင်တုန်းကဆိုရင် ရှေးယခင်လူကြီးတွေရဲ့ ရှေးရိုးစကားတွေကိုယူပြီး ရေးဖွဲ့လေ့ ရှိတယ်။ ပြီးတော့ ရွာထဲက အခြေအနေ အကြောင်းအရာတွေကို လည်း ရေးလေ့ရှိတယ်။ နောက်ပိုင်း ခေတ်တွေ ပြောင်းလဲလာတော့ ပြောင်းလဲလာတဲ့ ခေတ်ရေစီး ကြောင်းအလိုက် အကြောင်းအရာတွေကို သီကုံးရေး ဖွဲ့လာတာလည်း ရှိတယ်။ နောက်ပြီး ဒုံးအကတွေက ပြိုင်ပွဲဝင်လာတာရှိလာတော့ သွားပြိုင်မယ့်ပွဲက ဘာပွဲလဲ။ ပွဲကျင်းပတဲ့ ရည်ရွယ်ချက်က ဘာလဲ။ ပွဲကိုကြည့်ပြီး သီချင်းရေးစပ်တာတွေ ရှိလာတယ်။

ဒုံး သီချင်းထဲမှာ မောင်ယိုးလေး ... လေး.... လေး ဆိုပြီး ထည့်ရတာရှိတယ်။ အဲဒါရဲ့အဓိပ္ပာယ်က ဘာတွေလဲ ရှင်းပြပေးပါ။

လယ်လုပ်ငန်း၊ ခြံလုပ်ငန်းကနေ လုပ်ကိုင်လာတာကတစ်ဆင့် ဒုံးဆိုတာဖြစ်လာတယ်လို့ လူကြီးတွေက ပြောတာရှိတယ်။ နောက်တစ်ခုကတော့ လူကြီးတွေက ပြန်စဉ်းစားလာတာက ဒုံး စစချင်း ဖြစ်လာတုန်းက အမျိုးသားတွေပဲ ကတယ်ဆိုတော့ ဒုံးဖြစ်လာတာဟာ ဘုန်းကြီးပျံဝဲကနေ တဆင့်လား ပေါ့နော်။ ဘာဖြစ်လို့ ပြောရလဲဆိုရင် အရင်တုန်းက ဘုန်းကြီးပျံဝဲတွေမှာ အမျိုးသားတွေကြီးပဲ ပြသာဒ်ကို ထမ်းပြီး ခြေထောက်တွေပဲက ရတယ်လေ။ အဲဒီကနေတစ်ဆင့် ဖြစ်လာတာလားပေါ့၊ အဲလိုစဉ်းစားတာတွေရှိတယ်။ အရင်တုန်းက ဘုန်းကြီးကို သင်္ဂြိဟ်ခါနီးမှာ ပြသဒ်ပေါ်မှာရှိတဲ့ ဘုန်းကြီးရုပ်ကလာဒ်ကို မီးရှို့ဖို့က ဝါးထဲမှာ ယမ်းထည့်ထားတဲ့ကရင်လို(ကလောက်ယို) ခေါ်တယ်။ အဲဒါကို အပေါ်မှာ လှမ်းပစ်ရတယ်။

ရှေးယခင်းတုန်းက ကရင်အမျိုးသားတွေဟာ အချင်းချင်းဆိုရင် ကရင်လိုမောင် လို့ခေါ်ကြတယ်။ နောက်ပြီး ခုဏကပြောတဲ့ ကလောက်ယိုကလေးတော့ အဲဒီကလောက်ယိုကို ထမ်းရင်နဲ့ဝေယော်၊ သုံး ယောက်၊ ထမ်းရတယ်။ ထမ်းတဲ့အချိန်မှာ လမ်းလျှောက်တော့ မြန်တဲ့လူရှိသလို နေးတဲ့လူလည်း ရှိတယ်။ နေးတဲ့ လူတွေကတော့ မြန်တဲ့လူကိုခေါ်ရင် မောင်ယို ခဏစောင့်အုံး၊ မောင်ယိုဆိုပြီး ခေါ်တော့ အဲဒီကနေတဆင့် ဒုံးအကထဲမှာ မောင်ယို သုံးတယ် လို့ ပြောကြတာ ရှိတယ်။ မောင်ယိုကနေတဆင့် နှစ်ပေါင်းကြာလာပြီး သီချင်းအသံတွေ စွဲဆိုရတဲ့ အခါကျတော့၊ မောင်ယို့ ဆိုပြီး အသံထွက်လာတာ ဖြစ်တယ်။ အဲလို ရှိတယ်လို့ ပြောတယ်။

ဒုံးအကထဲက ကကွက်တွေက ဘယ်အရာကိုအခြေခံပြီး ကတာလဲ။

ဒုံးအက ကတဲ့အခါမှာ သရုပ်ဆောင်ကပြရတဲ့ အခြေခံကကွက် အမျိုးအစား ၅ မျိုး ရှိတယ်။ အဲဒါကတော့ ခေါင်း၊ ခါး၊ ခြေ၊ လက်၊ ပုခုံး အားပြုပြီး ကရတဲ့ ကကွက်တွေ ဖြစ်ပါတယ်။ ကရင်လို ဆိုရင်တော့ (ထိုဝ်.သာ)၊ (လယ်လဝ်.သာ)၊ (ယုက်ယုက်သာ)၊ (ထိုယင်.သာ)၊ (ခွိုက်ယှူ) ဆိုပြီး ၅ မျိုးရှိတယ်။ ကတဲ့အချိန်မှာ ခြေလက်မြွှေက်တာ ပေါ်အောင် အကွက်ကို အတန်းလိုက် ကကွက်စီတယ်။

ကတဲ့အခါမှာ ပြေးပြီး ကရတာ ရှိတယ်။ ထိုင်လိုက်၊ ထလိုက် ကရတာ ရှိတယ်။ ကကွက်ဖော်အတန်းလိုက်နဲ့ ကမှ အမျိုးသားရော၊ အမျိုးသမီးရော ကကွက်တွေ ပေါ်တယ်။ ကြည့်လို့လည်း ကောင်းတယ်။ ကြည့်ရတာလည်း မပျင်းတော့ဘူး။ မြူးမြူး၊ ကြွကြွ ဖြစ်တာပေါ့။ ကကွက် ဖော်တာကတော့ ဒုံးဆရာအပေါ်မှာပဲ မူတည်တယ်။ ကကွက်တွေ မရိုးအောင် ကြည့်ရှုသူပရိသတ်အတွက် မရိုးအောင် အသစ်သစ် ပြန်ထွင်လာတာ အခု လက်ရှိ အချိန်ထိပါပဲ။

ဒုံးအကထဲမှာ ရာဧည့်ာက ဘာကြောင့် ပါရသလဲ၊ ဒုံးနဲ့ အတူတူ ဘာကြောင့်တွဲဖက် သီးဆိုကပြရလဲ ဆိုတာ ရှင်းပြပေးပါ။

ရာဧည့်ာနဲ့ ဒုံးနဲ့က တူတူပဲဖြစ်လာတယ်။ ရာဧည့်ာစကားက ပါဠိစကားကနေ ဆင်းသက်လာတာ။ ပါဠိပျက်ပေါ့နော်၊ အဓိပ္ပာယ်က ဆုတောင်းခြင်း ဖြစ်တယ်။ ဘာကြောင့် ရာဧည့်ာ ပါရသလဲဆို ရင် ဟိုးအရင်တုန်းက ဒုံး ကပြီးရင် တိတ်ဆိတ်သွားပြီး။ ကြည့်တဲ့ပရိသတ်တွေက ဆုတောင်းစကား ရာဧည့်ာ ဆိုရိုးရှင်းရင် ဒုံးအဖွဲ့ ထဲက အသံအကောင်းဆုံး တစ်ယောက်ကို ရွေးပြီးဆို ရတယ်။ အရင်တုန်းကတော့ ဒုံးအကပြီးမှ ရာဧည့်ာဆိုတာပေါ့။ နောက်ပိုင်းမှာ ရာဧည့်ာဆိုတဲ့လူက တဖြည်းဖြည်းနည်းလာတော့ ပျောက်သွားမှာ စိုးရိမ်တဲ့အတွက် လူကြီးတွေက ရာဧည့်ာကို ဒုံးမစခင်မှာ အရင်ဆိုခိုင်းလိုက်တယ်။

ရာဧည့်ာ တစ်မျိုးပဲသီးသန့်၊ ဆိုပါဆိုရင်လည်း သူများသိပ်မကြည့်နိုင်ဘူး။ အဲဒါကြောင့် ဒုံးနဲ့ ဆက်နွယ်တယ် ဆိုတော့ ဒုံးမကခင် အချိန်မှာ ဒုံးအဖွဲ့ထဲက အသံအကောင်းဆုံးတစ်ယောက်ကို ရွေးပြီး ရာဧည့်ာ ဆိုခိုင်းတာ ဖြစ်တယ်။ အရင်တုန်းကတော့ ရာဧည့်ာ သီချင်းဆိုတဲ့လူသေးနားမှာ သွားပြီးကလို့ ရတယ်။ အဲဒီသွားကတဲ့ လူကလည်း သွားကချင်တိုင်း ကလို့ မရဘူး။ ဆုတစ်ခုခုပေးမှ တွဲကလို့ ရတယ်။ ဆုပေးတယ်ဆိုတာက တန်ဖိုးကြီးဆု မဟုတ်ဘူး။ အရင်တုန်းကဆို ဆေးလိပ်တစ်လိပ်ဖြစ်ဖြစ် ပေးရတယ်။ ပေးပြီးပေမယ့် ရာဧည့်ာဆိုတဲ့လူက နာမည် မခေါ်ရင် ဝင်ကလို့ မရဘူး။ နာမည်ခေါ်ပြီးမှ ဝင်ကလို့ရတယ်။

ရာဧည့်ာ သီချင်းကို သွားကမယ့် ပွဲအပေါ်မူတည်ပြီး ရေးစပ်ရတယ်။ ရိုးရာခေလေ့ပွဲတယ်ဆိုရင် ပွဲနဲ့သက်ဆိုင်တဲ့ အကြောင်းအရာ၊ အလှူပွဲတို့ နာရေးပွဲတို့ ဆိုရင် တစ်ဦးတစ်ယောက်အတွက် ပွဲဖိတ်တဲ့ အလှူရှင်အတွက် ဆုတောင်းသီချင်း ရာဧည့်ာ ဆိုရတာတွေ ရှိပါတယ်။ နောက်တစ်ခုက ဒုံးထဲမှာ နောက်ထိုင်က မရှိမဖြစ် ပါရတယ်။ နောက်ထိုင်ပေးပျောက်လို့မရဘူး သမိုင်းရှိတယ်။ အရင်တုန်းကတော့ ဒုံးကတဲ့အချိန်မှာ အတီးအမှုတ်တီးတဲ့ လူတွေကို အနောက်က သီချင်းဆိုတဲ့လူတွေကော ပရိသတ်တွေနဲ့အတူ ထိုင်တယ်။ အဲဒီက တည်းက နောက်ထိုင်က ရှိထားတာ။

နောက်ပိုင်း ပြိုင်ပွဲကျင်းပလာကြတာ ရှိလာတော့ စင်တွေနဲ့ကရတယ်။ စင်တွေရှိလာတော့ အရှေ့မှာ ပရိသတ်နဲ့အတူ ပေးထိုင်လို့ မရတော့ဘူး။ ဒုံး ကတဲ့သူတွေရဲ့အနောက်မှာ အတီးအမှုတ်သမားတွေနဲ့ အတူတူ မတ်တပ်ရပ်ရတာဖြစ်တယ်။ အခုမှ နောက်ထိုင်ဆိုတဲ့ စကားလုံးက နားထောင်မကောင်းဘူး။

တစ်ဘက်စာမျက်နှာသို့ ▶▶▶

တပ်မတော်၏ ဒရုန်းယာဉ်များဖြင့် စုံစမ်းထောက်လှမ်းခံရမှုအပေါ် KNU ကန့်ကွက်၊ နှစ်ဖက်ယုံကြည်မှု ပျက်ပြားစေသည်ဟု ပြော

ဧနန့်ဝါရိုလ ၂၃ ရက်၊ ၂၀၂၀ ခုနှစ်
စအိုင်ဆူး

အစိုးရ တပ်မတော်၏ ဒရုန်းယာဉ်များဖြင့် စုံစမ်းထောက်လှမ်းခံနေရကြောင်း ကရင်အမျိုးသားအစည်းအရုံး–KNU တပ်မဟာ(၅)မှ ဧနန့်ဝါရိုလ ၂၁ ရက်၊ ရက်စွဲဖြင့် ကရင်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC-S) ထံသို့ ကန့်ကွက် အကြောင်းကြား စာ ပေးပို့ခဲ့သည်။

၂၀၁၈ ခုနှစ်ဖုတ္တ၍ တပ်မတော်မှ ၎င်းတို့၏ တပ်ရင်းဌာနချုပ်များကို နှစ်ပတ်တစ်ကြိမ်ခန့် လာရောက်စုံစမ်း ထောက်လှမ်းခံရခြင်းဖြစ်ပြီး အဆိုပါလုပ်ရပ်များသည် ပြည်သူနှင့် ၎င်းတို့၏ လုံခြုံရေးအတွက် ခြိမ်းခြောက်ခံရသလို နှစ်ဖက်အပြန်အလှန် ယုံကြည်မှုပျက်ပြားစေသည်ဟု ကေအဲန်ယူ တပ်မဟာ (၅) ရုံးထိုင်မှုးက ပြောသည်။

၎င်းက 'သူတို့က များသောအားဖြင့် ညပိုင်းတွေမှာ လွှတ်တာတွေ့ရတယ်။ အရင် ၂၀၁၈ ခုနှစ် တုန်းက တစ်ကြိမ်၊ နှစ်ကြိမ်လောက်ပဲလာတယ်။ ဒီ ၂၀၁၉ က နေစပြီး များလာတယ်။ ကျနော်တို့ တပ်ရင်းတပ်စခန်းတွေ ရှိတဲ့ နေရာ၊ တပ်မဟာတွေ ရှိတဲ့နေရာတွေကို များသောအားဖြင့် လာတယ်။ ရွာတွေအပေါ်မှာ ပျံတဲ့အချိန် ငြိမ်နေတဲ့အခါမှာ ရွာသားတွေ ဓာတ်ပုံရိုက် ယူထားတာတွေလည်း ရှိတယ်'ဟု ပြောသည်။

ထိုသို့ လာရောက်ပျံသန်းသွားသည့် ဒရုန်းယာဉ်များကို ပြန်လည် စုံစမ်းထောက်လှမ်းကြည့်သည့်အခါ နီးစပ်ရာ မြန်မာ့ တပ်မတော်စခန်းများ တည်ရှိရာနေရာများသို့ ဆင်းသက်သွားသည်ကို တွေ့ရပြီး အဆိုပါ ကိစ္စရပ်အပေါ် နှစ်ဖက်ခေါင်းဆောင်များ တွေ့ဆုံဖြေရှင်းပေးရန် လိုအပ်ကြောင်း လည်း ဗိုလ်မှူး စောကလယ်ဒို့က ဆက်ပြောသည်။

အဆိုပါကိစ္စရပ်အပေါ် ကရင် ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC-S) ရုံးသို့ ကန့်ကွက်စာပေးပို့ခဲ့ရာတွင် ၎င်းလုပ်ရပ်များသည် တပ်မတော်ဘက်က တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် (NCA) အခန်း(၃) ပါ အချက်များနှင့် နှစ်ဖက်လိုက်နာရမည့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်များပါအချက်များ ချိုးဖောက်ကြောင်း ပါရှိသည်။

အဆိုပါ ကိစ္စရပ်နှင့်ပတ်သက်ပြီး JMC-S အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်မှူးကြီး သန်းထွန်းအောင်က 'ကျနော်တို့ဆီကိုတော့ ကန့်ကွက်စာတော့ မရောက်သေးဘူး။ အမှန်တကယ်ကတော့ JMC ရုံးကိုတော့ ရောက်မှာပေါ့လေ။ အဲ့ဒီရုံးကိုတောင် မရောက်သေးဘူး ခင်ဗျ။ ကျနော်တို့ကတော့ တစ်လတစ်ခါ ဒီတိုင်ကြားစာ ရှင်းတဲ့ဟာ ကေအဲန်ယူ ဘက်က ပဒိုရွှေမောင်း (ခွဲးပလာယာခရိုင် ဥက္ကဋ္ဌ)တို့ပါတယ်။ အဲ့ဒါကိုတော့ တစ်လတစ်ခါ ဆောင်ရွက်ပါတယ်' ဟု ပြောသည်။

ကေအဲန်ယူ တပ်မဟာ(၅) ဒေသဘက်တွင် မြန်မာ့တပ်မတော် တပ်စခန်းပေါင်း ၈၀ ခန့် ရှိပြီး အထူးသဖြင့် အရှေ့တောင်တိုင်း စစ်ဌာနချုပ်(၁)၏ စစ်ကွပ်ကဲရေးဌာနချုပ်(၁)၏ လက်အောက်ခံ ခြေလျင်တပ်ရင်း (၁၉)၊ ခြေမြန်တပ်ရင်း(၃၄၁)နှင့် (၃၄၀)စသည့် တပ်ရင်းများ အထူးလှုပ်ရှားလျက် ရှိကြောင်း ကေအဲန်ယူ တပ်မဟာ (၅)ဘက်က ဆိုသည်။

NCA အပစ်ရပ် သဘောတူညီချက်ပါ အခန်း(၃)၊ အပိုဒ်(၅)၊ အပိုဒ်ခွဲ(က)(ခ)အရနှင့် စစ်ဘက်ဆိုင်ရာ ကျင့်ဝတ် (COC) အခန်း(၃) အပိုဒ် (၈)၊ အပိုဒ်ခွဲ (က)(ခ)အရ အပစ်ရပ်နယ်မြေအတွင်း တစ်ဖက်နှင့် တစ်ဖက်အကြား နယ်မြေစိုးမိုးမှု တပ်လှုပ်ရှားခြင်း၊ ကင်းထောက်ခြင်း၊ အင်အားတိုးချဲ့ခြင်း၊ လက်နက်ကိုင် တိုက်ခိုက်မှုများ၊ မိုင်းထောင်ခြင်းများ၊ အကြမ်းဖက် တိုက်ခိုက်မှုများ၊ ရုပ်ဝတ္ထုပစ္စည်းများ ဖျက်ဆီးခြင်းများနှင့် ထိုးစစ်ဆင်ခြင်းကို ရပ်ဆိုင်းရန်အပြင် တစ်ဖက်နှင့်တစ်ဖက် ရန်မူသည့် (သို့မဟုတ်) စော်ကားမှု ဖြစ်စေသည့် တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်သည့်လုပ်ရပ်များကို မပြုလုပ်ရဟု ပါရှိသည်။

စာသင်ကျောင်းရှိကရင်အမျိုးသားအလံတိုင် ဖျက်ဆီးခံရမှုအပေါ် KNU ဘိတ်–ထားဝယ်ခရိုင်ကန့်ကွက်

ဧနန့်ဝါရီ ၆ ရက်၊ ၂၀၂၀ ခုနှစ်

တနသ်ာရီ တိုင်းဒေသကြီး၊ တနသ်ာရီမြို့နယ် သဲဖြူကျေးရွာအခြေခံပညာ မူလတန်းကျောင်းအတွင်း နိုင်ငံတော်အလံနှင့် ယှဉ်လျက် ရွာသူရွာသားများ စိုက်ထူထားသည့် ကရင်အမျိုးသား အလံတိုင် ဖြိုလဲဖျက်ဆီးခံရမှုအပေါ် ကန့်ကွက်စာပေးပို့သွားမည်ဖြစ်ကြောင်း KNU-ကရင်အမျိုးသား အစည်းအရုံး၊ ဘိတ်–ထားဝယ်ခရိုင်က ပြောသည်။

ဧနန့်ဝါရိုလ ၁ ရက်နေ့က မြိတ်ခရိုင်၊ သဲဖြူကျေးရွာ ဒေသခံများအပါအဝင် ကျောင်းတာဝန်ရှိသူများမှ အဆိုပါကျောင်းဝင်းအတွင်း ကရင်အမျိုးသားအလံအား စိုက်ထူမှုများပြုလုပ်ခဲ့ပြီးနောက် ဧနန့်ဝါရိုလ ၂ ရက်နေ့ည ၉ နာရီခွဲအချိန်ခန့်က နယ်မြေခံမြန်မာ့တပ်မတော်မှ တပ်ဖွဲ့ဝင် အင်အား ၂၀ ခန့် လာရောက်ပြီး ဖျက်ဆီးခဲ့ခြင်း ဖြစ်သည်ဟု ဒေသခံများက ပြောဆိုသည်။

အဆိုပါကိစ္စ နှင့်ပတ်သက်၍ ထားဝယ်မြို့ရှိ KNU ဆက်ဆံရေးရုံး တာဝန်ခံ ပဒိုဝင်းခိုင်က 'ကျနော်တို့ JMC ကိုပဲ ကန့်ကွက်စာပို့ရမှာပေါ့။ ဘာဖြစ်လို့လဲဆိုတော့ NCA ရဲ့စာချုပ်အရက သြဇာအင်အားမသုံးဘဲနဲ့ ငြိမ်းချမ်းစွာ ဖြေရှင်းသွားရမယ်ဆိုတဲ့ သဘောတရားက ပျောက်ဆုံးသွားတယ်လေ။ ဒီကိစ္စက ညှိနှိုင်းလို့ရတဲ့ကိစ္စပဲဟာ။ လက်မခံရင် လက်မခံဘူး။ ညှိနှိုင်းတာမရှိဘဲနဲ့ သွားလုပ်တော့ မိုးလင်းတော့ အကုန်လုံးစိတ်မကောင်း ဖြစ်ကြရတာပေါ့'ဟု ကေအိုင်စီသို့ ပြောသည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA လက်မှတ်ရေးထိုးပြီး နောက်ပိုင်း KNU ဘိတ်–ထားဝယ်ခရိုင်အတွင်း အလားတူဖြစ်စဉ်များ ဖြစ်ပွားခဲ့ဖူးခြင်းမရှိသလို လတ်တလော ဖြစ်ပွားခဲ့သည့် ကိစ္စနှင့်ပတ်သက်၍ KNU ဘိတ်–ထားဝယ် ခရိုင်အနေဖြင့် JMC အဆင့်ဆင့်ထံ စာရေးသား ပေးပို့ကန့်ကွက်သွားမည် ဖြစ်ကြောင်းလည်း ၎င်းက ဆက်ပြောသည်။

သဲဖြူ(ဖုံဝါး)ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းသည် အစိုးရ၏ စာသင်ကျောင်းတစ်ကျောင်းဖြစ်ပြီး အစိုးရပညာရေးသင်ရိုးညွှန်းတမ်းအပြင် ကရင် စာပေကိုပါ တွဲဖက်သင်ကြားပေးသည့်အတွက် ကိုယ်ထူကိုယ်ထ ဖြင့် ကရင်အမျိုးသားအလံကို နိုင်ငံတော်အလံနှင့်အတူ လွှင့်ထူရန် လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး သက်ဆိုင်ရာ အဆင့်ဆင့်ထံ စာရေး တင်ပြရန် ပျက်ကွက်ခဲ့မှုနှင့် ခွင့်ပြုချက်မရှိဘဲဆိုကာ ရေဖြူမြို့နယ် အခြေစိုက် ဗျူဟာမှူး ဗိုလ်မှူးကြီးဝင်းသူထက်နှင့် တပ်ဖွဲ့ဝင်များက လာရောက်တားမြစ်ခဲ့ခြင်း ဖြစ်ကြောင်း ဒေသခံများက ပြောသည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် –NCA အခန်း (၁)အခြေခံမူ၊ အပိုဒ် (၁)၊ အပိုဒ်ခွဲ (စ) တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မိတ်ဆေးထိုင်းကြသော တိုင်းရင်းသားလူမျိုးများ၏ နောက်ခံသမိုင်း၊ ရိုးရာယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကားနှင့် အမျိုးသားလက္ခဏာများ မတူကွဲပြားမှုကို လက်ခံ အသိအမှတ်ပြု၍ လူမျိုးပေါင်းစုံ၊ ဘာသာစကား ပေါင်းစုံတို့ဖြင့် ပြည်ထောင်စုလက္ခဏာတစ်ရပ်ကို နိုင်ငံသားအားလုံး စုပေါင်းဖော်ဆောင်ရန် ဟူ၍ ပါရှိသည်။

ယခုဖြစ်စဉ်မှာ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေ၊ အခန်း(၃)၊အပိုဒ် (၄)၊ အပိုဒ်ခွဲ(ဂ) တွင် မိမိတို့၏ယဉ်ကျေးမှု၊ လေ့ထုံးတမ်းအရ ဆောင်ရွက်သော အခမ်းအနားများနှင့် နေ့ထူးနေ့မြတ်များအား လွတ်လပ်စွာ ကျင့်ပခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားမှုနှင့် ဆွေဖည်နေကြောင်းလည်း KNU က ထောက်ပြ ပြောဆိုသည်။

ကရင်အမျိုးသား အလံတိုင် ဖျက်ဆီးခံရမှုနှင့် ပတ်သက်၍ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် ပြောခွင့်ရသူ ဗိုလ်မှူးကြီး သန့်ဇင်ဦးအား ကေအိုင်စီ က ဧနန့်ဝါရိုလ ၆ ရက်နေ့တွင် ဖုန်းဖြင့် ဆက်သွယ်သော်လည်း ဆက်သွယ်၍ မရခဲ့ပေ။

ကရင်အမျိုးသားအလံ လွှင့်ထူမှု တားဖြစ်ခံရသည့် ဖြစ်စဉ်များမှာ KNU နှင့် မြန်မာအစိုးရတို့ နှစ်ဖက်ထိစပ် အုပ်ချုပ်နယ်မြေများအတွင်း ဖြစ်ပွားခဲ့မှုများရှိခဲ့ပြီး ၂၀၁၈ ခုနှစ်၊ ဧပြီလကလည်း ကြာအင်းဆိပ်ကြီးမြို့နယ်၊ KNU ဒုံးပလာယာခရိုင်၊ ဝင်းရေးမြို့နယ် တွင်းရှိ အစိုးရမူလတန်းကျောင်းတွင် ဖြစ်ပွားခဲ့ဖူးသည်။

▶▶▶ တစ်ဘက်စာမျက်နှာမှအဆက်

ပြောင်းချင်ပေမယ့် ပြောင်းလဲလို့ မရဘူး။ သူ့သမိုင်းနဲ့ သူလာခဲ့တာ ဖြစ်ပါတယ်။

ဒုံးအက တိုက်ပြိုသွားပြီးဆိုရင် နတ်တင်ရတာ ရှိတယ်၊ နတ်တင်ရတဲ့အဓိပ္ပါယ်ကို ရှင်းပြပေးပါ။

နတ်တင်တာက ယုံကြည်မှုတစ်ခုပဲ။ ဒုံးရဲ့ အင်္ဂါရုပ်ထဲမှာတော့ မပါဘူး။ ရွာရဲ့ လုပ်ရိုး၊ လုပ်စဉ် ယုံကြည်ချက်တွေ ဦးဆောင်သူ ယုံကြည်ချက်တွေ ပါပဲ။ တစ်ရွှိုရွာတွေက မလုပ်တာရှိတယ်။ တရွှိုလုပ်ရင်လည်း တစ်ရွာနဲ့တရွာ လုပ်ရိုးလုပ်စဉ် ယုံကြည်ချက် မတူဘူး။ လုပ်ပုံလုပ်နည်းတွေ မတူတာရှိပါတယ်။ တရွှိုက နတ်တင်လိုက်ရမှ ပြိုင်ပွဲဝင်ကတဲ့ အချိန်မှာ စိတ်ပျော်ရွှင်စေတယ်။ အနောင့်အယှက်တွေ မရှိဘူး။ အဲလိုယုံကြည်မှုတွေနဲ့ပေါ့။ မလုပ်လည်း ရပါတယ်။ နတ်တင်တဲ့အချိန်မှာ နတ်ပင့်ထားတယ်ဆိုတော့ မြေချ(နတ်ပြန်ပို့)၊ နတ်ပြန်ပို့ပြီးဆိုရင် ဒုံးဖြုတ်လိုက်ပြီး ဒီတစ်နှစ်တော့ မကတော့ဘူး။ အဲဒါတွေတော့ ရှိပါတယ်။

ဒုံးပြိုင်ပွဲဝင်မယ်ဆိုရင်၊ သတ်မှတ်ချက် ဘယ်လိုတွေ ရှိပါသလဲ။

ဒုံးပြိုင်မယ်ဆိုရင် သတ်မှတ်ချက်တွေက အများကြီး ရှိပါတယ်။ ကတဲ့အချိန် အမျိုးသမီးနဲ့ အမျိုးသား ပါဝင်မှု အရေအတွက် တူရမယ်။ အရပ် အနိမ့်အမြင့်လည်း တူရမယ်။ ဒုံးကမယ့်သူတွေထဲမှာ အရပ်အနိမ့်အမြင့် မတူဘူး။ မတူပေမယ့်လည်း စိတတ်ရင် မသိသာဘူးပေါ့။

ဝတ်စားဆင်ယင်မှုအပိုင်းကတော့ အမျိုးသမီးဆိုရင် ခေါင်းပေါင်း ပေါင်းပြီးအရှေ့မှာ ခေါင်းပေါင်းအစကို ဘေး တစ်ဖက်စီချရတယ်။ ချတဲ့အခါမှာလည်း နှစ်ဖက်စလုံး ညီရမယ်။ လုံချည်ဝတ်ရင်း အားလုံး ဘယ်ဖုံး ဝတ်ရတယ်။ အမျိုးသားဆို ခေါင်းပေါင်း ပေါင်းရင် ညာဘက်ချရတယ်။ ဘာဖြစ်လို့လဲဆိုရင် အမျိုးသားတွေက ညာလက်ရုံးဆိုရင်း အားပိုကြီးတယ်။ ညာဘက်လက်က ဘုန်းကြီးတယ်၊ ဆိုတဲ့အယူအဆနဲ့ ပြတာလည်း ပါတယ်။ ဒုံး ကတဲ့ အမျိုးသားတွေက အောက်ခံ အင်္ကျီလက်ရှည်အဖြူရောင် ခံဝတ်တာက ကြည့်လို့ ကောင်းအောင်ပါ။ နောက်ပိုင်းမှ ပြန်ဝတ်တာ ဖြစ်တယ်။

အရင်တုန်းကဆိုရင် အပေါ်ကရင်အင်္ကျီ တစ်ထည်ပဲ။ အပျိုး၊ လူပျိုကတဲ့ ဒုံးဆို အမျိုးသားတွေ အောက်ခံအင်္ကျီ အဖြူရောင် ဝတ်တယ်။ ကျနော်တဲ့ ကျောင်းကဒယ် ဒုံး၊ ကျဲ ဒုံး၊ လူပျိုကြီး ဒုံး၊ တွေကတော့ ကရင်အင်္ကျီ တစ်ထပ်ပဲ ဝတ်ပါတယ်။ နောက် တစ်ခုက ကကွက်တွေမရိုးအောင် ဒုံးဆရာတွေက ပြန်ဆန်းသစ်ထွင်ကြတယ်။ ဒါပေမယ့် ကိုယ့်ရဲ့ ဒုံး ကကွက် မပျောက်အောင်တော့ တီထွင်ရတာပေါ့။

ဒုံးကတဲ့အခါအသုံးပြုရလေ့ရှိတဲ့ တူရိယာတွေ အကြောင်းကိုလည်း ပြောပြပေးပါ။

ဒုံး အကထဲမှာတူရိယာပစ္စည်း ၇ မျိုး ပါဝင်ရပါတယ်။ ထား(အိုးစည်)နဲ့ ဘင်၊ ဝါးလက်ခုပ်၊ နဲ့၊ ဖာစည်၊ ကျဲချို့၊ မောင်းအသေး၊ လင်းကွင်းအသေး၊ လင်းကွင်းအကြီး အဲဒါတွေ ပါရတယ်။ ဒါက ကြည့်ရှုတဲ့လူ ကြည့်လို့ ကောင်းအောင်။ တက်ကြွတဲ့ အသံရှိအောင်၊ ဒီတူရိယာပစ္စည်းတွေ ပြန်ထည့်ရတာ ဖြစ်တယ်။ အရင်ဘိုးဘွား စဉ်ဆက်တုန်းကကတော့ ဝါးကျည်ထောက်ပူးနဲ့ပဲ ခေါက်ပြီး ကတယ်။ အဲဒီဝါးကျည်ထောက်ပူးနဲ့ ခေါက်ပြီး တမျိုးထဲသုံးရင် အခုလို တိုးတက်လာတဲ့အချိန်မှာ ကြည့်လို့ ဘယ်ကောင်းမလဲ။ အဲဒါကြောင့် ဒီတူရိယာတွေကို နောက်ပိုင်း ပြန်ထည့်တာ ဖြစ်တယ်။

အခုလက်ရှိဒုံးလောက အခြေအနေ ဘယ်လိုရှိလဲ။

ဒုံးတစ်ဒုံး ဖြစ်ဖို့က ပိုက်ဆံ သိန်း ၁၀၀၊ သိန်း ၂၀၀ မရှိရင် ဒုံးဖြစ်ဖို့က မလွယ်ဘူး။ အဲလိုကုန်ကျမှုများတော့ ရွာသေးတွေက လုပ်လို့မနိုင်တော့ ၄ ရွာ ၅ ရွာစုပြီး ဒုံး တစ်ဒုံး လုပ်တယ်။ ဒုံး စဖွဲ့ပြီးဆိုရင် ဦးဆောင်တဲ့လူတွေ ဒုံးဆရာတွေ လိုအပ်တယ်။ အချိန်ပေးနိုင်ရမယ်။ ဒုံး ကပြီဆိုရင် အချိန်ပေးရတော့ တချို့မိဘတွေက ပေးမကဘူး။ မိဘပေးကတဲ့ ကလေးတွေကျ တချို့က မကချင်ဘူး။ တချို့ ကလေးတွေက ရတာကိုပဲကြည့်တာရှိပြန်တယ်။ ဒီဒုံးအဖွဲ့က အင်္ကျီတစ်ထည်ပဲရတယ်။ ဟို ဒုံးမှာက နှစ်ထည် ရမယ်။ မုန့်ဖိုး များများ ရမယ်။ အဲလိုကြည့်တာတွေလည်းရှိတော့ ကတဲ့သူတွေ တဖြည်းဖြည်း နည်းလာတယ်။ နောက်တစ်ခုက အမှတ်ပေးတဲ့ဒိုင်တွေက အမှတ်ပေးဆုံးဖြတ်တဲ့အခါမှာ ဆုရသင့်ရထိုက်တဲ့ ဒုံးက မရတဲ့အခါကျတော့ တချို့က စိတ်ဝင်စားလာမှု နည်းတယ်။

တချို့ကျတော့ သူတို့အားပေးတဲ့ ဒုံး ဆုရချင်တဲ့ ဒုံးဆုမရရင် ငြေပြီး၊ နာမည်လိုက်ဖျက်ပြီး။ ဒါက အရမ်းရှက်ဖို့ ကောင်းပါတယ်။ ကိုယ့်လူမျိုးအတွက်လည်း မကောင်းဘူး။ ပြိုင်ပွဲဝင် ဒုံး ကောင်းကောင်း တစ်ဒုံး ဖြစ်ဖို့က အဖက်ဖက်က ပိုင်းဝန်းပံ့ပိုးပေးနိုင်မှ ကောင်းတဲ့ ဒုံး တစ်ဒုံး ထွက်မှာ ဖြစ်တယ်။ ဒုံး အက ပြိုင်တယ်ဆိုတာ ရိုးရာ၊ ယဉ်ကျေးမှု အကကို ထိန်းသိမ်းဖြင့်တင်ခြင်း တမျိုးပါပဲ။ ကျနော်တို့ ကရင်လူမျိုးမှာ အားနည်းချက် တစ်ခုက တကယ်လို့ ဒုံး ကတဲ့ အဖွဲ့ ၅ ဖွဲ့၊ ၆ ဖွဲ့ ရှိလာရင် မပြိုင်ဘူးဆိုရင် ဖြစ်သလိုပဲ ကတဲ့အကျင့် တစ်ခု ရှိတယ်။ ညညဉာဉာ မကတော့ဘူး။ ခေါင်းပေါင်း ပြုတ်ရင်လည်း ဂရုမစိုက်ဘူး။

သီချင်းဆိုတာလည်း အပေါက်မတည့်တော့ဘူး။ တူရိယာပစ္စည်းတွေ မစုံလည်း ရတယ်။ အဲလို သဘောထားနဲ့ လုပ်တတ်ကြတယ်။ အဲဒါကြောင့် အဲဒီလိုတွေမဖြစ်အောင် ကိုယ့်ရိုးရာယဉ်ကျေးမှု ထိန်းထိန်းသိမ်းသိမ်းရှိအောင်၊ တန်ဖိုးထားတတ်အောင် ဒုံးပြိုင်ပွဲ လုပ်တာက အကောင်းဆုံးပဲလို့ ကျနော်အနေနဲ့ မြင်ပါတယ်။

ဒုံး အကြောင်းနဲ့ပတ်သက်ပြီး ဘာများဖြည့်စွက် ပြောချင်တာ ရှိပါသလဲ။

ဒုံး ရိုးရာအကဟာဆိုရင် ဘာသာရေးနဲ့ မဆိုင်ပါဘူး။ ယုံကြည်မှုနဲ့လည်း မဆိုင်ဘူး။ ရိုးရာ၊ ယဉ်ကျေးမှု အက ဖြစ်တယ်။ ကရင်တစ်မျိုးသားလုံး ကလို့ရတဲ့ အက ဖြစ်တယ်။ ဒုံးကတဲ့အချိန်မှာ အမျိုးသားတွေက အားတွေ အသုံးပြုပြီး တက်တက်ကြွကြွ ကရတယ်။ အမျိုးသမီးတွေက ခြေ၊ လက်၊ ခါး၊ ခေါင်း ငြိမ့်ငြိမ့်လေး ဖြည်းဖြည်းလေး ကရတာ ရှိတယ်။ အမျိုးသမီးနဲ့ အမျိုးသားကတာ မြူးကြွတာ မြန်တာ မတူကြပေမယ့် ကြည့်လို့ ကောင်းတာက ဒုံးအကပဲ ရှိတယ်။ ဘယ်နိုင်ငံပဲဖြစ်ဖြစ် ကရင်ရှိရင် ဒုံး အက ရှိကိုရှိရမယ်။ ဒုံး အကကို ထိန်းသိမ်းဖို့က ကျနော်တို့ ကရင်လူမျိုးအားလုံး ဝိုင်းဝန်း ထိန်းသိမ်းမှ ရမယ်လို့ ကျနော်ပြောချင်ပါတယ်။

မြန်မာနိုင်ငံ၏ပထမဆုံးငြိမ်းချမ်းရေးသံတမန်

စရ္ဖုခလိန်

လောကၠ၌ ငြိမ်းချမ်းခြင်း (သို့) ငြိမ်းချမ်းရေးသည် လူတိုင်းနှစ်သက်ကြသည်။ ငြိမ်းချမ်းရေးသည် လူသားတို့၏ဘဝကို တည်ငြိမ်စေပြီး ချမ်းသာမှုကိုလည်း ဖြစ်စေပါသည်။ ငြိမ်းချမ်းရေးမရှိသော တိုင်းပြည်သည် ဘယ်သောအခါမှ တိုးတက်ဖို့ရန် မလွယ်ကူချေ။ ငြိမ်းချမ်းရေးကင်းမဲ့လျက် စစ်ဖြစ်သောနေရာများ၌ ပို၍ပင်ငြိမ်းချမ်းရေးကို လိုလားတောင်းတကြသည်။ မြန်မာနိုင်ငံသည် ယခုမှ ငြိမ်းချမ်းရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည် မဟုတ်ပေ။ ပဒေသရာဇ်ခေတ်ကပင် စစ်ပွဲဖြစ်ခဲ့ကြပြီး ငြိမ်ချမ်းရေး ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ ပုဂံပြည်ကြီး တိုးတက်ကြီးပွားစဉ် ပဒေသရာဇ်မင်းတို့၏ စစ်ပွဲသည် ပေါ်ပေါက်ခဲ့ရလေသည်။ ထိုစဉ်က စစ်ပြေငြိမ်းရေးကို ရဟန်းသံဃာတော်များက ကြိုးပမ်းခဲ့သည်ကို တွေ့ရလေသည်။

ပုဂံခေတ်ကျစွာမင်းကြီး (သက္ကရာဇ်–၅၉၆+၆၁၂) လက်ထက်တွင် သာသနာတော်နှင့် ပရိယတ္တိစာပေမှာ လွန်စွာ ဖွံ့ဖြိုးတိုးတက်ခဲ့သည်။ စာတတ်၊ စာဆိုကျမ်းပြု များစွာပေါ်ထွက်ရာတွင် ဦးကျည်မွေ့ခေါ် အရှင်ဒီသာပါမောက္ခ ဆရာတော်တစ်ပါးလည်း ပေါ်ပေါက်ခဲ့သည်။ ဆရာတော်သည် သက်တော် ၆၀ ရောက်မှ ပရိယတ္တိစာပေကို သင်ယူပြီးစာတတ် အကျော် ဖြစ်လာခဲ့သည်။ ဆရာတော် သက်တော် ထင်ရှားရှိစဉ် နရသီဟပတ္တေမင်းကြီး လက်ထက်တွင် မြန်မာနှင့် တရုတ်တို့သည် စစ်ပွဲဖြစ်ပေါ်ခဲ့လေသည်။ ယင်းစစ်ပွဲပြေငြိမ်း၍ ငြိမ်းချမ်းရေးရရှိရန် ဆရာတော်သည် ကြိုးပမ်းဆောင်ရွက်ခဲ့ရသဖြင့် ငြိမ်းချမ်းရေး ဆရာတော်အဖြစ် သမိုင်းတွင် ကမ္ဘည်းထိုးခံရကာ ကျော်ကြားခဲ့လေသည်။

သက္ကရာဇ် (၆၁၇+၆၄၈)ခုနှစ်တွင် နရသီဟပတ္တေမင်းကြီးသည် တရုတ်စစ်ချီလာသည့်အခါ ပြည်၏ အနောက်ဖက် လှည်းကျအရပ်၌ မင်းကြီးသည် ပညာရှိမှုးမတ်တို့နှင့် စစ်ပြေငြိမ်းရန်ကိစ္စကို တိုင်ပင်ဆွေးနွေးပြောဆိုကြသည်။ တစ်နေ့ မင်းကြီးက အနန္တပိစည်းနှင့် မဟာပိုဝ်တို့ကို "တရုတ်အလားအလာကို သိတော်မူလေ"[၁၀၇]ဟု မေးတော်မူသည်။ အမတ်ကြီးအနန္တပိစည်းနှင့် မဟာပိုဝ်တို့က ဘုရင်မင်းအား အောက်ပါအတိုင်း ပြန်လည်သံတော်ဦး တင်ကြသည်။

'ဤအမှုကား ကြီးစွ၊ တုံ့တပယ်လည်း လွတ်ရသည် မရှိ၊ သုဝဏ္ဏလိပ်(စာ)ပြုအံ့သည့် သူလည်း မရှိ၊ ရှင်ဒီသာပါမောက္ခတည်း ပါမူကား အမှုဆောင်နိုင်အံ့'[၁၀၈]

ပညာရှိအမတ်တို့၏ စကားကိုကြားရသော မင်းကြီးက ရှင်ဒီသာပါမောက္ခကို ပင့်လေသည်။ မြန်မာတရုတ် စစ်ဖြစ်မည့်အရေးတွင် ဝင်ရောက်ဖြေရှင်းပေးရန် (သံတမန်အဖြစ်) အမှုကိုအပ်နှင်းသည်။ ထိုတော်တွင် စာတတ်အကျော် များစွာရှိပါသည်။ သို့သော်လည်း အခြားသင့်တော်သူကို မတွေ့သဖြင့် မှူးမတ်တို့၏အလိုအရ ဆရာတော်ကို ရွေးချယ်ကြခြင်းဖြစ်သည်။

ထိုအခါ ဆရာတော်သည် တိုင်းရေးပြည်ရေး စိတ်မအေးစွာဖြင့် ငြိမ်းချမ်းရေးအတွက် တရုတ်ပြည်သို့ ကြွတော်မူရလေသည်။ ခြေလျင်ခရီးကြွရသဖြင့် လမ်းခရီးသည် ချောမွေ့မှုမရှိဘဲ လွန်စွာ ပင်ပန်းလှပေသည်။ သက်တော်မှာလည်း ခြောက်ဆယ်ကျော် ရှိခဲ့လေပြီ။ သို့သော် ဆရာတော်သည် အသက်နှင့်ခန္ဓာကို မငဲ့ကွက်ဘဲ ငြိမ်းချမ်းရေးအတွက် တရုတ်ပြည်သို့ အရောက်ကြွတော်မူခဲ့သည်။ လွန်စွာ ပင်ပန်းလှသဖြင့် တရုတ်ပြည်ခရီးစဉ်တွင် ဟန်လင်း၌ တစ်ထောက်နားပြီးမှ ခရီးကိုဆက်လက် ကြွတော်မူသည်။

ပထမတွင် တရုတ်ဘုရင်မင်းက စာကိုကြည့်ပြီး မြန်မာမင်း လွတ်လိုက်သည့် သုဝဏ္ဏလိပ်(စာ) မဟုတ်ဘဲ အမတ်တို့၏ စာသာဖြစ်သည်ဟု ဆိုသဖြင့် မကျေနပ်ဟန် ပြကြသည်။ သို့သော် "မင်းတို့သည်ကား တမန်ကို မချုပ်ရာ"[၁၀၉] စည်းကမ်းချက်အရ နောက်ဆုံးတွင် ပြောဆိုဆွေးနွေးရင်း ယုံကြည်သွားသဖြင့် တရုတ်ပြည်သို့ အရောက်ကြွနိုင်ခဲ့လေသည်။ ရှင်ဒီသာပါမောက္ခဆရာတော် တရုတ်ပြည်သို့ ရောက်သွားသည့်အချိန်၌ အောက်ပါ အစီအစဉ်ကို တရုတ်တို့က ပြုလုပ်ထားပြီးဖြစ်သည်။

ဘါကဉ်သဝိကရူၢ်, နဉ်ကိသဝိပူၤ တနံးအံၤတၢ်မၤဝဲတၢ်ဃ့ဘါထုကဖဉ်အတၢ်ရဲဉ်တၢ်ကျဲးအံၤ, ကညီကိၢ်စဲဉ်, ဖဉ်အဉ်ကိၢ်ဆဉ်ပူၤ ဒူသဝိလၢအအိဉ်ဘူးဒီး မ္ဒဲဉ်ကလှတဉ် (၄,၀၀၀) ဂ်လၢၢ်ကမ္ဘၣ် ဧးဖိကဟဉ်တၢ်မၤလိၢ်အံၤတဖဉ်နှဉ် ခိဖျိလၢထံတဖဉ်ထိဉ်သူအဃိ တၢ်လၢအလိဉ်ဘဉ်သူဝဲကိးနံၤ ဒဲးလၢအမ့ၢ်ထံလၢကသူအီၤအဂိၢ်ဒီး ပှၤတဝၤမ့ၢ်ကျိၤဝဲၤကွာ် တၢ်ကိတၢ်ခဲတဖဉ်

ကွၢ်ဆူလံာ်ကဘျံးပၤ (၆) ▶▶▶

တၢ်မ့ၢ်ဃ့ၤဖိဃ့ၤဆိဉ်ဘဲ့, ဖိဝဲၢ်ကိတအိဉ်ဖြဉ်သဲ့

ဆိမိဉ်မုံကသူဉ်ထိဉ်ကိ်ၢ်, စီၤစိရိၤလိဉ်ဘၢၤလိဉ်ကွီဉ် ကအိဉ်ယူဖိးထုးဖြိဉ်သး, ဒုဉ်သကိးဒုဉ်အိဉ်လိဉ်သး အိဉ်အီကူသိးကဘဉ်ဘၢ, ပၢ်ဆၢထိဒါဒိးအဖၢ လိ်ၢ်မဲလိ်ၢ်ဒါကဂၢ်ကျၢ, သကုၤဟီဉ်ခိဉ်ဃ့ၢ်ဖျိးလၢၤ.

ခိဉ်ကုဉ်ထံဃဲစၢအိဉ်ယဲၤ, ဖဲပစီၤအံၤတတုၤဒိး နွံကုဉ်ထံတပွဲၤထိဉ်ဒိး, နွံကဘီကဘဉ်လဲၤဒိး မှဲၤပှ်လၢပျၤ, မဲခိ်ဝဲ, ဖိလံၤခဲအံၤထံဉ်လၢမဲဝ် တလၢၤပံၤယီၤ, ဒီလံၤလံၤ, တူၢ်ဘဉ်ခိဉ်ဘဉ်တုၤခဲအံၤ

မိ်ၢ်မ့ၢ်ယိဉ် ဒီးပ်မ့ၢ်ယွၤ, ပိ်ၢ်ဒီးစိ့ၤကညီကိးဂၤ ကွဲၢ်ကဘီဒီးနီ်ၢ်ဘုဉ်ဘီ, မိ်ၢ်ထံးပ်ၢ်ထံးအိဉ်ထိဉ်ထိ ပွဲၤဟံဉ်ခိဉ်ကစၢ်ဒီခိဉ်, စိ့ၤထူလံၤဖိလဲၤအိဉ်ဖိုဉ် ကွဲၢ်ကဘီလ့ ကစၢ်ဒီ, ယိဉ်ဒီးဝဉ်စီၤသီတ့ဘို့

ဆ့ဖျိၢ်တခွဲဘိပနီဉ်. သိဉ်ထိဉ်ဘဲ့ဉ်အိဉ်ခဲပနီဉ် ကျိဉ်ဒီးကွဲၤအက့ၢ်အဂီၤ, မ့ၢ်ကညီဖိလၤကပီၤ နီဉ်တယၢ်လိၤမ့ၢ်ခွံယဲၤ, ဆူမဲဉ်ညါကညီဖိလဲၤ တၢ်မ့ၢ်ယွၤဖိယွၤဆိဉ်ဘဲ, ဖိတဲၢ်ကိတအိဉ်ဖြိဉ်သဲ့

ထိးကလဲဉ်အိဉ်ဟီဉ်မ့ၢ်လၢဉ်, ကညီဖိကအိဉ်မုဉ်ပၢၤ ထံနၢ်ကွဉ်ခံယွၤရဲးရဲး, ဒုဉ်ဖိပ္ၤသိဉ်ထိဉ်အဲးအဲး ဖုထိးမဲပ်ၢ်ကဟဲကၤ, ကိ်ၢ်လါသူလုၤကန္ၢ်ကုၤ ဟံဉ်မုဉ်ဃီပၢၤကန္ၢ်ဒါ, နူ်ထိပြးသးကအိဉ်ဖျါ.

လၢတၢ်အဲဉ်ကကွဲၢ်ကဘီ
စီၤကိ်ၢ်ဖျါစ့ (တီနိ်ၢ်ဖိ)
၃၀.၁.၂၀၂၀

တၢ်ဘျိဘဉ်(အမှၤပြင်ဆင်ချက်)
မဟါတလါ (လါယနူးအါရံး)တၢ်ကစိဉ်အတၢ်ကွဲးလၢအမ့ၢ် "တၢ်မၤလိလၢ နိဉ်တၢ်မျၢ်တၢ်ဒုးအတၢ်လဲးခိဖျိတဖဉ်" တၢ်ကွဲးထိရိုးတဖျၢဉ်အံၤ Intro အဆိကတၢ်တကျိုးအပူးနှဉ် "လါယနူးအါရံး (၃၁)သိ, ၂၀၂၀ နံဉ်အံၤ မ့ၢ်ဝဲ ကညီနံဉ်ထိဉ်သိမ့ၢ်နံၤ ပွဲၤထိဉ် (၇၁)နံဉ်တိတိနှဉ်လိၤ" အလိၢ်နှဉ် ဝံသးစူၤဘျိဘဉ် ဖးကွၤအိၤလၢ "လါယနူးအါရံး (၃၁)သိ, ၂၀၂၀ နံဉ်အံၤ မ့ၢ်ဝဲ ကညိတၢ်ပၢၢ်ဆၢမ့ၢ်နံၤ ပွဲၤထိဉ် (၇၁) နံဉ်တိတိနှဉ်လိၤ" နှဉ် ပဃုဝံသးစူၤဘဉ် ပှၤဖးလံာ်ဖိကိးဂၤဒဲး နှဉ်လိၤ.

ဘဉ်ကီဘဉ်ခဲဒဲကဝီၤပူၤ တီၤထိတလၢကိုတဖဉ်တၢ်မၤစၢၤ တၢ်ကိတၢ်ခဲအိဉ်ဝဲ

လါယနူးအါရံး ၁၅ သိ, ၂၀၂၀ နံဉ် စီးအဲဉ်ဆူ

ကိၢ်ကျိဉ်တဲဉ်—ကိၢ်ပယီၤကိၢ်ဆၢ ကညီဘဉ်ကီဘဉ်ခဲဒဲကဝီၤ (၆) ဖျၢဉ်အံၤ စးထိဉ်လၢအပူးကွံဉ် ၂၀၁၉ နှဉ် တုၤလၢအခဲအံၤ တီၤထိတလၢကွဲသွဉ်တဖဉ် သဂၢ်ဘဉ်ဒဲးဝဲဒဉ်ဒိးတၢ်ဆိဉ်ထွဲမၤစၢၤတၢ်ကိတၢ်ခဲအဂ့ၢ်နှဉ် ကညီဘဉ်ကီဘဉ်ခဲကမံးတံဉ် တၢ်ကူဉ်ဘဉ်ကူဉ်သူတၢ်မၤမ့ၢ်ကျၢ် KRCEE စံးဝဲလိၤ.

ဘဉ်ကီဘဉ်ခဲဒဲကဝီၤအဂိၢ် စးထိဉ်လၢ ထံဂုၤကိၢ်ဂၤ တၢ်ဆိဉ်ထွဲမၤစၢၤတအိဉ်ဝဲဒဉ်လၢဉ်ဘဉ်နှဉ်လိၤ. ကညီတၢ်ကရၢကရိလၢအအိဉ်လၢ ထံဂုၤကိၢ်ဂၤတဖဉ်မၤစၢၤဝဲဒဉ်အဃိ ဆဲးအိဉ်ဆၢထဉ်ဒဲးဝဲအဂ့ၢ်နှဉ် KRCEE ပှၤနဲဉ်တၢ် နိ်ၢ်ဒိခၢးမူ စံးဘဉ်ခှဉ်အဲးစံဉ်လိၤ.

အဝဲစံးဝဲလၢ "ဘဉ်ဃးဒီးတၢ်မၤစၢၤပမ့ၢ်ဘဉ်တဲနှဉ် အခိဉ်သူဉ်နှဉ် မ့ၢ်ဝဲဒဉ် ကွိသရူဉ် သရဉ်မှဉ်တဖဉ်အတၢ်မၤစၢၤလိၤ. မ့ၢ်ဘဉ်တဲတခိနှဉ် တၢ်ကူဉ်ဘဉ်ကူဉ်သူ လၢအပတိၢ်ထိလၢအမ့ၢ် ကူးဉ်နှဉ်ယၢဉ် ခိလုး (Junior College)အဂိၢ်နှဉ် စးထိဉ်လၢအပူးကွံဉ်နှဉ်စးထိဉ်နှဉ် တၢ်မၤစၢၤတအိဉ်ဝဲဒဉ်လၢၤဘဉ်. အိဉ်ဝဲဒဉ်ထဲပှၤတဝၤ တၢ်ကရၢကရိတခါလိၤ. ဘဉ်ဆဉ် ပဃုဝဲအကျိုးအကျဲဘဉ်ဖၢလိၤ" အဂ့ၢ်နှဉ်စံးဘဉ်ခှဉ်အဲးစံဉ်လိၤ.

ကွၢ်ဆူလံာ်ကဘျံးပၤ (၆) ▶▶▶

ပဒိဉ်သုးတၢ်တ့ကျဲအတၢ်တိဉ်ကျဲးအံၤအဖိခိဉ်ဖဉ်ပူဉ်လိၢ်ကဝီၤဖိတဖဉ်ထီဒါဝဲဒီးပဉ်ဖျါထိဉ်အတၢ်ဘဉ်သး

လါယနူးအါရံး ၁၅ သိ, ၂၀၂၀ နံဉ် စီးအဲဉ်ဆူ

မ့ၢ်တြိ်ၢ်ကိ်ၢ်ရှဉ် ဟိဉ်ကဝီၤအပူး ခိဖျိလၢပယီၤသုးတဖဉ် တ့ကျဲအဃိ ဖဲလါယနူးအါရံး ၁၅ သိ အနုံးနှဉ် မ့ၢ်တြိ်ၢ်(ဖဉ်ပူဉ်)ကိ်ၢ်ရှဉ်, လူၢ်သိ, ဘုသိဉ် ဒီး ဒွဉ်လိ ဃုာ်ဒီးကိ်ၢ်ဆဉ်ဒူသဝိအဂၤတဖဉ်စုာ်, လိ်ၢ်ကဝီၤဖိတဖဉ်ထိဒါဒီး မၤဝဲဒဉ်တၢ်ဟံဖျါထိဉ်တၢ်ဘဉ်သးတၢ်ရဲဉ်တၢ်ကျဲးတဖဉ် တဘျိဃိအဂ့ၢ်နှဉ်သ့ဉ်ညါဘဉ်လိၤ.

ခိဖျိလၢပယီၤသုးတဖဉ်တၢ်ရှဉ်ကျဲအဃိ လိ်ၢ်ကဝီၤဖိတဖဉ်တၢ်လုၢ်အိဉ်နိ်ၢ်ခိသးသမူ ဒီးတၢ်ဘဉ်တၢ်ဘၢအဂိၢ်, တၢ်ဘဉ်ယိဉ်ဘဉ်ဘျိအိဉ်ဝဲဒဉ်အဃိ ဘဉ်တၢ်မၤဝဲတၢ်ဟံဖျါထိဉ်တၢ် ဘဉ်သးအံၤလိၤအဂ့ၢ် နှဉ်လၢတၢ်ဟံဖျါထိဉ်သးအပူး ပှၤလၢအပဉ်ဃုာ်တိခိဉ်ရိဉ်မဲတၢ်တဂၤလၢအမ့ၢ် စီးအဲဉ်စု စံးဝဲဒ်အံၤလိၤ.

အဝဲစံးဝဲလၢ "ထံရူၢ်ကိ်ၢ်သဲးတၢ်တၢဉ်ပိဉ်တဲသကိးပူး တၢ်အုဉ်ကိၤသးတအိဉ်ဝဲဒဉ်နိတမံၤဒဲးဘဉ်အဖိခိဉ်, ပယီၤပဒိဉ်တဖဉ်မ့ၢ်ဂုၤ ပယီၤသုးတဖဉ်မ့ၢ်ဂုၤ တၢ်တ့ကျဲအံၤ ပတလိဉ်ဘဉ်ဝဲဒဉ်ဘဉ်လိၤ. တံရူၢ်ကိ်ၢ်သဲးတၢ်အုဉ်ကိၤသးဒီး ဒံဉ်ခိဉ်ခြဉ် စံဉ်ကိ်ၢ်စၢဖြိဉ်မှနှၢ်မး ပဝဲသ့ဉ်တဖဉ် ကျဲဖးဒိဉ်တဘိအံၤ ပကစ်ဒဉ်ဝဲ ပတ့သ့ဝဲဒဉ်လိၤ. ပဝဲသ့ဉ်တဖဉ် ပတၢ်လိဉ်ဘဉ်တခိနှဉ် တမ့ၢ်ကျဲဘဉ်. ထံရူၢ်ကိ်ၢ်သဲးတၢ်အုဉ်ကိၤသး ဒီးနိ်ၢ်ကစ်တၢ်စံဉ်ညီဉ်ပၢလိၤသးနှဉ်လိၤ" အဂ့ၢ်နှဉ်စံးဝဲဒဉ်လိၤ.

တၢ်ထိဒါတၢ်ပဉ်ဖျါထိဉ်တၢ် ဘဉ်သးအံၤ ကိ်ၢ်ဆဉ် (၃)ဘုဉ် ဒူသဝိကမျၢ်ခိဉ်နှၢ်တဖဉ်တိခိဉ်ရိဉ် မဲဝဲဒဉ်ဒီး လူၢ်သိကိ်ၢ်ဆဉ်လၢအမ့ၢ် တဉ်သူဉ်ဒၢ, ပှက့, ကိၤလူၢ်ဒၢ, ဖှးဂိၤ ပလီ ဒီး နိဉ်ယိၤထဉ်တၢ်လိ်ၢ်တဖဉ် နှဉ်လိၤ. ဘုသိဉ်ကိ်ၢ်ဆဉ်ပူၤတခိနှဉ် ဘုအါဒၢ, မဲးညူး, ကျိုပါထံနံၤ, အံတူၢ်ထဉ် လိ်ၢ်အိဉ်ကမဲ့ဒဲကဝီၤ ဒီးမ့မ့ၢ်ခွဲဉ်လိကိ်ၢ်ဆဉ်ပူၤနှဉ် ဖိဉ်ဃဲ

ကွၢ်ဆူလံာ်ကဘျံးပၤ (၆) ▶▶▶

ကရင်စာပေနှင့် ကရင့်ပညာရေး

(လွတ်လပ်ရေးမရမီ)

ဒ.မင်းခိုက်သူ

ကရင်တိုင်းရင်းသားများသည် ရာစုနှစ်ပေါင်းများစွာ မိမိတို့၏ ဘဝရပ်တည်ရှင်သန်နိုင်ရန် ရုန်းကန်ခဲ့ကြရသည်။ 'ကရင်လူမျိုးတို့၏ မူရင်းဒေသမှာ အာရှတိုက်အလယ်ပိုင်း တရုတ်ပြည်၏ အနောက်ဘက်ရှိ မြင့်မားသော တောင်တန်းများဖြစ်ရံသည့် ကုန်းပြင်မြင့်ကြီးဒေသဖြစ်သည်။'[၁] ဟု ပညာရှင်များက ဆိုကြသည်။

ဘိုးဘွားတို့၏ ရှေးစကားအရ 'ထီဆေမေ့ယွား' (ရေးထိုးသဲမျှော)ဒေသကို ဖြတ်ကျော်ပြီး ဘဝ၏ ကြမ်းတမ်းမှု အခက်အခဲမျိုးစုံကို ရင်ဆိုင်ဖြတ်သန်းရင်း မိမိတို့ရောက်ရှိသော ယခုတိုင်းပြည်၌ ရေကြည်ရာ မြက်နုရာ မြို့ပြနိုင်ငံအဖြစ် တည်ထောင်ပြီး နေထိုင်လာခဲ့ကြသည်။

ပဒေသရာဇဓိနိုင်ငံ တည်ထောင်လာသည့်အခါ အဖိနှိပ်ခံဘဝဖြင့်နေထိုင်ကြရသဖြင့် ကရင်အများစုသည် တောထဲတောင်ထဲသို့ ပုန်းရောင်နေထိုင်ကြရသည်။ တချို့မှာ ပဒေသရာဇ် စနစ်ထဲမှ ရုန်းမထွက်နိုင်ရှာဘဲ အမှုထမ်းတွေ ဖြစ်လာကြသည်။ အဖိနှိပ်ခံလူတန်းစားဘဝဖြင့် နေထိုင်ခဲ့ကြရသောကြောင့် မိမိတို့၏ စာပေနှင့် ယဉ်ကျေးမှုသည်လည်း ပျောက်ကွယ်လုမတတ် ဖြစ်ခဲ့ရ လေသည်။ မိဘဘိုးဘွားများ ပြောဆိုခဲ့သော ကရင်တို့၏ လိတ်ဆန့်ဝေ့စာပေ ဆိုသည်မှာလည်း နှစ်ပေါင်းများစွာ အမည်သာ ကြားဖူးသည်။ သို့သော် ကရင်တိုင်းရင်းသားတို့သည် မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်တွေကို မပျောက်စေဖို့ ထားကဗျာ၊ လင်္ကာ၊ သီချင်းများဖြင့် နှစ်ပေါင်းများစွာ အံ့သြဘွယ်ရာ ထိန်းသိမ်းထားနိုင်ခဲ့သည်ကို တွေ့ရလေသည်။

ဤသို့ နေထိုင်ခဲ့ကြရသဖြင့် ကရင်တိုင်းရင်းသားများ၏ ပညာရေးသည်လည်း ခေတ်အဆက်ဆက် တိုးတက်မှုမရှိဘဲ နိမ့်ကျခဲ့လေသည်။ ပဒေသရာဇ်ခေတ်တွင် ကရင့်လူမျိုး၏ဘဝသည် လုံးဝတိုးတက်ပြောင်းလဲမှုမရှိချေ။ ပဒေသရာဇ်ခေတ် ဘုရင်များသည် မိမိအာဏာကြီးစိုးရေး၊ သားစဉ်မြေးဆက် စည်းစိမ်ခံစားရေးနှင့် အာဏာချဲ့ထွင် စစ်တိုက်ရေးသာ စိတ်ဝင်စားသည်။ တိုင်းရင်းသားများ၏ ဘဝတိုးတက်ရေးအတွက် မည်သို့မျှ ဆောင်ရွက်ပေးမှု မရှိချေ။ နင်းပြားဘဝအဖြစ်သာ နေထိုင်ခဲ့ကြရသည်။

အမေရိကန်နှစ်ခြင်း သာသနာပြု ဆရာယုဒသန်သည် '၁၈၁၃ ခုနှစ်၊ ဇူလိုင် ၁၃ ရက်နေ့တွင် ရန်ကုန်မြို့သို့ ရောက်လာခဲ့သည်'[၂] ၁၈၂၄/ ၂၆–ခုနှစ် တွင် အင်္ဂလိပ် မြန်မာပထမစစ်ပွဲ ဖြစ်ပွားသည်။ ဆရာယုဒသန်သည် စစ်ပြေငြိမ်းရေးအတွက် မြန်မာစကားပြန်အဖြစ် ဆောင်ရွက်ပြီး တနင်္သာရီတိုင်းနှင့် ရခိုင်ပြည်နယ်ကို အင်္ဂလိပ်တို့အား ပေးလိုက်ရသည်။ ထိုအခါ 'ဆရာယုဒသန်သည်လည်း အင်္ဂလိပ်များ အုပ်ချုပ်သော နယ်မြေတွင် ငြိမ်းချမ်းရေးရရှိပြီးနောက် သာသနာပြုရန် အဆင်ပြေနိုင်မည်ဟု ယူဆလေသည်။ ထို့ကြောင့် (အင်းဝမှ)ရန်ကုန်သို့ရောက်ရှိပြီးနောက် ၁၀ ရက်အကြာတွင် ဆရာယုဒသန်သည် မဓ္ဓတာရော့ဖေဒ့ နှင့် တနင်္သာရီနယ်ဘက်သို့ သင်္ဘော နှင့် ရွက်လွှင့်သွားလေသည်'။[၃] ကျိုက္ခမီသို့ ပြောင်းရွှေ့ရောက်ရှိသွားပြီး နှစ်ခြင်း ခရစ်သာသနာကို စတင်ပြုစုပျိုးထောင်လေသည်။

ထို့နောက် ကရင်အပါအဝင် တိုင်းရင်းသားများကို သာသနာပြုလေသည်။ ပထမအင်္ဂလိပ်မြန်မာစစ်ပွဲအပြီး '၁၈၂၆ ခုနှစ်တွင် ကျိုက္ခမီ၌ ဆရာယုဒသန်၏ ဇနီးက စာသင်ကျောင်းတစ်ကျောင်း ဖွင့်လှစ်ခဲ့သည်။ ၁၈၂၇ ခုနှစ်တွင် ယင်းကျောင်းကို မော်လမြိုင်သို့ ပြောင်းရွှေ့သည်။ ၁၈၂၉ ခုနှစ်တွင် ထားဝယ်၌ တစ်ကျောင်း၊ ၁၈၄၀ ပြည့်နှစ်တွင် သံတွဲတွင် တစ်ကျောင်း တိုးချဲ့ဖွင့်လှစ်သည်။ ဤကျောင်းများတွင် အရေး၊ အဖတ်၊ အတွက်ကို ခရစ်ယာန်ဘာသာနှင့် ရောရှ် သင်ပေးသည်။ နောင်တွင် ကျောင်းအရေအတွက် တစတစ တိုးလာသည်။ အထူးသဖြင့် ကရင်ရွာများ၌ ပို၍ များပြားသည်။ မြို့ကြီးများတွင် ရှိသည့် ကျောင်းများအနက် ပုသိမ်မြို့၌ သာသနာပြု ဆရာ "အက်ဘော့"တည်ထောင်သော ဆရာဖြစ်သင်္ကေပိမကျောင်းမှာ အထူးထင်ရှားခဲ့သည်'။[၄] ကို တွေ့ရပါသည်။ ထိုကျောင်းများသည် ကရင်အများဆုံး ပညာကြားရာနေရာဖြစ်လာခဲ့သဖြင့် ကရင့် ပညာရေးသည်လည်း စတင်၍ အခြေတည်လာသည်ကို တွေ့ရလေသည်။

ကရင်တိုင်းရင်းသားများသည် ခရစ်ယာန်ဘာသာကို '၁၈၂၉ ခုတွင် ဦးသာဖြူ(စောသာဖြူ)မှ တစ်ဆင့် စတင်လက်ခံကိုးကွယ်လာခဲ့သည်။'[၅] စောသာဖြူထက် စောသော နှစ်ခြင်းခံယူသူမှာ မြန်မာအမျိုးသား မောင်နောပင်ဖြစ်သည်။

'၁၈၃၂ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်နေ့တွင် ဆရာယုဒသန်နှင့် အဖွဲ့သည် သံလွင်မြစ်အရှေ့ဘက် မြောက်ပိုင်းနယ်ရှိ ကျိုင်းနှင့် ဒါးကျိုင်းမြစ်အတိုင်း ဆန်တက်သွားသည်'။[၆] လှည့်လည်၍ သာသနာပြုကာ နောင်ထိုဒေသ၌ ခရစ်ယာန်တို့၏ ရွာသစ်ကိုပါ တည်ထောင်လေသည်။ ဤသို့ဖြင့် ကရင်တိုင်းရင်းသားတွင် ဗုဒ္ဓဘာသာနှင့် ရိုးရာနတ်ကိုးကွယ်မှုရှိရာမှ ခရစ်ယာန်ဘာသာကိုလည်း ကိုးကွယ်လာခဲ့ကြလေသည်။ ထို့နောက် သာသနာပြုဆရာဖြစ်ကြသော ဒေါက်တာဂျိုနသန်ဝိတ်နှင့် ဒေါက်တာအယ်ဘရေတန်တို့ ရောက်လာကြသည်။

သာသနာပြုဆရာများသည် တိုင်းရင်းသားတို့အား ခရစ်ယာန်ဘာသာနှင့် အတူ ပညာရေးကို စတင် မျိုးစေ့ချပေးလေသည်။ သာသနာပြုကျောင်းကို တည်ထောင်သည်။ ပညာရေး နိမ့်ကျနေသော တိုင်းရင်းသားတို့အား အသက်မွေးဝမ်းကျောင်းစေသော လောကဓာတ်ပညာတွေကို သင်ပေးသည်။ စာပေမရှိသည့် တိုင်းရင်းသားတို့အား စာပေတီထွင်ပေးသည်။ (ဥပမာ–ကချင်၊ ချင်း၊ ကရင် စသည်) ဒေါက်တာဂျိုနသန်ဝိတ်သည် 'ကရင်လူကြီးများ ဖြစ်ကြသော စောကြေသေ, စောကော်တူတို့၏ အကူအညီဖြင့် ၁၈၃၂ ခုနှစ်ဝန်းကျင်တွင် စကောကရင်စာကို အောင်မြင်စွာ ပြန်လည် ဖော်ထုတ်ပေးနိုင်ခဲ့သည်'။[၇] ထိုမှ စ၍ စကောကရင်စာပေသည် တဖြည်းဖြည်း ပွန်ပြီးလာခဲ့သည်။ '၁၈၄၂ ခုနှစ်တွင်စဂုံ(စကော) ကရင်ဘာသာဖြင့် ဆာထူဝေါ့ခေါ် အရုဏ်ကြယ်လစဉ် မဂ္ဂဇင်းထွက်လာသည်'။[၈] ကိုတွေ့ရလေသည်။

၁၈၄၀ ပြည့်နှစ်တွင် ဒေါက်တာဂျိုနသန်ဝိတ် အစပျိုးခဲ့သော ပိုးကရင်စာပေကို သာသနာပြုဆရာဘရေတန်က ၁၈၄၁ ခုနှစ်တွင် တီထွင်ပေးခဲ့ခြင်းဖြစ်သည်'။[၉] နောက်ပိုင်းတွင် စကောနှင့် ပိုးဘာသာတို့ဖြင့် သမ္မာကျမ်းစာကိုလည်း ပြန်ဆိုရေးသားထုတ်ဝေနိုင်ခဲ့သည်။ ကရင်တိုင်းရင်းသားများသည် ကရင်စာပေ ပေါ်ထွက်လာခဲ့သဖြင့် ခေတ်အဆက်ဆက် ပညာရေးနိမ့်ကျရာမှ တဖြည်းဖြည်း တိုးတက်မြင့်မားလာခဲ့သည်ကို တွေ့ရလေသည်။

ထို့ပြင် '၁၈၅၂ ခုနှစ်တွင် ဖြစ်ပွားသော အင်္ဂလိပ်–မြန်မာ စစ်ပွဲဂယက်မှာ ကရင်တိုင်းရင်းသားများ ဖြစ်ပေါ်တိုးတက်မှု သမိုင်းကို များစွာ အကျိုးသက်ရောက်စေခဲ့သည်။ ပဲခူး၊ ညောင်လေးပင်၊ ရွေကျင်၊ ကျောက်ကြီးမှ စစ်ပြေးဒုက္ခသည်များကို အမေရိကန်သာသနာပြုဆရာများက ရန်ကုန်သို့ ခေါ်ဆောင်လာပြီး နေရာချထား ဆောင်ရွက်ပေးသဖြင့် နောင်တွင် ငွေကြေးချမ်းသာသူအချို့နှင့် အခြေခံပညာရှိသူများ ပေါ်ပေါက်လာခဲ့ပြီး ဆစ်ဒနီ လူနီကဲ့သို့ ကရင်အမျိုးသားခေါင်းဆောင်များ လည်း ပေါ်ပေါက် လာခဲ့ သည်ကို တွေ့ရလေသည်။[၁၀]

၁၈၅၂/ ၁၈၅၃ ခုနှစ်၊ အင်္ဂလိပ်+မြန်မာဒုတိယစစ်ပွဲပြီးချိန်တွင် 'ပဲခူးခရိုင်ကို ဗြိတိသျှ အစိုးရတို့ လွှဲယူသော ၁၈၅၂ ခုနှစ်တွင် ကျေးရွာစာသင်ကျောင်း ငယ် ၅၀ ခန့်ရှိနှင့်ပြီး ဖြစ်သည်။ ထိုအချိန်မှာ ကရင် ခရစ်ယာန်စာသင်ကျောင်း စတင်တည်ထောင်ချိန် ဖြစ်သည်။ ကရင်ကျောင်းများ ဖြစ်မြောက်ရေးအတွက် ဒေသန္တရ ကရင်ဘာသာစကားများကို စာအဖြစ် တီထွင်ရေးသားခြင်း၊ စာအုပ်များရေးသားပြုစုခြင်း၊ ဆရာများမွေးထုတ်ခြင်း ပြုခဲ့ကြရသည်ကို တွေ့ရလေသည်။[၁၁]

စာပေသည် ပညာရေးပင် ဖြစ်သလို ပညာရေးသည်လည်း စာပေပင် ဖြစ်ကာ ဒွန်တွဲလျက် ရှိနေပါသည်။ သာသနာပြုကျောင်းနှင့်အတူ ကရင်စာပေနှင့် ပညာရေးသည် တိုးတက် ဖွံ့ဖြိုးလာခဲ့သည်။ ကရင် ပညာရေးဖွံ့ဖြိုးလာချိန်တွင် ယင်းဒုတိယစစ်ပွဲကြောင့် မြစ်ဝကျွန်းပေါ်ဒေသတွင်လည်း ဂယက်ရိုက်ခတ်မှု ရှိခဲ့လေသည်။

ထိုကြောင့် ကရင့်အနာဂတ်ကို ဖန်တီးမည့် 'စောတီသံပြာလေးသည် မိမိစာတိုဖြစ်သော ပုသိမ်မြို့နယ် ကျုံတာကျေးရွာတွင် မနေတော့ဘဲ ၁၈၅၂ ခုနှစ်၊ ၁၀ နှစ်သားအရွယ်တွင် ပုသိမ်မြို့သို့ အပြီးပြောင်းရွှေ့ပြီး အမေရိကန်နှစ်ခြင်းသာသနာပြုမှ ဖွင့်လှစ်သော 'ကိုးဆူအကယ်ဒမီကျောင်း' (ရာသီအလိုက်ဖွင့်လှစ်သောကျောင်းဖြစ်ပြီး အသက်မွေးဝမ်းကျောင်းပညာကို သင်ပေးသည်)တွင် စတင် ပညာသင်ကြားသည်'။[၁၂] '၁၈၇၁–ခုနှစ်တွင် စောတီသံပြာသည် အမေရိကန်နိုင်ငံတွင် (ဘီအေ)ဘွဲ့ကို ရရှိသည်။ နောက်ထပ် ၂ နှစ်အကြာတွင် (အမ်အေ)ဘွဲ့ကို ရရှိပြီး နောက်ပိုင်းတွင် (ဓမ္မပါရဂူဘွဲ့)ကိုပါ ရရှိခဲ့လေသည်။'[၁၃]

စင်စစ် ကရင်တိုင်းရင်းသားများ ပညာရေးဖွံ့ဖြိုးတိုးတက် လာမှုမှာ သာသနာပြုများရောက်ရှိပြန့်နှံ့ရာ ဒေသများ၌ဟု ဆိုနိုင်ပါသည်။ အကြောင်းမှာ သာသနာပြုဆရာများကို အခွံပြု၍ ကိုးကွယ်မှု ဘာသာရေးနှင့်အတူ ပညာရေးကိုပါ ဆည်းပူးအား ထုတ်ရခြင်းကြောင့်ပင် ဖြစ်သည်။ ထိုစဉ်က ဗြိတိသျှအစိုးရသည် အထက်မြန်မာနိုင်ငံကို သိမ်းပိုက်နိုင်ခြင်း မရှိသေးဘဲ မြန်မာနိုင်ငံအောက်ပိုင်းနှင့် အလယ်ပိုင်းအထိသာ သိမ်းထားလျက် ရှိလေသည်။ ကရင့်ဘဝသည် လွန်စွာတိုးတက်သွားခဲ့ပြီဖြစ်၍ ပဒေသရာဇ်ခေတ်နှင့် မည်သို့မျှနှိုင်းယှဉ်လို့ မရတော့ဘဲ ဆီနှင့်ရေလိုပင် ကွာခြားသွားခဲ့ပြီးဖြစ်သည်။

ကရင့်ပညာရေး တိုးတက်လာသည်နှင့် မြန်မာနိုင်ငံအောက်ပိုင်းတွင်နေသော စောစီပိုးသည် ပြည်ပသို့ ပညာသင်သွားနိုင်ခဲ့သလို ပိုက်ဆံချမ်းသာသော စောဖေသာ၊ စောဘဦးကြီးတို့သည်လည်း ဥရောပသို့ သွားရောက်ပညာသင်ယူနိုင်ခဲ့ကြသည်။ စောစံဖိုးသင်၊ စောဘအောင်ရှိန်၊ စောစံတင်၊ စောထင်လေးမြ၊ စောမြသိန်းစသည့် ပညာတတ်ကရင်များ ပေါ်ထွက်ခဲ့သလို ဗိုလ်ချုပ်စမစ်ဒွန်း၊ ဗိုလ်မှူးချုပ် စောကြာ့ဒိုး၊ ဗိုလ်မှူးကြီးစောရီးရှိ တို့လည်း ပေါ်ထွက်လာခဲ့လေသည်။ ပညာရေးဖွံ့ဖြိုး တိုးတက်မှု၏ ရလဒ်ပင် ဖြစ်သည်။

ထိုစဉ်က 'အင်္ဂလိပ်နယ်ချဲ့ကိုလိုနီ အုပ်ချုပ်မှုအောက်တွင် ဗမာပြည်၌ ပညာသင်ကျောင်း ၃ မျိုး ၃ စားရှိသည်'။[၁၄]

(၁) အင်္ဂလိပ်ကျောင်း (anglo schools)၊ ဤကျောင်းမျိုးသည် အနောက်တိုင်းသားအတွက် အထူးသဖြင့် စီစဉ်ထားခြင်းဖြစ်သည်။

(၂) အင်္ဂလိပ်မြန်မာကျောင်း (anglo-venacular school)၊ ဤကျောင်းများသည် အင်္ဂလိပ် စာရော၊ ဗမာစာပါ အဓိကထားပြီး သင်ကြားကြသည်။ အင်္ဂလိပ်ဘာသာမှာ ပထမအဓိကဘာသာအဖြစ်နှင့် မြန်မာစာမှာမူ ဒုတိယအဓိကဘာသာအဖြစ် ထားရှိသည်။

(၃) တိုင်းရင်းသားကျောင်း (venacular school)၊ ဤကျောင်းများသည် ကျေးလက်တောရွာတိုင်းလိုလိုမှာ ရှိကြပြီး အချို့မြို့များတွင်လည်း ရှိကြသည်။ အထူးသဖြင့် ဆင်းရဲသူ, ဆင်းရဲသားများအတွက် ဖွင့်လှစ်ထားသည့်ကျောင်းများပင် ဖြစ်ကြသည်။

ဤကျောင်းသုံးမျိုးရှိခဲ့ပြီး ၁၉၂၀ ပြည့်နှစ် ကျောင်းသားသပိတ်ကြီး ပေါ်ပေါက်ပြီးနောက် အမျိုးသားကျောင်းများ ပေါ်ပေါက်လာသည်။ 'အမျိုးသားကျောင်းများကို ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလနှင့် ၁၉၂၁ ခုနှစ်၊ ဇန်နဝါရီလအတွင်း နယ်အနှံ့အများဆုံး တည်ထောင်ခဲ့သည်'။[၁၅]

မြန်မာနိုင်ငံကို အင်္ဂလိပ်မအုပ်ချုပ်မီ 'သရေခေတ္တရာခေတ်မှသည် ပဒေသရာဇ်ခေတ်နောင်းကုန်ဘောင်ခေတ်အလယ်ပိုင်းအထိ ရဟန်းများက အမျိုးသားပညာရေးတာဝန်ကို ထမ်းဆောင်ခဲ့ကြသည်'။[၁၆] သံသရာမှ လွတ်မြောက်ရန် ကျင့်သုံးသော အရည်ဝါသီရဟန်းတော်များနှင့် လောကီရေးတွင် အတတ်ပညာများကို သင်ပြသော ဂါမဝါသီခေါ် ကျောင်းဘုန်းကြီးများရှိရာတွင် အမျိုးသားပညာရေး တာဝန်ကို ဂါမဝါသီများက ထမ်းဆောင်ခဲ့ကြသည်ဟု ဆိုပါသည်။

'ဤသို့ထွန်းကားခဲ့သော ပညာသင်ကြားရေးစနစ်သည် ဘုန်းကြီးကျောင်းပညာရေးအဖြစ် တည်ရှိနေခဲ့သည်'။[၁၇] ယနေ့အခေါ်မှာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း(ဘက)ပင် ဖြစ်သည်။ ထိုခေတ်က 'ဘုန်းကြီးကျောင်းများအပြင် အိမ်ကျောင်းဟု ခေါ်သော လူကျောင်းများလည်းရှိသည်' ဟူ၍ သိရလေသည်။[၁၈] အင်္ဂလိပ်ပညာရေးစနစ် ထွန်းကားလာသည့်အခါ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများလည်း ကျဆင်းလာခဲ့ သည်ကို တွေ့ရလေသည်။

တစ်ဘက်စာမျက်နှာသို့ ▶▶▶

သုံညဘဝမှ ထင်ရှားလာသူ

ဟာသဓာတုပညာရှင် ဆောလောဒယ်

စောဒီကိုးဒီ

'ကျနော်က အဆင့်နိမ့်တဲ့ အောက်ခြေ အလုပ်သမားတစ်ယောက်ပါ။ နေ့စားလိုက်လုပ်တယ်။

ထိုင်း–မြန်မာနယ်စပ်က ဝေါလေတို့၊ မောကဲထိုင်းတို့မှာ သွားနေတာ။ အဲဒီမှာ တိုက်ပွဲတွေဖြစ်တော့.. အထုပ်အပိုးတွေ ထမ်းပြီး ပြေးခဲ့ရတယ်'

'အဲစာ ဆိုတဲ့အမည်နဲ့ နာမည်ကြီးလာတဲ့ ကရင်ဟာသသရုပ်ဆောင် အသက် ၃၂ နှစ်ရွယ် ကျောလောအယ်ဟာ စစ်ပြေးဒုက္ခသည် ကရင်မိသားစုဘဝရဲ့ ခါးသီးလှတဲ့ အခြေအနေတွေကို ပြန်ပြောရင်း သူ့ဘဝရဲ့ အကြောင်းအရာတွေကို ဆက်ပြောပြပါတယ်။

အခုလို အခြေအနေ မရောက်ခင် ကလေးဘဝက နေ ဆယ်ကျော်သက်အရွယ်အထိ အောက်ခြေအလုပ်တွေကို လုပ်ရင်းဘဝကို ခက်ခက်ခဲခဲ ကျော်ဖြတ်ခဲ့ရတယ်လို့ ကျောလောအယ်က ပြောပါတယ်။

လက်ရှိအချိန်မှာတော့ သူကိုယ်တိုင် ရိုက်ကူး၊ တည်းဖြတ်၊ သရုပ်ဆောင်ထားတဲ့ ဟာသဗီဒီယိုတွေကြောင့် ဖေ့ခ်ဘွတ်ခ် လူမှုကွန်ရက်စာမျက်နှာကနေတဆင့် ကရင်အသိုင်းအဝိုင်းတွေကြားထဲလူသိများ ထင်ရှားလာတဲ့ အနုပညာရှင် ဖြစ်နေပါပြီ။

သူ့ရဲ့ဖေ့ခ်ဘွတ်ခ် စာမျက်နှာမှာဆို Follower တစ်သိန်းကျော် ရှိပါတယ်။

'သူများတဲတွေမှာ ဗီဒီယို လိုက်ရိုက်တဲ့အခါမှာ အဝတ်အစားဟောင်းတွေ၊ ပုဆိုးဟောင်းတွေကို ယူပြီး ဗီဒီယို ရိုက်ဖို့ အိုင်ဒီယာ ထွက်လာတယ်ပေါ့နော်။ သားက သူ့အဖေဆီမှာ ပိုက်ဆံလာတောင်းတဲ့ ဇာတ်လမ်းပေါ့။ အပျော်ရိုက်တာပဲ။ အဲဒီကနေစပြီး လူသိများလာတယ်။ ပရိသတ်တွေက ဒီထက် များများ လုပ်ဖို့ လာပြီး အားပေးကြတယ်။ အမှန်က အဲလို ပေါက်သွားလိမ့်မယ်လို့ ကျနော် ထင်မထားဘူးပေါ့နော်'လို့ သူစတင်ရိုက်ကူးခဲ့တဲ့ ပထမဦးဆုံး ဟာသ ဇာတ်လမ်းတိုလေးကို ကျောလောအယ်က ပြန်ပြောင်း ပြောပြပါတယ်။

တကယ်တော့ ကျောလောအယ်ရဲ့ ဘဝအခြေအနေက အနုပညာအလုပ် တစ်ခုတည်းကို ဦးစားပေးလုပ်နိုင်တဲ့ အနေအထားမျိုး မရှိပါဘူး။ စားဝတ်နေရေးအတွက် အချိန်ပြည့်လုံးပန်းနေရသူ ဖြစ်ပါတယ်။

ကျောလောအယ်က 'ကျနော်ဗီဒီယို ဇာတ်လမ်းတွေ အများကြီး လုပ်ချင်သေးတယ်။ ကျနော့်မှာလည်း အလုပ်သီးသန့် ရှိတာရယ်။ ဗီဒီယိုရိုက်ဖို့က တစ်ဖက်မှာ ဘော်ဒါဆောင်ကိုလည်း ကြည့်ရှုစောင့်ရှောက်ရသေးတယ်။ သိပ်အချိန်မပေးနိုင်ဘူး။ နောက်ပြီး ပစ္စည်းပစ္စယတွေလည်း အခက်အခဲရှိတယ်။ အခုသုံးနေတဲ့ ပစ္စည်းတွေက ရတဲ့လစာငွေအားလုံးက အဲဒီမှာပဲ သုံးနေရတယ်'လို့ ပြောပါတယ်။

သူ့ရဲ့ ရိုက်ကူးတင်ဆက်မှုတွေဟာ ပြည်တွင်း၊ ပြည်ပနဲ့ နယ်စပ်ဒေသရှိ ကရင်လူငယ်လူရွယ်အပြင် သက်ကြီးရွယ်အို၊ ကလေးငယ်တွေအထိ ကြိုက်နှစ်သက် အားပေးခဲ့ကြပါတယ်။

ကျောလောအယ်ရဲ့ ဟာသဗီဒီယို ဇာတ်လမ်းလေးတွေကို ရိုက်ကူးတင်ဆက်မှုနဲ့ပတ်သက်ပြီး ကရင်တေးသံရှင် တစ်ဦးဖြစ်တဲ့ နော်ဟဲလယ်မူက 'ကျမတို့ လူငယ်လူရွယ်တွေအကြားမှာ ကျောလောအယ်လိုမျိုး သူများကို ရယ်ရအောင် လုပ်ပေးနိုင်တဲ့သူကို တွေ့ရခဲတယ်။ အခုကျောလောအယ် လုပ်နေတဲ့ ဟာသတွေကို ကျမတို့ လူငယ်တွေချည်းပဲ ကြည့်တာ မဟုတ်ဘူး။ လူကြီးမိဘတွေကလည်း ကြည့်တာရှိတယ်။ ကျမ အကြိုက်ဆုံးက သူ ကြက်တူရွေးငှက် ဆပ်ပြာကြော်ငြာတဲ့ တစ်ခုပဲ။ တကယ်လို့ အဲ့ဒါနဲ့ သစ်ရင် သနပ်ခါးလိမ်းတာထက်တောင် မျက်နှာက ဖြူတယ်ပေါ့လေ။ အဲ့ဒါကိုတော့ အကြိုက်ဆုံးပါပဲ'လို့ ပြောပါတယ်။

ကျောလောအယ်ဟာ အနုပညာနဲ့ စိမ်းသူတစ်ယောက် မဟုတ်ပါဘူး။ သူ့မိခင်ဟာ ဇာတ်မင်းသမီး တစ်ဦး ဖြစ်ပါတယ်။ အနုပညာပါရမီခံရိုက်တဲ့ ကျောလောအယ်ဟာ သူဝါသနာပါတဲ့ ဟာသပညာကို နိုင်ငံတကာ ဗီဒီယိုတွေကို ကြည့်ရှုလေ့လာပြီး သူ့ပတ်ဝန်းကျင်က အကြောင်းအရာတွေကို ထိတွေ့ခံစားရင်း ဗီဒီယို ဇာတ်လမ်းတွေ ရေးသားဖန်တီးခဲ့တာ ဖြစ်ပါတယ်။

'အမေရဲ့ သွေးသားတွေက ကျနော့်ခန္ဓာကိုယ်ထဲမှာ ရှိနေမယ် ထင်တယ်ပေါ့နော်။ အများအားဖြင့်တော့ ကျနော်အင်္ဂလိပ်ဇာတ်ကားတွေကို ကြည့်တယ်။ ကျနော် ကိုယ်ပိုင်ပါရမီလည်း ရှိပြီးသားဖြစ်ပါတယ်။ သူများ ဘာလုပ်နိုင်းစေချင်လဲ ကျနော်လုပ်ပေးနိုင်တယ်ပေါ့နော်။ လမ်းမှာ သွားလာတဲ့ အခါမှာ လင်မယား နှစ်ယောက် စကားပြောတာပဲဖြစ်ဖြစ် အဲဒါကို ကျနော်တွေ့ရင် ဦးနှောက်ထဲမှာ ထည့်ထားတယ်။ အချို့ လူကြီးတွေ စကားပြောတဲ့အခါမှာ သူတို့စကားထဲမှာ ရယ်စရာစကားတွေ တစ်ခုခုများ ရှိနေမလား၊ အဲဒါကို တွေ့ရရင် ကျနော့် ခေါင်းထဲမှာ ထည့်ထားလိုက်တယ်ပေါ့နော်'လို့ သူက ပြောပါတယ်။

အခုလက်ရှိမှာတော့ ထိုင်းနိုင်ငံ၊ တာ့ခ်ခရိုင်၊ ဖုတ်ဖရမြို့နယ်က ကျေခက်ကျေးရွာမှာ နေထိုင်ပြီး အဲဒီကဘော်ဒါဆောင်တစ်ခုမှာ ကျောင်းကြိုပို့ ကား မောင်း အလုပ်ကို လုပ်ကိုင်နေပါတယ်။

'အဲဒီအချိန်တုန်းက အဓက်အခဲတွေက အများကြီး ရှိတယ်။ တစ်ခါတစ်လေမှာ ထမင်းစားရဘူး။ ရေမသောက်ရဘူး။ အဓက်အခဲတွေ အများကြီး ရှိတယ်။ တစ်နေရာပြီးတစ်နေရာ ရွှေ့ပြောင်းနေရတယ်ပေါ့နော်။ ပြီးမှ ကျနော့်အမေက ဒီဘော်ဒါဆောင်မှာ အလုပ်ရသွားတယ်'လို့ ဘဝကို ခက်ခက်ခဲခဲဖြင့် ရုန်းကန်ပြီး ဘော်ဒါဆောင်ကို စတင်ရောက်ရှိလာခဲ့ပုံကို သူက ပြန်ပြောင်းပြောပြတာပါ။

ကျောလောအယ်ဟာ ခက်ခဲကြမ်းတမ်းတဲ့ဘဝ ခရီးလျှောက်လှမ်းရင်း နာမည်ကျော် Social Media ကရင်အနုပညာရှင်တစ်ယောက် ဖြစ်တဲ့အထိ သူ့ရဲ့ ကြိုးစားအားထုတ်မှုဟာ ကရင်လူငယ်တွေအပြင် စစ်ရှောင်ဒုက္ခသည်ကလေးတွေအတွက် စံပြလူငယ် တစ်ဦးဖြစ်လာပါတယ်။

ကျောလောအယ်ရဲ့ အမာခံ ပရိသတ်တစ်ဦး ဖြစ်တဲ့ နန်းဂျူလိုင်မိုး 'စံနမူနာယူထိုက်တဲ့ လူငယ် တစ်ဦးပဲဖြစ်တယ်။ ဘာဖြစ်လဲဆိုတော့ သူ့ဘဝကို ရုန်းကန်ရပ်တည်လာတာ အောက်ခြေကစပြီး အခု အချိန်အထိ လူငယ်တွေဖြစ်စေ ကမ္ဘာပေါ်မှာရှိတဲ့ လူငယ်တွေအနေနဲ့ ထူးချွန်တဲ့သူတစ်ယောက်အနေနဲ့ မြင်တွေ့ကြတာပေါ့။ ဒါကြောင့် ကျမတို့ လူငယ်တွေ သူ့ရဲ့ အဆင့်ဆင့်သော ဘဝလို အတုယူသင့်တယ်။ လွယ်လွယ်နဲ့ အချုံးမပေးဖို့လိုတယ်။ ကိုယ့်ရည်ရွယ်ချက်ပန်းတိုင်ရှိတဲ့အတိုင်း ဖြောင့်ဖြောင့်တန်းတန်းနဲ့ ကိုယ့်ရည်မှန်းချက်ပြည့်မီတဲ့အထိ ကြိုးပမ်းသွားဖို့လိုတယ်'လို့ ပြောပါတယ်။

အောင်မြင်ချင်တဲ့ လူငယ်တွေအနေနဲ့ အချိန်ကို တန်ဖိုးရှိရှိ အသုံးချသင့်တယ်လို့ ကျောလော်အယ်က ပြောပါတယ်။

'လူတိုင်းမှာ သူ့ပါရမီနဲ့သူ ရှိကြတာချည်းပါပဲ။ အချိန်ရှိတဲ့အခါမှာ အကျိုးရှိရှိအသုံးချပါ။ လမ်းမှားပြီး မလျှောက်လှမ်းမိဖို့ပေါ့နော်။ အဲ့ဒါကို အားပေးချင်ပါတယ်။ အဲ့ဒါကို ချစ်တယ်၊ မြတ်နိုးတယ်ဆိုရင် ဒါကို တစိုက်မတ် မတ်လုပ်ပါ။ ကိုယ်လိုက်ရှာရင် ကိုယ်တွေ့မှာပဲ။ ဆုံးတဲ့နေ့ရက်ဆိုတာ မရှိဘူး၊ အသစ်အသစ်တွေကို အဖြေတမ်း ကြုံတွေ့မှာပါ'လို့ ကျောလောအယ်က တိုက်တွန်းပြောဆို သွားခဲ့ပါတယ်။

facebook.com/Aisa.video.studio.pro
youtube: Joh Law Eh

▶▶▶ တစ်ဘက်စာမျက်နှာမှအဆက်

ဘုန်းကြီးကျောင်းနှင့် အင်္ဂလိပ်ကျောင်း ကွာခြားချက်မှာ ခေတ်ပေါ်(ခေတ်မီ)လောကဓာတ်ပညာအမျိုးမျိုးကို အင်္ဂလိပ်ကျောင်းက သင်ပေးနိုင်ခြင်းပင် ဖြစ်သည်။ မြန်မာ့ပညာရေးသည်လည်း အင်္ဂလိပ်ခေတ်ရောက်မှ စတင်ဖွံ့ဖြိုးလာခဲ့သည်ဟု ဆိုနိုင်ပါသည်။

အထက်ပါ အင်္ဂလိပ်ခေတ် ကျောင်းသုံးကျောင်းတွင် ပညာလိုလားသူများ၏ အဆင့်အတန်းအလိုက် ပညာသင်ယူကြရသည်။ ကရင်တိုင်းရင်းသားများသည်လည်း ပညာသင်ကြားခွင့်ရရှိကြသဖြင့် ခေတ်ပညာတတ်တွေ ဖြစ်လာကြပြီး အစိုးရ၏ အမှုထမ်းအရာထမ်းတွေများစွာ (ဝန်ကြီးအထိ) ဖြစ်လာခဲ့ကြသည်။ သို့သော် ကရင်အများစုမှာမူကား နိမ့်ကျသည့် ဘဝများနှင့်သာ ရုန်းကန်နေကြရတုန်းပင် ရှိသေးသည် ဆိုရပါမည်။

ထိုစဉ်က အင်္ဂလိပ်ခေတ် ကရင့်ဘဝ အခြေအနေကို ကရင်စာရေးဆရာတစ်ဦးက 'ပဒေသရာဇ်ခေတ် ကုန်ဆုံးပြီး နယ်ချဲ့အင်္ဂလိပ် ကိုလိုနီခေတ်သို့ ရောက်လာသောအခါ နယ်ချဲ့များသည် ကရင်လူမျိုးများကို ခြွေကျိစားသယောင်ဖြင့် အသုံးပြုခဲ့သည်ကို တွေ့ရသည်။ မည်သို့ဆိုစေ နယ်ချဲ့အင်္ဂလိပ်တို့ကြောင့် ကရင်တို့၏ လူနေမှုဘဝ တိုးတက်ပြောင်းလဲလာခဲ့သည်ကိုတော့ မငြင်းပယ်နိုင်ပါ။ တစ်စုံတစ်ခုသော ဒုံဖြိတ်သူ လက်အောက်သို့ ကျရောက်ခြင်းမရှိသေးဘဲ ၁၈၈၅ ခုနှစ်ရောက်မှ ကျရောက်သည်။ ဖြိတ်သူလက် အောက် ကျရောက်သော အောက်မြန်မာနိုင်ငံ၌ ဒေါကလုကို လွတ်လပ်စွာဖြင့် ဖွဲ့စည်းနိုင်ခြင်းသည် ကရင်တိုင်းရင်းသားတို့၏ ပညာတတ်အမြော်အမြင်ကြီးမားမှုကြောင့်ပင် ဖြစ်သည်။ ပဒေသရာဇ် ဘုရင်မင်းလက်အောက်တွင် မည်သည့်တိုင်းရင်းသားအဖွဲ့အစည်းများမှ အမျိုးသားရေးအတွက် ဖွဲ့စည်းလှုပ်ရှားခွင့် မရရှိခဲ့ကြချေ။ ပဒေသရာဇ်မင်းများ အာဏာကြီးစိုးခဲ့သည်။

ထို့ပြင် အောက်မြန်မာနိုင်ငံ ဖြိတ်သျှလက်အောက် ရောက်ခဲ့ပြီး ကျန်ခဲ့သော အထက်မြန်မာနိုင်ငံ ဖြိတ်သျှ မသိမ်းခင်အချိန် ၁၈၃၂ ခုနှစ်တွင် စကော ကရင်စာပေ ပေါ်ပေါက်လာသည်။ ယင်းကရင်စာပေ ပေါ်ပေါက်သည်မှ စောတီသံပြာ ဘွဲ့ရရှိသော ၁၈၇၁ ခုနှစ်အထိ နှစ်ပေါင်း ၃၉ နှစ်အတွင်း၌ ကရင်စာပေနှင့် ပညာရေးသည် အတော်ကို ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီဟု ဆိုရပါမည်။ ကရင်အမျိုးသားတို့သည် ပညာရေး၌ နီးကြားကြိုးစား လာခဲ့ပြီးဖြစ်သည်။ သို့တွက်ကြောင့် နောက်ထပ် ၁၉ နှစ်အကြာတွင် ဒေါကလုအသင်းကြီး ပေါ်ပေါက်လာသည်နှင့် ကရင်အမျိုးသားတို့သည် အမျိုးသားရေး၊ နိုင်ငံရေး စသော အသိအမြင်တို့မှာ အဆက်မပြတ် ကျယ်ပြန့်စွာ တိုးပွားး၍ လာခဲ့သည်။ ဒေါကလု အသင်းကြီးသည် အိန္ဒိယနိုင်ငံရှိ ကွန်ဂရက်အသင်းထက် ၂ နှစ် စောပြီး မြန်မာနိုင်ငံ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး(YMBA)ထက် ၂၅ နှစ် စောနေသည်ကို တွေ့ရပါသည်။ ကရင်တိုင်းရင်းသားများသည် အထက်ပါအသင်းများထက် အမျိုးသားရေး၊ ပညာရေး အတွေးအမြင်တို့မှာ များစွာစောနေလျက်ရှိသည်ကို တွေ့ရမည်ဖြစ်သည်။

ထို့ကြောင့် ပညာဝန်ဦးဖိုးကျားက အင်္ဂလိပ်ခေတ်တွင် ပညာရေးကိစ္စ လုည့်လည်လုပ်ဆောင်ရင်း မြန်မာ ဆရာတော်တစ်ပါးနှင့်တွေ့ရာတွင် 'ကရင်လူမျိုးတွေဟာ တပည့်တော်တို့ တိုင်းရင်းသား လူမျိုးကြီးထဲမှာ ပါဝင်တဲ့လူမျိုးပေါ့။ အင်မတန် ရိုးသားကြတယ်ဘုရား။ ကရင်လူမျိုးအများအပြားလည်း သာသနာပြုဆရာများကြောင့် လောကီရေးရာ အတန်းစား၊ အတန်းတွေ မြင့်လာကြတယ်ဘုရား။ ဝမ်းသာစရာပဲ "ကရင်များဟာ တဖြည်းဖြည်း ကြီးပွားမှာ အမှန်ပဲဘုရား။" ပြီးတော့သူတို့ "သာသနာပြုဆရာများလည်းပဲ သူတော်ကောင်းများ ဖြစ်တာ တွေ့ခဲ့ရပါတယ်ဘုရား။" အယူဝါဒ ဆိုတာကတော့ မိမိနှစ်သက်ရာယူကြမြဲပဲ။ တပည့်တော်ပြောချင်တာက "သူတို့ကိုယ်ကျင့်တရား ပြည့်ပုံ၊ လုံ့လထက္ကရိပုံတို့မှာ အတုခိုးစရာပဲဘုရား။" တပည့်တော် ၇ တန်းအောင်တဲ့ အဲဒီပုသိမ်က တလိုင်းကရင်ကျောင်း (သို့) ခေါင်တောက်ကျောင်း (ဝိုးကရင်အလယ်တန်းကျောင်း)က ဆရာကြီး ဒေါက်တာခရွန်းခိုက် (Cron Khite)ဆိုတာ တပည့်တော်ကို တပည့်ရင်းချာ သားသမီးပမာ ကြည့်ရှုစောင့်ရှောက်ဖူးတဲ့ ပုဂ္ဂိုလ်ကြီး ပဲဘုရား'ဟု ထိုစဉ်က ကရင့်ပညာရေးတိုးတက်လာမှု၊ ဆရာကောင်းတွေရရှိမှု၊ လုံ့လဝီရိယရှိမှု၊ အယူဝါဒနှင့် ကိုယ်ကျင့်တရား ပြည့်ဝမှုတွေကို ဆရာကြီး ဦးဖိုးကျားက မှန်ကန်ရိုးသားစွာ တန်ဖိုးထားလျက် သူတွေ့မြင်ခဲ့သည့်အတိုင်း ရေးသားခဲ့သည်ကို တွေ့ရလေသည်။ (သာသနာပြုကိုယ်တော်နှင့် သာသနာ့ရန်ဆူးငြောင့်မှ)

မှတ်ချက်။ ဟင်္သာတမြို့၊ နိဗ္ဗာန်ရွာဇာတိဖြစ်သော ဆရာကြီး ဦးဖိုးကျားသည် ၁၉၁၅ ခု၊ အသက် ၂၄ နှစ်အရွယ်တွင် ဆရာတော်ဦးသုန္ဒရ ခေါ်ဆောင်၍ ပိုးကရင်ကျောင်းအကြီးအကဲ ဖြစ်သူ ဒေါက်တာ ခရွန်းခိုက်ထံတွင် အပ်နှံပါသည်။ အင်္ဂလိပ်မြန်မာ နှစ်ဘာသာ ၇ တန်းကို ပုသိမ်မြို့ ပိုးကရင်အလယ်တန်းကျောင်း၌ အောင်မြင်ခဲ့ပြီး ပုသိမ်မြို့ စကောကရင် အထက်တန်းကျောင်းသို့ ပြောင်းရွှေ့ပညာသင်ယူခဲ့သည်။ ၁၉၁၈ ခု၊ အသက် ၂၇ နှစ်တွင် အင်္ဂလိပ်မြန်မာ ဆယ်တန်းကို စကောကရင်ကျောင်း (တိုင်တစ်ရာ၊ ကိုသာဖြူကျောင်း)တွင် အောင်မြင်ခဲ့သည်။ ထို့နောက် ဂျပ်ဆင်ကောလိပ်သို့ ဆက်လက် ပညာသင်ကြားပြီး ၁၉၂၀ ပြည့်တွင် ကျောင်းသားသပိတ်မှောက်ရာတွင် ပါဝင်ဦးဆောင်ခဲ့သူ တစ်ဦးပင် ဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည် ... ။)

S. မင်းနိုက်သူ (PTN)

အမေရိကန် အခြေစိုက် AKO (Karen Organization of America) ၏ ဖွဲ့စည်းထားပုံနှင့် လုပ်ဆောင်မှုများနှင့် ပတ်သက်၍ ထိုင်း-မြန်မာနယ်စပ်တွင် ပြန်လည်ရောက်ရှိလာသည့် အဖွဲ့ အထွေထွေ အတွင်းရေးမှူး စောဂရယ်မူးအား ကေအိုင်စိက တွေ့ဆုံမေးမြန်းထား သည်များကို ဖော်ပြလိုက်ပါသည်။

KOA တွဲဖက် အတွင်းရေးမှူး စောဂရယ်မူး နှင့် တွေ့ဆုံခြင်း

KOA ပြန်လည်ဖွဲ့စည်းတဲ့နောက် စုစည်းမှုအခြေအနေ စိန်ခေါ်မှု၊ အောင်မြင်မှုတွေ ဘယ်လိုရှိလဲဆိုတာ ရှင်းပြပေးပါ။

KOA ဆိုတာက Karen Organization of American ပဲဖြစ်တယ်။ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ်ကတည်းက Karen Organization of United State of American-KOUSA နဲ့ Karen American Organization-KAO နှစ်ဖွဲ့ကို ပေါင်းလိုက်တာလည်း ဖြစ်တယ်။ ဘာဖြစ်လဲဆိုတော့ အမေရိကန်မှာ ကရင်ကို ကိုယ်စားပြုတဲ့အဖွဲ့အစည်း နှစ်ဖွဲ့ရှိနေတာက မသင့်တော်တဲ့အတွက်ကြောင့် ပါ။ ဖွဲ့စည်းပြီးတဲ့နောက်မှာတော့ ကျနော်တို့ လုပ်နိုင်တာတွေ ရှိသလို စိန်ခေါ်မှုတွေကိုလည်း ကြုံတွေ့ခဲ့ရပါတယ်။ အကျိုးသက်ရောက်မှုအနေနဲ့ ကျနော်တို့ ထောက်ခံအားပေးမှု လုပ်ငန်းတွေကို လုပ်ဆောင်နိုင်ခဲ့တယ်။ အဓိကအားဖြင့် အမေရိကန် လွှတ်တော်မှာ ကရင်လူထုတွေအတွက် လိုအပ်မှုတွေကို တင်ပြ ပြောဆိုနိုင်ခဲ့တယ်။

နောက်ပြီး အမေရိကန် ပြည်ထောင်စုမှာ နေထိုင်တဲ့ တခြားသော တိုင်းရင်းသားလူမျိုးတွေ အပြင် ကရင်လူမှု အဖွဲ့အစည်းတွေနဲ့လည်း ဆက်သွယ်လုပ်ဆောင်မှုတွေရှိတယ်။ ကြည့်မယ်ဆိုရင် အမေရိကန်မှာရှိတဲ့ ကရင့် လူ့အဖွဲ့အစည်းက လူငယ်တွေက ချိတ်ဆက် ပူးပေါင်းလုပ်ဆောင်မှုက နည်းတယ်။ ဒါကြောင့် KOA ကိုဖွဲ့စည်းလိုက်တဲ့ ရည်ရွယ်ချက်က အဖွဲ့အစည်းနဲ့ ကရင်လူမှုအဝန်းအဝိုင်းအကြား လက်တွဲလုပ်ဆောင်နိုင်ဖို့ပဲဖြစ်တယ်။ အခုဆို အမေရိကန်နိုင်ငံအနှံ့အပြားက ကရင်လူမှုအဝန်းအဝိုင်းတွေနဲ့ တော်တော်များများကို လက်တွဲချိတ်ဆက်နိုင်ပြီးဖြစ်တယ်။ တချိန်ထဲမှာပဲ စိန်ခေါ်မှုတွေကလည်း အများကြီးရှိတယ်။ ဘာဖြစ်လဲဆိုတော့ ကရင်အဖွဲ့တွေများတော့ အခြေမတူတာတွေကလည်း များစွာရှိတယ်။ အခြေမတူပေမယ့် အရေးကြီးတဲ့ ကရင်လူမှုအဝန်းအဝိုင်း အကျိုးအတွက် ကျနော်တို့ ပူးပေါင်းလုပ်ဆောင်နိုင်တာတွေတော့ ရှိတယ်။

လတ်တလော KOA ရဲ့အဓိကလုပ်ဆောင်ချက်တွေကို ပြောပြပေးပါ။

KOA ရဲ့ လုပ်ဆောင်မှုတွေက ချမှတ်ထားတဲ့ ရည်ရွယ်ချက် မျှော်မှန်းချက်အပေါ်မှာပဲ မူတည်တယ်။ အဓိက ရည်ရွယ်ချက်က Advocacy နဲ့ ပညာရေးဖြစ်တယ်။ ဆိုလိုတာက မြန်မာပြည်မှာရှိတဲ့ ကိုယ့်လူမျိုးတွေနဲ့ အမေရိကန်မှာရှိနေတဲ့ ကျနော်တို့ ကရင်လူမျိုးတွေ ချိတ်ဆက် ပူးပေါင်းလုပ်ဆောင်ဖို့နဲ့ သူတို့ကိုယ်စား ပြောပေးနိုင်ဖို့အတွက်ဖြစ်တယ်။ Advocacy အနေနဲ့က လွှတ်တော်ကိုယ်စားလှယ်တွေ၊ ပြည်နယ်ကိုယ်စားပြု ဌာနတွေအနေနဲ့ အမေရိကန်အစိုးရ ကိုယ်စားလှယ်ထံကို မြန်မာပြည်ရေးရာနဲ့ ပတ်သက်ပြီးတော့လည်းကောင်း၊ မြန်မာ ပြည်တွင်းထဲမှာ လူ့အခွင့်အရေး ချိုးဖောက်မှုတွေကိုလည်းကောင်း တချိန်ထဲမှာပဲ အမေရိကန်နိုင်ငံထဲက ကရင်လူမှုအဝန်းအဝိုင်းနဲ့ ပူးပေါင်းပြီး ပြည်တွင်းက ကရင်လူမျိုးတွေရဲ့ ပညာရေး အထောက်အပံ့တွေ အရေးပေါ် လူမှုရေးကိစ္စတွေကို ကူညီထောက်ပံ့ပေးတယ်။

တချိန်ထဲမှာပဲ လူငယ်ဖွံ့ဖြိုးရေးနဲ့ပတ်သက်ပြီး တစ်နှစ်တစ်ကြိမ် လူငယ်သင်တန်းတွေ နီးနော်ဖလုယ်မှုတွေ ပြုလုပ်တယ်။ လူငယ်တွေ အချင်းချင်း ဆုံတွေ့နိုင်ပြီး အနာဂတ်မှာ အတူလက်တွဲ လုပ်ဆောင်နိုင်ဖို့အတွက် ရည်ရွယ်တယ်။ ပညာရေးနဲ့ ပတ်သက်ပြီး အခြားတဖက်မှာ ကျနော်တို့ လူပ်ရှားဆောင်ရွက်နေတာကတော့ Education Field trip စပြီးလုပ်တယ်။ ဒီနှစ်မှာ ပထမဦးဆုံးအကြိမ် ပြန်လာပြီး မူတြော်(ဖာပွန်)ဘက်ကို စတင်သွားရောက်ခဲ့တယ်။ အထက်တန်းကျောင်းတွေ၊ ကောလိပ်ကျောင်းနဲ့ အထက်တန်းလွန်ကျောင်းတွေကို သွားပြီး လေ့လာခဲ့ပြီးတော့ ဒါကလည်း အမေရိကန်ရောက်နေတဲ့ ကရင်လူငယ်တွေအတွက် ပိုမိုပြီး ကိုယ့်လူမျိုးတွေကို ကူညီလိုမှု စိတ်အားထက်သန်လာအောင် လေ့လာရေး ခရီးစဉ်ပဲ ဖြစ်တယ်။

အဲ့ဒီခရီးစဉ်မှာ ဘာတွေလူပ်ရှားမှုရှိလဲ၊ အတွေ့အကြုံလေးတွေကို ပြောပြပေးပါ။

အခု ပြောသလိုပဲ ဒါက ပညာရေးနဲ့ပတ်သက်ပြီး ပထမဦးဆုံးအကြိမ် Field Trip ဖြစ်တယ်။ ဒေသခေါင်းဆောင်တွေ ဆရာ၊ ဆရာမတွေနဲ့ တွေ့ဆုံပြီး လူပ်ရှားမှုတွေ၊ သင်တန်းလေးတွေကို ကျောင်းသူကျောင်းသားတွေနဲ့ လုပ်ဖြစ်တာပေါ့။ မူတြော်က သွားခဲ့တဲ့ နေရာက လူငယ်တွေ အခြေအနေကို သိခဲ့ရတယ်။ မူတြော် လူငယ်တွေက ကျနော်တို့ကို တော်တော်လေး စိတ်အားထက်သန်မှုတွေကို ပေးခဲ့တယ်။ ဘာဖြစ်လဲဆိုတော့ အတော်ငယ်ရွယ်တဲ့ လူငယ်တွေ အသက်အားဖြင့် ၂၀ ကျော်လေးတွေက ဦးဆောင်ဦးရွက်လုပ်နေတာကို တွေ့ခဲ့ရတယ်။

ပညာရေးနဲ့ပတ်သက်လို့ပဲဖြစ်ဖြစ် အုပ်ချုပ်ရေးနဲ့ ပတ်သက်လို့ပဲဖြစ်ဖြစ် စစ်ရေးမှာပဲဖြစ်ဖြစ် လူငယ်တွေမှာ ကြီးမားတဲ့ အမျှော်အမြင်တွေ ရှိနေတာကို တွေ့ခဲ့ရတယ်။ အဲ့မှာ ပညာရေးပိုင်းမှာ လိုအပ်ချက်တွေကိုလည်း တွေ့ခဲ့ရတယ်။ ခရိုင်အတွင်း ပညာရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် လိုအပ်ချက်တွေကို တွေ့ခဲ့ရတယ်။ ဘာဖြစ်လဲဆိုတော့ အထက်တန်းလွန်နဲ့ ဂျူနီယာကောလိပ် အဆင့်လောက်ပဲရှိနေသေးတာကို တွေ့ရတယ်။

KOA အနေနဲ့ ရှေ့ဆက်လုပ်ဆောင်သွားမယ့်အကြောင်း အရာတွေက ဘာတွေရှိလဲ။

ဒါက KOA က ချမှတ်ထားတဲ့ ရည်ရွယ်ချက်နဲ့ မျှော်မှန်းချက်အပေါ်မှာပဲ မူတည်တယ်။ အနာဂတ်မှာ ကျနော်တို့ ချမှတ်ထားတဲ့ ရှေ့လုပ်ငန်းစဉ်တွေက အများကြီးရှိတယ်။ အရေးကြီးဆုံးက Advocacy လှုပ်ရှားမှုကို ဆက်လုပ်ဆောင်သွားမယ်။ အမေရိကန် ကွန်ဂရက်အနေနဲ့ မြန်မာပြည်အပေါ် ဖိအားပေးမှုတွေ လုပ်ဆောင်ပေးသွားဖို့ကို အရင်က ကျနော်တို့ စာတွေရေးသားတင်ပြပြီး လွှတ်တော်ကိုယ်စားလှယ်တွေကို သွားရောက်တွေ့ဆုံခဲ့တာမျိုး လူ့အခွင့်အရေး ချိုးဖောက်မှုတွေအတွက် စစ်တပ်ထိပ်ပိုင်း ခေါင်းဆောင်တွေကို အရေးယူမှုတွေ လုပ်ဆောင်ပေးဖို့ကို လုပ်ဆောင်ခဲ့တယ်။

အဲ့နောက်ပိုင်း ပြောင်းလဲမှုတချို့မြင်တွေ့ခဲ့ရပြီး အခုဆိုရင် မင်းအောင်လှိုင်(ဗိုလ်ချုပ်မှူးကြီး)အပါအဝင် မြန်မာစစ်တပ်က ထိပ်ပိုင်း ခေါင်းဆောင် ၄ ဦးနဲ့ အမျိုးတွေကို ပြည်ဝင်ခွင့်ပိတ်ပင်တားမြစ်ထားတာမျိုး တွေ့ရတယ်။ ဒါပြည့်နှံတယ်လို့တော့ မယူဆဘူး။ ဒီထက်ပိုပြင်းထန်တဲ့ အရေးယူပိတ်ဆို့မှုတွေ လိုအပ်တယ်။ ကျနော်တို့ရဲ့ အဓိကပစ်မှတ်က မြန်မာပြည်မှာ စစ်တပ်နဲ့ ပေါင်းလုပ်နေတဲ့ ကုမ္ပဏီတွေကို ဖိအားပိုမိုပေးဖို့ စေ့ဆော်လှုပ်ရှားမှုကို ပိုလုပ်သွားဖို့ရှိတယ်။ တချိန်ထဲမှာ သိထားတာက အမေရိကန် အောက်လွှတ်တော် -Lower House က မြန်မာပြည်ကို အရေးယူပိတ်ဆို့မှုတစ်ခုခုလုပ်ဆောင်ဖို့ ဆုံးဖြတ်ထားပြီးပြီ။ ဒါပေမယ့် အထက်လွှတ်တော်ကတော့ ဆုံးဖြတ်ချက် မရသေးဘူးလို့ သိထားတယ်။ ဒါကြောင့် လာမယ့်နှစ်တွေမှာ အထက်လွှတ်တော်က ကိုယ်စားလှယ်တွေနဲ့ ပိုမိုထိတွေ့ လုပ်ဆောင်သွားဖို့ ကျနော်တို့ ရည်ရွယ်ထားတယ်။ မြန်မာ တစ်နိုင်ငံလုံးကို မဟုတ်ဘဲ စစ်တပ်နဲ့ အကျိုးတူပူးပေါင်းနေတဲ့ ကုမ္ပဏီတွေကို အရေးယူပိတ်ဆို့နိုင်ဖို့ ကို ကျနော်တို့ လိုလားတယ်။

ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံးနဲ့က ဘယ်လို ပူးပေါင်းပါဝင်မှုတွေ၊ ချိတ်ဆက်မှုတွေ ရှိလဲ။

ပြီးခဲ့တဲ့နှစ်မှာ KOA ရဲ့ ပထမဆုံး အထွေထွေ ညီလာခံကို ပြုလုပ်ခဲ့ပြီး တခြားသော အဖွဲ့အစည်းတွေနဲ့ ပူးပေါင်း လုပ်ဆောင်မှုဆိုင်ရာ မူဝါဒတွေကို ချမှတ်ခဲ့တယ်။ ကျနော်တို့ KOA ရဲ့မူဝါဒတွေကိုတော့ ချမှတ်ထားပြီးပြီ။ အဖွဲ့အစည်းတိုင်းနဲ့ အတူတကွ ပူးပေါင်းလုပ်ဆောင်နိုင်တယ်။ မိခင်ကေအဲန်ယူ အပြင် ကရင်အဖွဲ့အစည်းတိုင်းနဲ့ သော်လည်းကောင်း၊ တခြားသော တိုင်းရင်းသားလူမျိုးတွေနဲ့ သော်လည်းကောင်း စိတ်ဝင်စားမှုအပေါ်မူတည်ပြီး ပူးပေါင်းလုပ်ဆောင်နိုင်တာပေါ့။

ကျနော်တို့အနေနဲ့ ဘယ်အဖွဲ့အစည်းကိုမှ ဆန့်ကျင်တဲ့ သဘောထားမရှိဘူး။ ကော်သူးလေ ဒေသထဲကဖြစ်စေ နယ်စပ်ဖြစ်စေ၊ ပြည်တွင်းဖြစ်စေ ပူးပေါင်းလုပ်ဆောင်သွားမယ်။ လုပ်ဆောင်သွားဖို့လည်း ရှိတယ်။ လောလောဆယ်တော့ မိခင် ကေအဲန်ယူ အဖွဲ့အစည်းနဲ့ အနီးကပ်ဆုံး လက်တွဲလုပ်ဆောင်မှုတော့ ဘာမှမရှိသေးဘူး။ ကျနော်တို့ သိထားတာက မိခင်အဖွဲ့အစည်းရဲ့အလုပ်ဆိုတာ ကျနော်တို့ရဲ့ အလုပ်မှမဟုတ်တာ။ ဒါပေမယ့် ကူညီနိုင်တဲ့အပိုင်းတော့ ကူညီပေးတာပေါ့။ ကျနော်တို့အလုပ်က ဒေသတွင်း လွတ်လပ်တဲ့အဖွဲ့အစည်းတွေနဲ့ ပိုပြီး ဆက်စပ်မှုရှိတဲ့အတွက် ကေအဲန်ယူအဆင့်ထိတော့ လက်တွဲလုပ်ဆောင်တာမျိုး မရှိသေးဘူး။

သူတို့အနေနဲ့ ကျနော်တို့ကို လွတ်လပ်တဲ့ အဖွဲ့အစည်းအပေါ်မှာလည်း နားလည်နိုင်သလို ကျနော်တို့ အနေနဲ့လည်း သူတို့အပေါ်မှာ နားလည်ထားပါတယ်။ ရှေ့ဆက်လည်း သေချာမပြောနိုင်သေးဘူး။ ဘယ်လို ဘယ်ပုံ လုပ်ဆောင်မလဲဆိုတဲ့ အစီအစဉ် မရှိသေးဘူး။ KOA အနေနဲ့ကလည်း ပြည်တွင်းဒေသဘက်မှာ ပညာရေးနဲ့ ပတ်သက်ပြီး ပိုဦးစားပေးနေတဲ့အတွက်ဖြစ်တယ်။ ပြည်တွင်းထဲက ဒေသခံပညာရေးအဖွဲ့အစည်း ခေါင်းဆောင်တွေနဲ့ လာမယ့်နှစ်တွေမှာ ပိုမိုထိတွေ့လုပ်ဆောင်သွားဖို့ ရှိတယ်။ ဘာဖြစ်လဲဆိုတော့ ပညာရေးက အဓိကလို့ ကျနော်တို့ မြင်တယ်။ ကျနော်တို့ ပညာရေး အခြေခံမကောင်းဘူးဆိုရင် ကျနော်တို့ ဖွံ့ဖြိုးတိုးတက်ဖို့ပဲ ဖြစ်ဖြစ်၊ နိုင်ငံရေးအရ လူပ်ရှားဆောင်ရွက်တာပဲဖြစ်ဖြစ် အောင်မြင်ဖို့ မလွယ်ကူဘူး။

ဖြိုးချမ်းရေးလုပ်ငန်းစဉ်အပေါ် ဘယ်လိုသုံးသပ်မိတာ ရှိလဲ။

ကျနော်တို့ ကေအဲန်ယူနဲ့ အစိုးရတို့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွေ ဖော်ဆောင်တာ ပြီးခဲ့တဲ့ ၂၀၁၁ ခုနှစ်၊ နှစ်ကုန်ပိုင်းလောက်ကစရင် အခုဆိုရင် ၈ နှစ် ၉ နှစ်လောက်ရှိနေပြီ။ ကျနော်တို့ မြင်တွေ့ရသလိုပဲ လုပ်ငန်းစဉ်တိုင်းမှာ အကျိုးရှိတာနဲ့ အကျိုးမရှိတာက ဒွန်တွဲနေတာပဲလေ။ ဒီအပစ်ရပ်အပေါ်မှာ ကောင်းကျိုးရှိတာကိုလည်း မြင်တွေ့ရတာပဲ။ ဥပမာ လူထုတွေအတွက် လုံခြုံရေးက အနည်းငယ်လေး ကောင်းမွန်လာတာပေါ့။ သွားလာရေးလည်း နည်းနည်းပေါ့။ တဆက်ထဲမှာပဲ အဓိကရည်မှန်းချက်နဲ့ ပတ်သက်ပြီးတော့ ဘာတစ်ခုမှ မရရှိသေးတာကို မြင်တွေ့ရတယ်။

ဆိုလိုတာက အပစ်ရပ်စတဲ့ အချိန်ကစပြီး ကျနော်တို့ ခရိုင်မြို့နယ်အသီးသီးကို ဆင်းတော့ ကြားသိရတာတွေ ရှိတာပေါ့။ စစ်တပ်ရဲ့ တပ်လှုပ်ရှားမှုတွေက အခုချိန်ထိ ရပ်တန့်သွားတာမျိုး မရှိသေးဘူး။ ငြိမ်းချမ်းရေး လုပ်တယ်ဆိုပေမယ့်လည်း ဟိုဘက်က မကောင်းကြံစည်တာမျိုးတွေလည်း အများကြီးရှိတာကို တွေ့ရတယ်။ ဖွံ့ဖြိုးရေး၊ အုပ်ချုပ်ရေးနဲ့ ပတ်သက်ပြီး နည်းလမ်းပေါင်းစုံနဲ့ ဝင်လာတာမျိုး ရှိတာပေါ့။ ပစ်ခတ်တိုက်ခိုက်မှုကလည်း တစ်ဖက်မှာကြည့်ရင် တပ်မတာခရိုင်တိုင်းလိုလိုမှာ အနည်းနဲ့အများ ရှိနေတာပဲ။ ဒီ ၈ နှစ် ၉ နှစ်အတွင်းမှာပဲ ကောင်းကျိုးတွေ ဖြစ်လာသလို ပြန်ချိန်ညှိကြည့်မယ်ဆိုရင်လည်း ဆိုးကျိုးတွေက ပိုမို များတာကိုလည်း တွေ့ရတာပေါ့။

ဘာဖြစ်လဲဆိုတော့ NCA မှာ နိုင်ငံရေး ဆွေးနွေးမှုတွေ ပါမယ်ပေါ့။ ဒါပေမယ့် NCA အပစ်ရပ်တဲ့

> အမေရိကန်လွှတ်တော်မှာ ကရင်လူထုအတွက် လိုအပ်ချက်တွေ တင်ပြ ပြောဆိုနိုင်ခဲ့တယ်

စာမျက်နှာ(၂၁)သို့ ▶▶▶

ဗိုလ်ချုပ် မန်းကျော်ပေ

ကိုယ်တိုင်ရေးမှတ်တမ်းတချို့

စောယောင့်သာအဲဆန်

လှခုဏ(လှခဏ္ဍာ) လှာကဒါ ရွာအကြောင်း မှတ်တမ်းတင်တော့မည်ဆိုလျှင် ရွာ၏ ဖြစ်စဉ်အားလုံး မည်မျှပြည့်စုံစေကာမူ ရွာဌဿမွေးပြီး ဆိုင်ရာဆိုင်ရာကဏ္ဍများတွင် ထူးချွန်ထက်မြက်သော အထင်ကရ ပုဂ္ဂိုလ်များအကြောင်းကိုလည်း ပါရတော့မည်။ အထင်ကရ ပုဂ္ဂိုလ်များထဲမှ ရှားရှားပါးပါး ကရင့်တော်လှန်ရေးခေါင်းဆောင် ဗိုလ်ချုပ်မန်းကျော်ဖေအကြောင်း မပါလျှင် ကွက်လပ်တစ်ခုကို လျစ်လျူရှုရာ ရောက်သကဲ့သို့ ဖြစ်နေပေလိမ့်မည်။

သို့အတွက် ဤစာတမ်းတွင် မှတ်တမ်းပြည့်စုံသည်ထက် ပြည့်စုံသွားအောင် လှခုဏာတိသား (ကရင်အမျိုးသား အစည်းအရုံး၊ ကရင်အမျိုးသား ကာကွယ်ရေးတပ်မတော်–KNDO) ဗိုလ်ချုပ်မန်းကျော်ဖေ အကြောင်း ရနိုင်သမျှရအောင် နီးစပ်ရာ မိသားစုများထံ ဆက်သွယ်မေးမြန်းဖြစ်သည်။ သို့သော် ဌာနတာဝန်နှင့် ပတ်သက်၍ နိုင်မာသော မှတ်တမ်း အချက်အလက်တွေ မရရှိဘဲ နှုတ်ပြောစကားဖြင့် ဟိုနည်းနည်း သည်နည်းနည်း အလွတ်သဘောသာသိရှိရပါသည်။ ဆက်လက်စုဆောင်းမှတ်တမ်းတင်ထားရန် ကြိုးစားပါသေးသည်။ အခြေအနေနှင့် အချိန်အခါကြောင့် ဗိုလ်ချုပ်မန်းကျော်ဖေ၏ ဘဝကောက်ကြောင်းကို ယနေ့အထိ ပုံမဖော်နိုင်ခဲ့သေးပေ။

စစ်ရေးနိုင်ငံရေး အခြေအနေအရ လူထုနှင့် ထိတွေ့ ဆက်ဆံမှု အားနည်း၍လော၊ မှတ်တမ်းမှတ်ရာ အားနည်း၍လော၊ ဗိုလ်ချုပ်မန်းကျော်ဖေသည် လှခုဏာ (လှာကဒါ) ရွာသားဖြစ်မှန်းတောင် လူတော်တော်များများ မသိကြချေ။ ဆွေမျိုး အသိုင်းအဝိုင်းနှင့် ရွာခံလောက်သာ သိကောင်းသိမည်။ တပ်မဟာ (၆) ဒူးပလာယာ ခရိုင်၊ ဝင်းရေးမြို့နယ်၊ ဝင်းရော်ဒေသခံများက ဗိုလ်ချုပ်မန်းကျော်ဖေကို အသိနည်းသည်။

ဗိုလ်ချုပ်မန်းကျော်ဖေ၏ ဘဝဖြတ်သန်းမှု၊ ကရင့်တော်လှန်ရေးအပေါ် ဆုံးခန်းတိုင် သစ္စာရှိမှု၊ ကရင်အမျိုးသား လွတ်မြောက်ရေးအတွက် ပေးဆပ်မှု...စသည့် လုပ်ဆောင်ချက်များနှင့် ဘဝဇာတ်ကြောင်းများကို ဒေသခံများ သိရှိအတုယူ လေးစားဂုဏ်ယူနိုင်ရေးအတွက် စာတစ်စောင် ပေတစ်ဖွဲ့ မှတ်တမ်းတင်ထားရန် ဆန္ဒရှိခဲ့သော်လည်း အကြောင်းကြောင်းကြောင့် အကောင်အထည် မဖော်နိုင်ခဲ့သေးပေ။ ဗိုလ်ချုပ်မန်းကျော်ဖေ မဆုံးခင် ကိုယ်တိုင်ရေးထားခဲ့သော မှတ်တမ်းတချို့ကိုတော့ မိသားစုဆီက တစ်ဆင့် လက်ခံရရှိထားပါသည်။ ဘဝဖြတ်သန်းမှု၏ တစ်စိတ်တစ်ဒေသမျှသာ ဖြစ်သည်။ ထပ်တူဆင့်ပွား တွေးထုတ်နိုင်ရေးအတွက် ပြန်ဖော်ပြပေးရလျှင်...

ဂျပန်ခေတ်နှင့် မိမိဘဝအစ

ကျနော်သည် မန်းကျော်ဖေ (ခေါ်) ငယ်နာမည် စောဖေ ဖြစ်သည်။ ၁၃၀၂ ခုနှစ် ဝါဆိုလဆန်း ၁ ရက်နေ့ (1940 July 4) အဘ မောင်အကျော် အမိ နော်မယာတို့၏ မွေးချင်း ၉ ယောက်အနက် ၇ ယောက်မြောက်ဖြစ်ပြီး ကြာအင်းဆိပ်ကြီးဖြို့နယ်၊ ဆိပ်ကလေးကျေးရွာအုပ်စု၊ လှာကဒါကျေးရွာတွင် မွေးဖွားခဲ့သည်။

ထိုခေတ်အခါသည် ဒုတိယကမ္ဘာစစ်ကာလ ဂျပန်ခေတ်အကြိုဖြစ်၍ ကျနော် ၁ နှစ်သားအရွယ်တွင် ဖက်ဆစ် ဂျပန်များ ဗမာပြည်အတွင်းသို့ တိုက်ခိုက်ချည်နှင်း ဝင်ရောက်အုပ်စိုးသော အချိန်ကာလ ဖြစ်ခြင်းကြောင့် ၎င်းဒုတိယ ကမ္ဘာစစ်၏ စစ်ဘေးစစ်ဒဏ်ကြောင့်လည်းကောင်း၊ ငတ်မွတ်ခေါင်းပါးခြင်း၊ ရောဂါဘယ ထူပေါခြင်း လူဆိုးသူဓိုက်များ ထကြွသောင်းကျန်းခြင်းနှင့် ဂျပန်ဖက်ဆစ်များ မတရားအုပ်ချုပ် အနိုင်ကျင့်မှုအောက် ကျိုးလန့်စာစား ပြုသမျှ ခါးစည်းခံကြရသော ဗမာပြည်ရှိ ပြည်သူလူထုများအနက် ကျနော်သည်လည်း တစ်ယောက် အပါအဝင် ဖြစ်ခဲ့ရသည်။

ထိုအချိန်တွင် နေ့စဉ်နှင့်အမျှ ကြားကြရသည့် သမိုင်းဆိုးများမှာ ဘီအိုင်အောပ်များက ကရင်ရွာထဲ ဝင်ပြီး မီးရှို့ လူသတ်သွားသည်ဆိုခြင်း၊ ကရင်ရွာအချို့ ရွာလုံးကျွတ် သတ်သွားသည်ဆိုခြင်း၊ ဇရာဝတီ မြစ်ဝကျွန်းပေါ်မှာ ကရင်–ဗမာ အဓိကရုဏ်း ဖြစ်ပြီး ဗမာက ကရင်လူမျိုးများကို အစိတ်သားမချန် လိုက်သတ်နေသည် ဟုဆိုခြင်း၊ ဂျပန်စစ်သားများက ကရင်လူမျိုးအချို့ကို အင်္ဂလိပ်သူလျှိုဆိုပြီး သတ်ဖြတ်နေသည်ဆိုခြင်းပင် ဖြစ်သည်။

တောမီးလောင် တောကြောင် လက်ဓမောင်းခတ် လူဆိုးသူခိုးဂိုဏ်းများ သူ့ထက်ငါ အားပြိုင် လုယက် တိုက်ခိုက်ကြတဲ့ ဓော်ဆိုးကြီးမှာလူဖြစ်၊ ပုန်းအောင်းကြီးပြင်းလာခဲ့ရတဲ့ ဘဝကို မိဘများ ပုံပြောသလို ပြန်လည်ပြောပြသည်မှာ ရင်နာစရာပင် ဖြစ်ချေတော့သည်။

ဗိုလ်ချုပ်မန်းကျော်ဖေသည် သူ၏သိတတ်စ အရွယ်နှင့် ပတ်သက်၍ ရေးသား မှတ်သားချက်များကို လွမ်းမောဖွယ်ရာထက် လူသားတစ်ဦး၏ ဖြတ်သန်းမှု အစစ်အမှန်ကို ပေါ်လွင်စေပါသည်။ သူ၏ တင်ပြမှုများသည် တကယ့်သက်ရှိ လှုပ်ရှားမှု တစ်ခုကဲ့သို့ ခြင်ယောင်နေရသည်။ အထူးသဖြင့် သူ့မိခင်၏ ကျောင်းကြိုကျောင်းပို့ သူမိခင်က ခုံဘမ်းအင်းကြီးကို လေတစ်စင်းနှင့် ကိုယ်တိုင် လှော်ဖြတ်ကာ သူ့ကို ကျောင်းပို့ အပ်နှံသောပုံရိပ်၊ ငယ်ဆရာ ဘုန်းကြီး ဦးဥက္ကံသနှင့် ဦးပဏ္ဍိစ္စတို့ ပုံရိပ်ကိုလည်း ခြယ်မှုန်းထားသေးသည်ကို တွေ့ရသည်။

မိမိသိတတ်စအရွယ်၏ ဘဝနိဒါန်း

လူဆိုးသူခိုးများ အုပ်စုဖွဲ့ ဆိုးသွမ်းတိုက်ခိုက်နေကြတဲ့ ကာလမှာ သူရဲကောင်း သတ္တိခဲအဖြစ် ပေါ်ပေါက်လာသူမှာ ခုံဘမ်းကျောင်း ဘုန်းကြီးမောင်နဲပုံး (ခေါ်) ဦးဥက္ကံသ ဖြစ်သည်။ ရွာတွင်းရှိ ကလေးသူငယ်များနှင့်တကွ အနယ်နယ် အရပ်ရပ်ရှိ ကလေးသူငယ်များပါ စုစည်းစာသင်ပေးလျက်ရှိရာ ခုံဘမ်းကျောင်း ဂုဏ်သတင်းသည် ဒေသအတွင်း ပျံ့နှံ့လျက်ရှိသည်။ ထိုစဉ်တွင် ကျနော့်အသက် ၇ နှစ်မျှပင် ဖြစ်သည်။ 1947, July 3 ရက်နေ့ (၁၃၀၉)ခုနှစ် ဝါဆိုလဆုတ် ၁ ရက် ကြာသပတေးနေ့ပင် ဖြစ်၏။

မေမေသည် ပန်းဖယောင်းတိုင်ကိုင်၍ ကျနော်အား ခုံဘမ်းကျောင်း ဆရာတော်ထံ ကျောင်းအပ်သည်။ ခြေမကျိုး၊ လက်မကျိုး၊ မျက်လုံးမကန်းရင် တော်ပြီလို့ မေမေဆိုသည်။ ထိုစဉ်ဝယ် ကျောင်းအအုပ်ခံ ဆိုပေမယ့် လုံချည်ဟောင်း တစ်ထည်နှင့် အင်္ကျီဟောင်းတစ်ထည်သာ ရှိသည်။ ကျောင်းအိပ်ကျောင်းစား မဟုတ်လို့သာ တော်ပါသေးရဲ့။ မနက်မှာ ခုံဘမ်းတောင်အရှေ့ဘက် လိုင်ဆစ်မှနေ ခုံဘမ်းအင်းကြီးကို ကျော်ဖြတ်ကာ မေမေ လှေနှင့် ကျောင်းပို့သည်။ ညနေ ၄ နာရီ မေမေလှေနှင့် လာကြိုသည်။ အိမ်အရောက်မှာ ကျနော်သည် အင်္ကျီလုံချည်များကို ကပြာကယာ လျှော်ဖွပ် မီးကင်၊ မနက်ကောက်ဝတ်၊ မေမေက ထုံးစံအတိုင်း လှေနှင့် ကျောင်းပို့၊ မေမေ အပြန် မေမေ၏ ကျောပြင်ကို မျှော်ရင်းငိုခဲ့ရတဲ့ ရက် မရေတွက်နိုင်သလို ထမင်းစားရသေးလို့ ကျောင်းနောက်ကျမှာစိုးပြီး ငိုခဲ့ရတဲ့ ရက်တွေလည်း မနည်းပါ။

– ဘူးသီးနုနု မခူးရ၊ ငါ၏ ဒူးနာ၏

– ဘဉီးရေကူးနေသည် ဆေးကုန်မရပါ စသည် စသည်ဖြင့် ကလေးဘဝ ဖတ်စာလေးများ ဖတ်လိုက် ရပြန်တော့ ပျော်လိုက်လေခြင်း။

ထိုကြောင့် ခုံဘမ်းသည်မိမိဘဝ၊ ခုံဘမ်းသည် မိမိမှီခိုရာ၊ ခုံဘမ်းသည်မိမိဘဝ တက္ကသိုလ် ဖြစ်ခဲ့ရလေသည်။ မိမိဘဝကို အလှဆင်ပေးခြင်းပေတည်း။ ကျေးဇူးဆပ်လို့ မကုန်၊ လှာကဒါခုံဘမ်း ဘုန်းကြီး ဦးဥက္ကံသနှင့်အတူ ကျေးဇူးတရားကြီးမားခဲ့သူမှာ တံခွန်တိုင် အရှေ့ကျောင်း ဘုန်းကြီးသောင်ခါ ဖါထော့ (ခေါ်) ဦးပဏ္ဍိစ္စပင် ဖြစ်သည်။

မှတ်ချက်။ မည်သို့မည်ပုံ ကျေးဇူးတရားများ ကြီးခဲ့ပုံကို အကြောင်းညီညွတ်လျှင် အကျယ်တဝင့် ရေးသား တင်ဆက်သွားပါမည်။ သို့သော် ယခုတွင် ဆရာတော်နှစ်ပါး၏ ကျေးဇူးတရားကို အနည်းငယ် ဖော်ပြသွားပါမည်။ ဦးပဏ္ဍိစ္စသည် မျိုးချစ်ဘုန်းကြီး တစ်ပါး ဖြစ်သည်။ ရဲစွမ်းသတ္တိနှင့် ပြည့်နှဲ့ပြီး တောရော မြို့ပါ အပေါက်အရောက်ရှိသည်။ ထိုစဉ်က မြို့မှ တောသို့ ဓာတ်ခဲတစ်လုံးပင် ယူဆောင်ခွင့် မရှိရှိနိုင်တွင် တံခွန်တိုင်ဘုန်းကြီးသည် စာအုပ်များ၊ ကျောက်တံ၊ ခဲတံ၊ စာအုပ်လွတ် (ဗလာ စာအုပ်)၊ ကျောက်သင်ပုန်းများ မိမိတို့ ခုံဘမ်းကျောင်းအတွက် ကြာခဏကူညီပံ့ပိုးခဲ့သည့်အပြင် ခုံဘမ်းသို့ မကြာ မကြာကြွပြီး ဆန်အိတ်၊ ဆီပုံးများပါ ကူညီလျက် ရှိသည်။

ကျောင်းရှိ၍ ဆရာ မရှိ၊ ဆရာရှိ၍ ကျောင်း မရှိ၊ ကျောင်းရှိသည်၊ ဆရာရှိသည်၊ လုံခြုံမှုမရှိ၍ မသင်ရဲဖြစ်နေချိန် ခုံဘမ်းသည် စာသင်စာချဖြင့် စည်ကား

စာမျက်နှာ(၁၈)သို့ ▶▶▶

▶▶▶ စာမျက်နှာ(၁၇)မှအဆက်

လျက် ရှိပေသည်။ သင်ကြားပို့ချပွဲမှာ ဘုန်းတော်ကြီး ကျောင်း သင်ရိုးဆိုပေမယ့် ဦးဖိုးကျား ရေးသားသော ဖတ်စာအုပ်များ၊ ဂဏန်းသချာ်များ၊ မြန်မာ့သမိုင်း၊ ကမ္ဘာ့သမိုင်းစာအုပ်များ၊ ပထဝီ စာအုပ်များပါ အခြေခံသင်ကြားလျက်ရှိရာ စာပေတတ်မြောက်သူ များပြားခဲ့ပါသည်။ ထို့ကြောင့် မိမိဘဝ ရှေ့ခရီးကြမ်း အတွက် ကြီးမားသော အထောက်အကူများစွာ ရခဲ့ သည်။

ဗိုလ်ချုပ်မန်းကျော်ဖေသည် အသက် ၁၀ နှစ် ကျော်အရွယ်တွင် ကိုရင်ဝတ်ပြီး အသက် ၁၅၊ ၁၆ အရွယ်တွင် လူဝတ်လဲကာ ကျေးလက်ဒေသ အလုပ် ဖြစ်သော အလုပ်ကြမ်းကိုလုပ်ရန် ကြိုးစားသေးသည်။ သူ၏ ဖော်ပြချက်အရ ထိုစဉ်က နေ့စားအလုပ် လုပ်အားခ တစ်နေ့နှစ်ကျပ် (၂ ကျပ်) သာရသည်ဟု ဆိုသည်။ ထိုကာလ စပါးတစ်တင်း (၁ တင်း)ဖိုး ကလည်း နှစ်ကျပ်ရှိသည်ဟု ဆိုထားပြန်သည်။ ဤကဲ့သို့ အောက်ခြေ လူတန်းစားဘဝကို ဖြတ်သန်း ရင်း တစ်နေ့ ကရင့်တော်လှန်ရေး ခေါင်းဆောင်တစ်ဦး၏ အဆိုအမိန့်ကို ကြားမိမှတ်သားမိ၍ မှာစဝါဒနှင့် ဒီမိုကရေစီလမ်းစဉ်ကို စတင် လေ့လာမိသည်ကို အောက်ပါအတိုင်း ဖော်ပြထားသည်။

ရှင်သာမဏေ ဘဝသို့

ကျနော်အသက် ၁၃ နှစ်အရွယ် ၁၉၅၃ ခုနှစ်မှာ ကော့လုံဆရာတော် (ထိုစဉ်က လှိုင်ကန္ဒီ အရှေ့ ကျောင်းဆရာတော်)ကို ဥပဇ္ဈာယ်ပြုပြီး ရှင်ပဏ္ဍိတ ဟူသော ဘွဲ့ဖြင့် ရှင်သာမဏေဘဝသို့ ရောက်ရှိခဲ့သည်။ သာမဏေဘဝတွင် ကောကုတ္တရာ စာပေ အခြေခံများ မင်္ဂလသုတ်မှ အဆင့်ဆင့် ရှင်ကျင့်ဝတ်(သေခိယ)၊ သင်္ဂီလ် ၉ ပိုင်းအထိ အချိန်နှင့် တပြေးညီစွာ သင်အံ ပြန်ဆိုနိုင်ခဲ့သည်။

ရှင်သာမဏေ ၃ ဝါအရွတွင် မိဘကူညီရန် ဆန္ဒနှင့် ရှင်သာမဏေဘဝမှ လူဝတ်လဲခဲ့သည်။ ရှင်သာမဏေဘဝမှ လူထွက်ပြီး မိဘအလုပ်ကို ကူညီရန်ဆန္ဒရှိသော်လည်း ကောက်စိုက်၊ မျိုးနုတ်၊ နီးဖြာစသည့် အလုပ်များနှင့် အကျွမ်းတဝင် မရှိ သဖြင့် မိဘကိုကူညီမည့်အစား မိဘရဲ့ ဝန်ထုပ်ဝန်ပိုး ပင် ဖြစ်ခဲ့ရသည်။ အပေါင်းအသင်းများနှင့် သစ်ခုတ် ဝါးခုတ်၊ ထင်းခွဲ၊ လွှဆွဲ အလုပ်ကို လုပ်ပါသော်လည်း အဆင်မပြေခဲ့။ နေ့စားအလုပ်ကို နေ့ပူထဲ တစ်နေကုန် လုပ်မှ နှစ်ကျပ်သာရရှိသည်။ စပါးတစ်တင်းမှာ နှစ်ကျပ်ဈေးဖြစ်တော့ တစ်နေ့လုပ်အားသည် စပါး ၁ တင်းဖိုးသာ ရသည်။ ရုန်းကန်လှုပ်ရှားရသော ကျောမွဲ လူတန်းစားတို့၏ အခြေခံ ဖြစ်စဉ်ကို စူးစမ်းလေ့လာရန် ဆန္ဒပြင်းပြလာခဲ့ရတော့သည်။

ထိုအခါ ကရင့်တော်လှန်ရေး ခေါင်းဆောင် တစ်ယောက်၏ အဆိုအမိန့်ကို အောက်ပါအတိုင်း အမှတ်ရ၍ လူထုလူတန်းစားတို့၏ဘဝ ကွင်းကွင်း ကွက်ကွက် ပေါ်လာလေတော့သည်။

- နယ်ချဲ့၊ အင်္ဂလိပ်ခေတ်နှင့် ကရင်လူမျိုးများ ဘဝ
- ဖက်ဆစ်ဂျပန်ခေတ်နှင့် ကရင်လူမျိုးများ ဘဝ
- ဘီအိုင်အေတို့၏ ဗိုလ်ကျ အနိုင်ကျင့်မှု
- ဖဆပလ အစိုးရ၏ မတရားအုပ်စိုးမှုနှင့် အုပ်စိုးခံ ကရင်လူမျိုးများဘဝ
- မဟာလူမျိုးကြီး ဝါဒီများ လက်နက်အားကိုး အနိုင်ကျင့်မှု
- လူလူချင်း မတရားစီးပွားရှာ သွေးစုပ် အမြတ် ထုတ်မှု

စသည့်အကြောင်းအရာအောက်မှာ ကရင်တစ် မျိုးသားလုံး၏ တစ်ခုတည်း ထွက်ပေါက်သည် တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော ကရင် ပြည်ထူထောင်ရေးပင်ဖြစ်၏ဟူသော အတွေးအမြင် သည် မိမိစိတ်အစဉ်မှာ မြဲမြံစွာ စွဲကပ်ခိုလှုံလျက် ရှိ ချေတော့သည်။ ထိုစဉ် ဒေသအတွင်း အမျိုးသားရေး အခန်းကဏ္ဍကို ရှေ့တန်းတင် တက်တက်ကြွကြွ စည်းလုံးလှုံ့ဆော်သူတို့မှာ **ဖန်ကဒါ နဲ့ဒွေဘိန်းနှင့် ခလယ်တံခွန်တိုင် မောင်နဲ့ပေါ်** တို့ပင် ဖြစ်ကြသည်။ မောင်နဲ့ပေါ်၏ အမျိုးသားရေး နိုင်ငံရေးဟောပြော ရှေ့ဆောင်မှုသည် မိမိ၏နိုင်ငံရေး အမျိုးသားရေး အသိအမြင်များ တိုးပွားစေခဲ့သည်။ နောက်တစ်ဖန် မောင်ကျော်ဌေးခင် (ခ) ပခိုမန်းချယ်၏ ရှေ့ဆောင် မှုဖြင့် ဦးချစ်ညီမှ သင်ကြားပို့ချသော မှ(စ်)ဝါဒနှင့် ဒီမိုကရေစီလမ်းစဉ်သင်တန်းကို မောင်ကျော်ဌေးခင် (ခ) ပခိုမန်းချယ်၊ ပခိုမန်းကျော်ဒင် တို့နှင့်အတူ တက်ရောက် သင်ယူ မှတ်သားနိုင်ခဲ့သည်။

ဗိုလ်ချုပ်မန်းကျော်ဖေသည် တပ်မဟာ (၆) ဒူးပ လာယာခရိုင် ပခိုမန်းချယ်၊ ပခို မန်းကျော်ဒင်တို့နှင့် တွဲမိပြီး ရည်မှန်းချက်ကြီးကြီးဖြင့် ရှေ့ခြေလှမ်းလှမ်း ရန် ပြင်ဆင်သည်ဟု ဆိုရမည်။ ဤနေရာတွင် သူ၏ ရေးသားချက်မှာ စာမျက်နှာ တစ်ခုပျောက်နေပါ၍ ခြွယ်မှုန်းပုံဖော်ရခက်သည်။ ရှိသည်လေးနှင့်ပင် ဖော်ပြရတော့သည်။

မိမိဘဝရှေ့ခြေတစ်လှမ်း

မိမိ၏ ရှေ့ခြေတစ်လမ်းကို လှမ်းနိုင်ရန် အ မျိုးသားရေးခေါင်းဆောင်အချို့နှင့် ပခိုမန်းချယ် (ခေါ်) မောင်ကျော်ဌေးခင်သည် အဓိကအခန်းတွင် ပါဝင်သည်။ ရည်မှန်းချက် ရှိသည်။ ရည်ရွယ်ချက် ရှိသည်။ ကြီးမားသော ဦးတည်ချက် ရှိသည်။

ထို အချိန်သည် မျိုးချစ်ခေါင်းဆောင်ကြီး မောင်နဲ့ပေါ် မရှိတော့လေပြီ။ စောစောကပင် တံခွန် တိုင်အနောက်ကျောင်း တန်ဆောင်တိုင်ပွဲတော်တွင် ဗမာ့တပ်မတော် လက်ချက်ဖြင့် စောစီးစွာ ကျဆုံး သွားခဲ့ရရှာသည်။ အလျဉ်သင့်လျှင် မောင်နဲ့ပေါ် ကျဆုံးခြင်းကို တင်ဆက်သွားပါမည်။

ဗိုလ်ချုပ်မန်းကျော်ဖေသည် စစ်မြေပြင်အတွင်း မြေစာပင် ဖြစ်ခဲ့ဖူးသော လှ၁ခုခု (လှကဒါ) ရွာသူ ရွာသားများ၏ ပုံရိပ်တစ်ကွက်ကိုလည်း ကိုယ်တွေ့ မှတ်တမ်းတင်ထားနိုင်ခဲ့သည်ကို တွေ့ရသည်။ လှ ခုဥာရွာ တည်ရှိရာနေရာသည် ဝင်းရော့(ဝေါင်းရော့) မြစ် အရှေ့ဘက်ကမ်းနှင့် ဇမိ(သမိုက်)၏ အရှေ့ ဘက်ခြမ်းတွင်ရှိသည်။ စစ်ရေးအရဆိုလျှင် မြစ် ကြောင်းနှစ်ကြောင်းက ခြံစည်းရိုးကတုတ်ကဲ့သို့ ဖြစ် နေသည်။ ထို့ကြောင့် ဖြစ်မည်။ ကရင် အမျိုးသား အစည်းအရုံး ဒူးပလာယာခရိုင် အခြေခံဒေသတစ်ခုဟု ဆိုလျှင် ဆိုနိုင်လောက်သည်။ ထို့ကြောင့်လည်း တပ်မတော်စစ်ကြောင်းက ရန်သူ့နယ်မြေအဖြစ် သတ်မှတ်ပြီး ဝင်ထွက်သွားလာတိုင်း တိုက်ပွဲဖြစ်မြဲ ဖြစ်သည်။ တိုက်ပွဲဖြစ်ပြီဟုဆိုလျှင် တွေ့.သမျှ လူ တွေကို လုပ်ချင်တိုင်းလုပ်ကြသည်ကို ဗိုလ်ချုပ် မန်းကျော်ဖေက သူ၏ မှတ်တမ်းတွင် ခုနှစ်သက္ကရာဇ် နှင့်တကွ ဖော်ပြထားပေသည်။

ခုံဘမ်းကျောင်းအလှကို အနီရောင်ဆိုးလိုက် သော နံနက်ခင်း၏ ငရုပ္ပတ်သံ

၁၉၆၁ ခုနှစ် မေလ ၂၀ ရက် မနက် ၇ နာရီ အချိန်သည် လှကဒါ ခုံဘမ်းကျောင်း သဘာဝအလှ ကို ရိုင်ဖယ်သံ၊ ဘရင်းစတင်းသံ၊ မော်တာသံများ လွှမ်းမိုးပြီး အော်သံဟစ်သံ အမိန့်ပေးသံတို့က နား ကွဲလုမတတ် ဆူညံလျက် ရှိတော့သည်။ ကရင်လက် နက်ကိုင် အင်အားစုတစ်စုက 'ဟေး...ဟေး၊ မပစ် ကြနဲ့ မပစ်ကြနဲ့၊ ရွာနာမယ်၊ ဒီမှာ ရဟန်းသံဃာလည်း အများကြီး၊ အားလုံးထိခိုက်ကုန်လိမ့်မယ်၊ ရွာ အပြင်မှာ ထွက်ခံမယ်'ဆိုပြီး အစောကြီးကပင် ထွက်ခွာသွား ကြလေပြီ။

တစ်ဘက်ပစ်ခတ်နေကြသည့် ဗမာ့တပ်မတော် များကတော့ဖြင့် ပစ်တုန်း စုတုန်း အမိန့်ပေးတုန်း ဖြစ်သည်။ ညာသံပေးနေတုန်း ဖြစ်သည်။ 'ဟေး... ဟေး ပစ်ကြ ပစ်ကြ၊ တစ်ယောကျမှ မလွတ်စေနဲ့၊ ဗမာ့တပ်မတော်ကွ လက်နက်ချ လက်နက်ချ' ဆို သော အော်ပြောသံနှင့်အတူ တုန့်လှုပ်စရာ အသံ တစ်ခုမှာ **"ပစ်..ပစ် ဦးတည့်ရာပစ်၊ ဒီမှာငါတို့ အမျိုးတွေ တစ်ယောကျမှ မရှိဘူး"** ဆို တာပါဝဲ။ ရင်နာစရာ ကောင်းလိုက်လေခြင်း။

ထိုအချိန်တွင် ရွာအရှေ့ပိုင်း (ခုံဘမ်းပိုင်း)ရှိ ယောကျ်ားမိန်းမ တွေ့.သမျှလူ အားလုံးကို သေနတ် နှင့်ထောက်ပြီး ကျွမောင်းနွားမောင်း ကျောင်းအတွင်း မောင်းဝင်လာကြတော့သည်။ မောင်းဝင်လာသော လူပေါင်းက တစ်ရာထက် မနည်းပေ။ ထိုလူများကို မေးမြန်းရိုက်နှက် ထုထောင်းကြလျက်ရှိရာ ဦးအ ကြူး၊ ဦးဘိုးဟိန်၊ ဦးမူလူတို့သည်ပင် သွေးတရဲရဲ ဖြစ်နေရချိန် ကျနော့်အဖေ ကျောင်းဒကာ (အသက် ၇၀ နီးပါး)ကို အားရပါးရ ရိုက်နှက်တာမြင်တော့၊ 'ဒကာကြီးတို့ သည်းခံကြပါ၊ ဒီလူတွေအားလုံး ရွာ သားတွေပါ ဦးဇင်းတို့ ဒကာအစစ်ပါ မရိုက်ကြပါနဲ့' တောင်းပန်ပေမယ့် ကျောင်းပတ်ပတ်ချာလည်တွင် ရိုက်နှက်ထုထောင်းသံ ဆိုသံဆဲသံ ငိုယိုသံတို့သည် ငရဲပွက်သံတမျှ ဆူညံလို့ ရှိပါလေတော့သည်။

ဆက်လက်ပြီး နွေရာသီ တစ်နေ့သောအခါတွင် တိုက်ပွဲခေါ်သံ၏နောက်၌ လှ၁ခုခု (လှကဒါ) ရွာသူရွာသားများ အယောက် ၅၀ ကျော် တပ်မတော် စစ်ကြောင်းက ခေါ်သွားသဖြင့် ပါသွားခဲ့ရပုံ၊ တပ် မတော်၏ လက်နက်ကျည်ဆံသေတ္တာ ထမ်းပေးနေရ ပုံနှင့် ခရီးတစ်ဝက်ကျော်လောက်အရောက်တွင် အစ်ကိုပါပုနှင့် မန်းမွေးတို့နှစ်ဦး လူလောကမှ သွေး သံဖြင့် နှုတ်ဆက်ထွက်ခွာ သွားရပုံတွေကို ရေး ထားရင်း သေဆုံးသူ၏ မိခင်က ငိုကြွေးသောက ရောက်ခဲ့ရပုံတွေကို ဖော်ပြရာတွင် အသက်ဝင်လွန်းလှ သည်။

မေမေ့ သားကြီးပါပု ကံဆိုးရှာပြီ

ခုံဘမ်းကျောင်းဝင်းအတွင်း သွေးထွက်သံယိုမှု ရိုက်ပွဲကြီး ပြီးသွားလေပြီ။ အချိန်သည် မွန်းလွဲ ၃ နာရီခန့် ဖြစ်သည်။ ငွေရှိန်၊ ပန်းမွှေး အစ်ကိုပါပု တို့သည် သွေးသံရဲရဲဖြင့် ၎င်းသုံးယောက်တို့နှင့် အတူ ရွာသားအယောက် ငါးဆယ်တို့သည် ဗမာ့ တပ်မတော်အမည်ခံ စစ်ဘီလူးတို့၏ ချီတက်ရာ နောက် ကျည်သေတ္တာထမ်း လိုက်ပါကြရှာသည်။ နောက်ရက် ၁၉၆၁ ခုနှစ် မေလ (----)ရက်နေ့မှာ ရွာသားအယောက် ငါးဆယ်ပြန်ရောက်ခဲ့ကြပေမယ့် အစ်ကို ပါပုနှင့် ငွေရှိန်၊ ပန်းမွှေးတို့ မပါလာကြပေ။ ၇ ရက်မြောက်နေ့မှာ ဖားပြဒေသ မြေနီကုန်းရွာအနီး ကြာအင်းခေါ်တဲ့ အင်းစောင်းမှာ အစ်ကိုပါပုနှင့် ပန်းမွေးတို့နှစ်ယောက် မရှုမလှ သွေးသံရဲရဲဖြင့် ဗမာ့ တပ်မတော်များ လက်ချက်ဖြင့် သေဆုံးသွားကြရှာပြီ ဆိုသည့် သတင်းကို မေမေ ကြားသိရ၍ သားသံယော ဇဉ်နှင့် မအိပ်မစားနိုင်ဖြစ်ကာ အရိုးပေါ်အရောတင် ဖြစ်ခဲ့ရရှာသည်။ ဩ မိခင်မေတ္တာ.... မိခင်၏မေတ္တာ ကြီးမားလုပါပေ၏။

ဤသို့ဖြစ်ပြီးနောက်ပိုင်း ဗိုလ်ချုပ်မန်းကျော်ဖေ သည် ရွာသား အသတ်ခံရသည်နှင့် ပတ်သက်၍ အခံမကျေဖြစ်သည်။ အသတ်ခံရသည့်အထဲတွင် အစ်ကိုအရင်းတစ်ဦးပါပြန်၍ ပိုတောင် မကျေမနပ် ဖြစ်ပြန်သည်။ ထိုခံစားချက်နှင့် ပတ်သက်၍ အဖေ ဖြစ်သူ ဖျောင်းဖျသော်လည်း စိတ်ထဲတွင် ရန်သူကို ခုခံချင်စိတ် ဖြစ်လာသည်။ အကယ်၍ သူ စစ်ထဲ တော်လှန်ရေးထဲဝင်လျှင် အစ်ကိုကြီး သေဆုံးထား သည်ကလည်း မကြာသေး၍ အမေပို့ခံစားရလေ မလား၊ ရင်ကွဲနာကျလေမလား... စသည်ဖြင့် ကိုယ် တိုင် အတွေးပုံရိပ် တစ်ကွက်ကို ဗိုလ်ချုပ်မန်းကျော်ဖေ ကောင်းကောင်း ချပြထားပြန်သည်။

မမေ ရင်ကွဲနာ ကျလေမလား

မေမေ့သားကြီးပါပု သွေးသံရဲရဲနှင့် အသတ်ခံ လိုက်ရသော သတင်းရလိုက်သည်နှင့် နေ့စဉ်ရက် ဆက် ငိုပြီး မစားနိုင် မသောက်နိုင် အရိုးပေါ် အရေ တင်နေရသည့် ခံစားမှုဝေဒနာ ဖြစ်နေစဉ်မှာ ကျနော် သည် ဗမာ့တပ်မတော်အပေါ် မကျေမချမ်းဖြစ်ပြီး လက်နက်ကိုင်တော်လှန်ရေးလုပ်ရန် ရွာကထွက်သွား လျှင် မေမေဘာများ ဖြစ်သွားလေမည်နည်း။ (သားကြီးရေနစ်သေဆုံး သားငယ်ခွန်ချီသွား ဖြစ်တဲ့ ပဋ္ဌာစာရီလို မမေရေင်ကွဲနာ ကျလေမလား)။ ထိုအ ခါ ဖေဖေက ကျနော့် ခံစားချက်ကို ဖြေလျှော့စေရန် 'သည်းခံပါသားရယ် နိယာမတရားအရ ငါတို့မှာ ဝဋ်ကြွေးရှိလို့ ထားပါလို့' ပြောတော့ 'ဟုတ်ကဲ့ဖေဖေ' လို့သာ ဆိုလိုက်ရသော်လည်း သမိုင်းနှင့်ချီလာသည့် လူမျိုးကြီးဝါဒတို့၏ ဗိုလ်ကျအနိုင်ကျင့်ခြင်းကို အခဲ မကျေနိုင်။

စိတ်ခံစားချက်သည် တားဆီးမရသော အရာဖြစ်၍ ဗိုလ်ချုပ်မန်းကျော်ဖေသည် တော်လှန်ရေးနယ်သို့ ခရီးစတင်ရတော့သည်။ မသွားခင် တော်လှန်ရေး၏ ခက်ခဲကြမ်းတမ်းမှုမျိုးစုံကို ဖခင်ဖြစ်သူက အရင်မှာ ကြားသွားခဲ့သည်။ တော်လှန်ရေးနယ်ရောက်တော့ အစစအရာရာ တာဝန်ထမ်းရင်း အလုပ်သင်သဘော ဖြင့် ဖြတ်သန်းလာခဲ့ရပုံကို သူက သတိတရ ရေး ထားပါသေးသည်။

တော်လှန်ရေး နယ်မြေသို့

မိဘနှင့်တကွ အပေါင်းအသင်းများအား စွန့် ခွာပြီး တော်လှန်ရေးနယ်မြေသို့ စတင်သည်။ မရောက်မပေါက်ဖူးသောဒေသ၊ မခင်မမင်ဖူးသော ပုဂ္ဂိုလ်များတို့နှင့် ပေါင်းသင်းဆက်ဆံသည်။ ဆင်းရဲ ပင်ပန်းသည်။ ခက်ခဲသည်။ ထိုစဉ်တွင် ဖေဖေပြော စကားတစ်ခွန်းကို ကြားယောင်လာသည်။ တစ်ခု လုပ်ရင် ကြပ်ကြပ်လုပ်၊ တော်လှန်ရေးဆိုတဲ့ အဓိ ပ္ပာယ်ကို နားလည်အောင်လေ့လာ၊ တော်လှန်ရေးနှင့် တူအောင်လုပ်ဆိုသော ဖေဖေစကားသည် ကျနော့်ကို ခွန်အား ပြည့်ဝစေသည်။

နိုင်ငံရေး၊ အမျိုးသားရေး၊ အုပ်ချုပ်ရေး၊ စစ် ရေး၊ လူမှုဆက်ဆံရေး၊ စည်းရုံးရေး၊ တိုက်ရေး ခိုက် ရေးများကို လုပ်ရင်းသင် သင်ရင်းလုပ် လက်တွေ့ကျ ကျ နည်းပေးခဲ့သူမှာ ဗိုလ်ချုပ်အော်လီဗာပင် ဖြစ် သည်။

(မိမိ မပြောတတ်သော စစ်ကရင်စကား၊ မတတ် သေးသော စကောကရင်စာကိုပင် တတ်အောင်သင်ပြ ပေးခဲ့သူ လက်ဦးဆရာမှာ ဗိုလ်ချုပ်အော်လီဗာ ပေ တည်း)

ဗိုလ်ချုပ်မန်းကျော်ဖေအကြောင်းကို မသိသူ တွေက တစ်မျိုးတစ်ဖုံ ထင်ကောင်း ထင်လိမ့်မည်။ သေမင်းလက်ထဲမှ ပြန်လွတ်လာခဲ့ရသည်ကိုလည်း စိတ်ဝင်စားဖွယ် ကောင်းလှပါသည်။ သေမင်းလက်ထဲ ပါသွားဖူးသော်လည်း ရပ်တည်ချက်မပျက်ဘဲ ယုံကြည်ချက်အတွက် တော်လှန်ရေးအတွက် ဆက် လက်ရှင်သန် လှုပ်ရှားမြဲလှုပ်ရှားဆဲ လှုပ်ရှားနေ ပြန် သည်။ ထိုစဉ်က အဆက်လှုံကြွေး၏ တာဝန်ပေးချက် အရ မဟာမိတ်ကိစ္စတစ်ခုနှင့် ဆောင်ရွက်ရင်း ခရီး လမ်းတစ်ခုတွင် ရန်သူက သတင်းရရှိ၍ ဖမ်းဆီးခံ လိုက်ရဖူးသည်။ အဖမ်းခံရစဉ် ရန်သူ၏ အရိုက် အကန် အထုအထောင်း နှိပ်စက်မှုအမျိုးမျိုး ခံရ သည်။ နောက်တော့ အချုပ်ထဲရောက်ခဲ့ရသည်။ အချုပ်ကျစဉ်မှာပင် အဖေဆုံးသည့် သတင်းကို ကြားရပြန်သည်။ မတတ်သာတော့ပြီ။ လောကကြီး အမှောင်ကျသောနေ့ဟု သူရွှတ်ဆိုနေမိတော့သည်။ ဤသည်နှင့် ဆက်စပ်သော အကြောင်းကို အောက်ပါ အတိုင်း ရေးထုတ်ထားပါသည်။

သေကံမရောက် သက်မပျောက်

ကံဆိုးမိုးမှောင်သော ၁၉၇၄ ခုနှစ် ဇူလိုင်လတွင် ခေါင်းဆောင်တစ်ဦးဖြစ်သည့် ဒု-ဗိုလ်မှူးကြီး ထောဖာ မှ ခေါ်ယူတွေ့ဆုံရာတွင် 'ဗိုလ်ကျော်ဖေ၊ ခင်ဗျား မွန်ပြည်သစ်ပါတီ (မြို့နယ်ကော်မတီ) နိုင်ဖိုးစိန်နဲ့ သွားတွေ့ပြီး မဟာမိတ်ကိစ္စ ဆွေးနွေးပါ' ညွှန်ကြားချက်အပေါ် ကျနော်တစ်ယောက်တည်း၊ အဖော်ရွာသားတစ်ဦးကိုခေါ်ပြီး နိုင်ဖိုးစိန်ရှိရာသို့ လာခဲ့ရာ မအူချောင်းဝရွာ အရောက်တွင် –

သို့/
နိုင်ဖိုးစိန်
လေးစားလျက်။ ညွှန်ကြားချက်အရ လူ ကြီးမင်းနှင့် မဟာမိတ်ကိစ္စ တစ်ခုကို ညှိ နှိုင်းဆွေးနွေးရန် ရှိခြင်းကြောင့် ကျေးဇူးပြု၍ ယခုစာယူလာသူနှင့်အတူ ခီနားထိုင်း နေ အိမ်သို့ လာရောက်တွေ့ဆုံပါရန်။
အစဉ်လေးစား ချစ်ကြည်စွာဖြင့်
မန်းကျော်ဖေ

ဤသို့ ရေးသားလိုက်သောစာကို ကံဆိုးချင် တော့ ခလရ(၆၂) ဒု-ဗိုလ်မှူးကြီး သင်းထင်၏ စစ် ကြောင်းနှင့် ပက်ပင်းတိုးပြီး ကျနော့်စာကို သိမ်း ဆည်းရမိလိုက်သည်နှင့် ၎င်းတို့က မွန်ပြည်သစ်ပါတီ နိုင်ဖိုးစိန်အသွင် ဟန်ဆောင်ကာ ကျနော့်ထံ ဝင် ရောက်လာရာ လူမှားသဖြင့် အဖမ်းခံလိုက်ရလေ သည်။

စာမျက်နှာ(၂၀)သို့ ▶▶▶

နေရာတိုင်းမှာ သူမျက်နှာ

မန်းအောင်ပြည်စိုး

(၁)

ကမ္ဘောဒီးယားနိုင်ငံကို ၂၀၁၉ ခုနှစ် ဩဂုတ်လ (၇၊ ၈၊ ၉) ရက်နေ့များတွင် တိုင်းရင်းသားများ အရေးကိစ္စနှင့် ပတ်သက်၍ တစ်ကြိမ်ရောက်ခဲ့ဖူးပါသည်။ ကမ္ဘောဒီးယားနိုင်ငံ၏ မြို့ကလေးတစ်မြို့ဖြစ်သော ဆီအမ်ရိမ် (Siem Reap) မြို့တွင် တည်းခိုခဲ့ရပါသည်။ ကရင်ပြည်နယ်ရှိ ကော့ကရိတ် သို့မဟုတ် အလွန်ဆုံး ဖားအံမြို့ သာသာလောက်သာ ရှိသည့် မြို့တစ်မြို့အဖြစ် ခန့်မှန်းမိသည်။ မြန်မာပြည်ထင်ပါသည်။ လေ့လာသူတစ်ဦးလျှင် အမေရိကန်ဒေါ်လာ ပေးဆောင်ရပါသည်။ ကမ္ဘောဒီးယားငွေ (ကမ္ဘောဒီးယား ဒေါ်လာ) နှင့်ဆိုလျှင် ၆၀၀၀ ကျသင့်ပါသည်။ ထိုရုံသောဝင်ငွေကို ကမ္ဘောဒီးယားအစိုးရက အသုံးမပြုဘဲ ၂ ရာခိုင်နှုန်းကိုသာ ဘုရားကျောင်းကြီးအထွေထွေ ပြင်ဆင်မွမ်းမံ စရိတ်အဖြစ် အသုံးပြုပြီး၊ ကျန် ၈၀ ရာခိုင်နှုန်းကို နိုင်ငံဖွံ့ဖြိုးရေးအတွက်နှင့် ဆင်းရဲနွမ်းပါးသူများသို့ ပေးဝေလှူဒါန်းလိုက်သည်ဟု သိရှိရပါသည်။ ကမ္ဘာ့ ယဉ်ကျေးမှုနိုင်ငံ၏ ကွယ်လွန်သူမင်းသားကြီး (နောင်ဘုရင်ဖြစ်လာသူ) နိုရိုဒွန် သီဟာနူ၏ အထိမ်းအမှတ်အဖြစ် မှည့်ခေါ်ထားသောမြို့ ဖြစ်သည်ဟု နားလည်ရပါသည်။ ကမ္ဘောဒီးယားနိုင်ငံ၏ မင်းသားကြီးသီဟာနူကို မြန်မာပြည်သူများ မစိမ်း၊ သိဘူးကြားဘူး ကြပြီးသား ဖြစ်မည်ထင်ပါသည်။ သူ့ခေတ်သူ့ခါတွင် လွန်စွာ ဩဇာကြီးခဲ့ပါသည်။ သို့ရာတွင် ကမ္ဘောဒီးယား ခမာနီတို့၏ နှိပ်ကွပ်တော်လှန်မှုဖြင့် မင်းသားကြီးသီဟာနူ ဒုက္ခပင်လယ်ဝေခဲ့ရပြီး ရာထူးအာဏာ စွန့်ရသည့် အနေအထား ရောက်ခဲ့ရကြောင်း သူတို့၏ သမိုင်းက ဖော်ပြပါသည်။ သို့ရာတွင် ကမ္ဘောဒီးယား၏ ဘုရင်စနစ်မှာ ဆက်လက်တည်တံ့လျက်ရှိပြီး ကမ္ဘာ့ပေါ်ရှိ ဘုရင်စနစ်ရှိနေသေးသော နိုင်ငံများ နည်းတူ စည်းမျဉ်းခံ ဘုရင်စနစ်သာဖြစ်ကြောင်း တွေ့ရှိရပါသည်။ ယခုလက်ရှိတွင် သီဟာနူ၏ သားက ဘုရင်အဖြစ် ဆက်လက်အုပ်စိုးလျက်ရှိသော်လည်း တကယ့် အာဏာကိုင်စွဲထားသူမှာ ဝန်ကြီးချုပ် ဟွန်ဆန်သာလျှင် ဖြစ်သည်။

(၂)

မိမိတို့၏ ကိုယ်စားလှယ်အဖွဲ့ကို လွန်စွာ ကြီးကျယ်ခမ်းနားသည့် ကမ်းခြေဟိုတယ်တစ်ခုဖြစ်သော (Sokha Beach Resort Hotel) တွင် နေရာချထားပါသည်။ တည်းခိုသူ အဝင်အထွက် ပျားပန်းခတ်မျှ ဆီနှင့် ရေခဲတန်သည့် ဟိုတယ်ကြီးတစ်ခုဖြစ်ကာ ယခင်တစ်ခေါက်ရောက်ခဲ့ဘူးသည့် ဟိုတယ်နှင့် ဆီနှင့် ရေလို အဆမတန် ကွာခြားလျက်ရှိကြောင်း တွေ့ရှိရပါသည်။ အိပ်ခန်းပေါင်း ၅၀၀ ကျော်ရှိပြီး၊ ရေကူးကန်၊ ကျန်းမာရေးလေ့ကျင့်ရာဌာန၊ မီနီဘား (စားသောက်ခန်း)၊ Spa ခေါ် အနှိပ်ခန်း၊ ကာစီနိုလောင်းစကားရုံ၊ ဂိမ်းကစားသည့်အခန်း၊ ကွန်ပျူတာခန်း၊ စင်တင်တေးဂီတ၊ KTV ခေါ် သီချင်းဆိုခန်း၊ လဟာပြင် စားသောက်ဆိုင် (ပင်လယ်ဘက်သို့ ရှုစား ငေးမျှော်ရင်း) စသည်စသည်ဖြင့် ရင်နှင့်အမျှ ခံစားရွှင်မြူးဖွယ်ရာ စုံလင်လှသော ကမ္ဘောဒီးယားအမျိုးသားပိုင် ဟိုတယ်ကြီးတစ်ခုဖြစ်ပါသည်။

မိမိတို့အုပ်စု လေ့လာရေးဆောင်ရွက်နိုင်ရန် စပွန်ဆာပေးသည့်အဖွဲ့မှာ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခဖြစ်စဉ်များကို လေ့လာဆန်းစစ်သည့်အဖွဲ့ (Center for Peace and Conflict Studies) ပင်ဖြစ်သည်။ မိမိအား KNU ၏ ကိုယ်စားလှယ်တစ်ဦးက ချိတ်ဆက် ဖိတ်ခေါ်ခဲ့ခြင်းဖြစ်ပြီး ကနဦးဌာ ခရီးစဉ်၏ အသေးစိတ်အစီအစဉ်ကို မသိရှိခဲ့ရပေ။ ခရီးစဉ်၏ ပထမနေ့ (၂၅.၁၁.၂၀၁၉) ရက်နေ့တွင် တည်းခိုရာ ဟိုတယ်၌ CPCS (Center for Peace and Conflict Studies) ၏ ကမ္ဘောဒီးယား ဌာနေကိုယ်စားလှယ်တစ်ဦးက ကမ္ဘောဒီးယား နိုင်ငံ၏ နိုင်ငံရေးနှင့် ယဉ်ကျေးမှု အကြောင်းအရာအချို့ကို နံနက်ပိုင်းတွင် ရှင်းလင်းပြောကြားပြီး မွန်းလွဲပိုင်း ရောက်သော အခါ သီဟာနူဗီးလ်ပြည်နယ်၏ ပြည်နယ်အုပ်ချုပ်ရေးမှူးဆိုသူက ၎င်းတို့၏မြို့၊ ၎င်းတို့၏ပြည်နယ်၌ ဆောင်ရွက်နေသော စီးပွားဖွံ့ဖြိုးရေး လုပ်ငန်းများ အကြောင်း၊ အုပ်ချုပ်စီမံရေးအနေအထားနှင့် နိုင်ငံခြားရင်း နှီးမြှုပ်နှံမှုများအကြောင်းကို အတော်များများ ရှင်းလင်းပြောကြားသွားပါသည်။ ၎င်းတို့ နိုင်ငံသည် ပြင်သစ်၏ ကိုလိုနီနိုင်ငံတစ်ခုဖြစ်ခဲ့ဘူးသော်လည်း ယခုအခါ တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုကို အများဆုံး ရရှိထားလျက်ရှိကြောင်း၊ မိမိတို့အစိုးရ၏ ပေါ်လစီမှာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လျှင်ပြီးရော မည်သူ့ဆီကဖြစ်စေ ရင်းနှီးမြှုပ်နှံမှုကို လက်ခံမည်ဖြစ်ကြောင်း၊ ပြဿနာများပေါ်ပေါက်လာနိုင်မည်ဖြစ်သော်လည်း ပိုင်းဝန်းဖြေရှင်းမည်ဖြစ်ကြောင်း အကျယ်တဝင့်ရှင်းလင်းသွားပါသည်။ မိမိတို့ကိုယ်စားလှယ်များ၊ အထူးသဖြင့် မိမိက သူတို့နိုင်ငံ၏ ရုပ်ပိုင်းဆိုင်ရာ တိုးတက်ဖွံ့ဖြိုးမှုအား ဦးစားပေးသည့်အနေအထားကို စောဒကမတက်လို သော်လည်း နိုင်ငံသူ၊ နိုင်ငံသားများ၏ စိတ်ပိုင်းဆိုင်ရာ ပျက်စီးယိုယွင်းနိုင်မှု၊ လူမှုရေး ချို့ယွင်းနိုမ့်ကျသွားနိုင်မှု၊ လိင်အကြမ်းဖက်မှုများ၊ မူးယစ်ဆေးဝါး သုံးစွဲမှုများ၊ လောင်းကစားကိစ္စများ စသည့်ဆိုးကျိုးများကို မည်သို့ထည့် သွင်းစဉ်းစားထားပါသနည်းဟူသည့် မေးခွန်းကို အကြောင်းကြောင်းကြောင့် မမေးဖြစ်လိုက်ပေ။

နောက်တရက် (၂၆.၁၁.၂၀၁၉) နေ့၊ နံနက်ပိုင်း တစ်ပိုင်းလုံး၊ ကမ္ဘောဒီးယားနိုင်ငံမှ တက်ကြွလှုပ်ရှားသူ အသက် ၅၀ နှစ်ဝန်းကျင်ခန့်ရှိ အမျိုးသမီးတစ်ဦးက မိမိတို့အဖွဲ့အား ယမန်နေ့က ရှင်းလင်းတင်ပြခဲ့

စာမျက်နှာ(၂၀)သို့ ▶▶▶

မှာကဲ့သို့ပင် လမ်းများ သိပ်မကောင်းလှ၊ ရောက်ရှိချိန် သြဂုတ်လဆိုဖြင့်လည်း မိုးရွာသည်ကို မတွေ့၊ ဖုန်များပင် ထလိုက်ပါသေးသည်။ ဈေးဆိုင်ကန္နားကြီးများလည်း မတွေ့ရပါ။ တည်းခိုရသော Regency Angkor ဟိုတယ်ပင် အတော်အသင့်သာဖြစ်။ သို့ရာတွင် တစ်ခုတော့ ပြောစရာရှိသည်။ မြန်မာပြည်ရှိ မြို့ကလေးတိုင်း၏ လမ်းကြိုလမ်းကြား၊ လမ်းမကြီးများအားလုံးလိုလို၌ တွေ့ရတတ်သော ခွေးလေခွေးလွင့်များ ထိုမြို့ရှိ လမ်းများ၌ မတွေ့ရ၊ တည်းခိုရာဟိုတယ်ရှိ လမ်းများ၌လည်းကောင်း၊ အခြားသွားလေရာလမ်းများ၌လည်းကောင်း၊ ခွေးတစ်ကောင်မျှ မတွေ့ရ သည်မှာ မိမိအဖို့ အံ့သြဖွယ်ဖြစ်ရပါသည်။ ခွေးလေခွေးလွင့်များကို ခမာပြည်သူများ မည်သို့ ရှင်းလင်းသုတ်သင် ပစ်လိုက်သည်ကို မမေးဖြစ်သည်ပင်ကိုယ့်ကိုယ်ကို အပြစ်တင်မိသည်။ ၎င်းတို့ ခွေးသားစတားကြောင်းကိုကား သိလိုက်ရပါသည်။

ထိုမြို့တွင် တည်းခိုခွင့်ပေးခြင်း၊ တည်းခိုစေခြင်း၏ အဓိကအချက်ကို နောက်ပိုင်းမှသိရသည်။ ထိုမြို့နှင့် ရှစ်မိုင်ခန့်မျှ ဝေးသော အန်ကောဝပ်ဘုရားကျောင်း တည်ရှိရာဒေသ ဖြစ်ခြင်းကြောင့်ဖြစ်သည်။ သိရှိပြီးသားဖြစ်ကြပါလိမ့်မည်။ ကမ္ဘောဒီးယားနိုင်ငံ၏ အန်ကောဝပ် (Angkor Wat) ဘုရားကျောင်းကြီးသည် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်အဆောက်အဦးတစ်ခုဖြစ်ပြီး လွန်ခဲ့သော နှစ်ပေါင်း ရာချီကတည်းက ကမ္ဘောဒီးယားဘုရင်များ တည်ဆောက်ခဲ့သော ခိုင်ခန့်ခံကျော်သည့် အဆောက်အဦး တစ်ခုဖြစ်သည်။

စာရေးသူတို့ သွားရောက်လေ့လာခွင့်ရသောနေ့တွင် ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ပြည်တွင်းမှ လာရောက်လေ့လာသူပေါင်း (ခန့်မှန်း) ၅၀၀၀ ဦးရှိမည် အမွေအနှစ် စာရင်းဝင် မြန်မာနိုင်ငံ ပုဂံဒေသ၏ လေ့လာရေးမှ ရရှိသောဝင်ငွေများကို မည်သို့ အသုံးပြုကြောင်း မသိရှိရသော်လည်း ကမ္ဘောဒီးယား၏ အစီအမံများမှာ ဝမ်းသာကြည်နူး နှစ်လိုဖွယ်ကောင်းသည်ဟု ခံစားမိပါသည်။

(၂)

စာရေးသူ မထင်မှတ်ပါ၊ မျှော်လည်း မမျှော်လင့်ပါ။ ကမ္ဘောဒီးယားနိုင်ငံကို သွားရောက်လေ့လာမည့် အဖွဲ့တစ်ဖွဲ့တွင် ကရင်နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ် တစ်ဦးအဖြစ် ထပ်မံရွေးချယ်ခံရခြင်းဖြစ်ပြီး ၂၀၁၉ ခုနှစ် နိဝင်ဘာလ(၂၅၊ ၂၆၊ ၂၇) ရက်နေ့များတွင် သွားရောက်ခဲ့ခြင်းဖြစ်ပါသည်။ ၄ လခန့်သာ ကွာခြားပြီးနောက် ဒုတိယအကြိမ် ကမ္ဘောဒီးယားသို့ သွားရောက်ခွင့် ကြုံသဖြင့်လည်း ဝမ်းသာမိသည်မှာ အမှန်ပင်ဖြစ်သည်။

ယခုအဖွဲ့တွင် အဖွဲ့ဝင် ၁၄ ဦး ပါရှိပြီး အားလုံး ကရင်တိုင်းရင်းသားများသာ ဖြစ်ပါသည်။ KNU ကရင်အမျိုးသား အစည်းအရုံး၏ ဒုတိယဥက္ကဋ္ဌနှင့် တွဲဘက်အထွေထွေအတွင်းရေးမှူး–၂ အပါအဝင် KNU ၏ နယ်ဘက်စစ်ဘက်မှ ကိုယ်စားလှယ် ၈ ဦး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ကရင်လူမှုအဖွဲ့အစည်း၊ ကရင်ဘာသာရေးအဖွဲ့အစည်း၊ ကရင်အမျိုးသမီးအဖွဲ့အစည်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးစီ၊ ပေါင်း ၅ ဦးနှင့် မိမိပါတို ကိုယ်စားလှယ်တစ်ဦး စုစုပေါင်း ၁၄ ဦး ဖြစ်ပါသည်။

သည်တစ်ခါရောက်ရှိသည့် မြို့မှာ သီဟာနူးဗီးလ် (Sihanouk Ville) မြို့ဖြစ်ပြီး သီဟာနူပြည်နယ်၏ မြို့တော်ဖြစ်ပါသည်။ သည်မြို့ကို ကမ္ဘောဒီးယား

▶▶▶ စာမျက်နှာ(၁၉)မှအဆက်

သည့် ပြည်နယ်အုပ်ရေးမှူးဆိုသူနှင့် ဆန့်ကျင်သော အခြေများကို ပွင့်ပွင့်လင်းလင်း လာရောက်ရှင်းလင်း သွားပါသည်။ ထိုအမျိုးသမီး၏ ရှင်းပြချက်အရ သီဟာနူဗီးလ်မြို့တွင် တရုတ်၏ ရင်းနှီးမြှုပ်နှံမှုသည် ၂၀၁၇ ခုနှစ်မှသာ စတင်ခဲ့သော်လည်း ယခု ၂၀၁၉ ခုနှစ်၌ တစ်မြို့လုံး တရုတ်လက်ရာ အဆောက်အဦးများ အလျင်အမြန် ပေါ်ပေါက်လာကြောင်း၊ အဆောက်အဦးများမှာ အနိမ့်ဆုံး ၈ ထပ်မှ အခြေဆုံး အထပ် ၄၀ အထိ ရှိကြောင်း၊ အင်ဂျင်နီယာများ အပါအဝင် အလုပ်သမားအများစုသည် တရုတ်လူမျိုးများ ဖြစ်ပြီး ခမာလူမျိုးများမှာ လစာအနည်းငယ်သာ ရသော အောက်ခြေလုပ်ငန်းများ၌သာ လုပ်ကိုင်ကြရကြောင်း၊ မြို့ပြတိုက်တာ အဆောက်အဦး၊ ရုပ်ဖြင်လျှင်မြန်စွာ ဖွံ့ဖြိုးပေါ်ပေါက်ရေးကိုသာ ဦးတည်သဖြင့် ယခု ၂ နှစ်ကျော် ၃ နှစ်အတွင်း တစ်မြို့လုံး အထပ်မြင့်တိုက်တာ အဆောက်အဦးများ ပြည့်လျှံနေပြီဖြစ်ကြောင်း၊ တရုတ်နိုင်ငံသားပိုင်နှင့် ခမာနိုင်ငံသား ပိုင်ဆိုင်မှု အချိုးအစားမှာ ကာဓိနိုရုံတွင် တရုတ် ရာနှုန်းပြည့်၊ ဟော်တယ်တွင် တရုတ် ၈၀ ရာနှုန်း၊ ခမာ ၂၀ ရာနှုန်း၊ Spa ခေါ် အနှိပ်ခန်းနှင့် KTV ခေါ် တေးဂီတခန်းများလုပ်ငန်းတွင် တရုတ်တို့ကသာ ရာနှုန်းပြည့်နီးပါး ပိုင်ဆိုင်ပြီး ခမာများ၏ ပိုင်ဆိုင်မှု မရှိသလောက်ဖြစ်ပါကြောင်း၊ မြို့လယ်ခေါင် အချက်အချာဒေသများတွင် တရုတ်လူမျိုး အများစုနေထိုင်ပြီး ခမာတို့မှာ မြို့နီးချုပ်စပ် အစွန်အဖျားသို့ ရောက်ရှိနေထိုင်ကြရကြောင်း၊ ဤမြို့နေလူဦးရေ ၄ သိန်းအနက် တရုတ် ၂ သိန်းနှင့် ခမာလူမျိုး ၂ သိန်းရှိကြောင်း၊ ဤသို့ တရုတ်မြို့ (China Town) အဖြစ် သီဟာနူဗီးလ်မြို့အား ဖန်တီးလာသည်ကို မိမိတို့ စောင့်ကြည့်ရေးအဖွဲ့မှ စောင့်ကြည့်နေကြောင်း၊ လိင်အကြမ်းဖက်မှု၊ ခိုးဆိုးတိုက်ခိုက်မှု၊ မူးယစ်ဆေးဝါးသုံးစွဲမှု၊ ယဉ်ကျေးမှုနှင့် လူမှုရေးချို့ယွင်းနိမ့်ပါးသွားမှု စသည်တို့ကို ယမန်နေ့ ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် ဆန့်ကျင်ဘက် တင်ပြသွားသည်ကို တွေ့ရှိပါသည်။

ထိုနေ့မွန်းလွဲပိုင်းတွင် CPCS အဖွဲ့မှ တာဝန်ရှိသူများက မိမိတို့ကိုယ်စားလှယ်အဖွဲ့အား အစုသုံးစုခွဲ၍ မြန်မာနိုင်ငံတွင် ပေါ်ပေါက်လာဖွယ်ရှိသည့် တရုတ်တို့၏ လွှမ်းမိုးချယ်လှယ်မှု၊ တရုတ်တို့၏ ရင်းနှီးမြှုပ်နှံမှု၊ တရုတ်တို့၏ နေရာတကာတိုင်း၌ ပါဝင်ပတ်သက်မှု၊ တရုတ်မြို့ (China Town) တည်ဆောက်လိုမှု စသည်တို့ကို ဝေဖန်သုံးသပ်စေခဲ့ပါသည်။

(၄)

(၂၇.၁၁.၂၀၁၉) ရက်နေ့တွင် ဟိုတယ်မှ နံနက်စာ (Breakfast) သုံးဆောင်အပြီး CPCS မှ စီစဉ်ပေးသော Mini Bus တစ်စီးဖြင့် နံနက်ပိုင်းတစ်ပိုင်းလုံး တစ်မြို့လုံးလေ့လာရန် ထွက်ခွာလာကြသည်။ ဆောက်လက်စ အဆောက်အဦးများအတွက် တပ်ဆင်ထားသော ကရိန်းကြီးများ နေရာ ၂၀ ခန့်၌ တွေ့ရသည်။ အဆောက်အဦးများကို နီးကပ်စွာ ဆောက်လုပ်ထားခြင်းဖြစ်ပြီး ကာစီနို၊ KTV၊ Spa ဆိုင်းဘုတ်များ အစီအရီ တန်းစီလျက်နေသည်ကို တွေ့ရပါသည်။ အဆောက်အဦးများ ဆောက်လုပ်နေဆဲဖြစ်၍လားမသိ ... လမ်းများမှာ ကစဉ့်ကလျားဖြစ်နေပြီး ပြန့်ပြူးညီညာမှု မရှိပါ။ တစ်မြို့လုံးတွင် ဆေးရုံနှင့် ဆေးပေးခန်း ၇ နေရာခန့်သာ ရှိပြီး အားလုံး တရုတ်နိုင်ငံသားများပိုင်သည်ဟု သိရှိရသည်။ စာသင်ကျောင်းနှင့် အားကစားကွင်းများကိုလည်း မတွေ့ရပါ။ အစိုးရအဆောက်အဦးများ မတွေ့ရသလောက် ဖြစ်နေသည်။ တစ်နေရာတွင် ဝင်းကျယ်ကြီးတစ်ခုအတွင်း သပ်ရပ်ခန့်ညားထည်ဝါကြီးကျယ်လှစွာသော အိမ်တစ်လုံးကိုတွေ့ရသည်။ ဝန်ကြီးချုပ် ဟွန်ဆန်၏အိမ်ဟု လိုက်လံပို့ဆောင်သူက ရှင်းပြသည်။ သက်တော်ရှည်သည့် ဝန်ကြီးချုပ်အတွက် တရုတ်တို့က မြို့ကြီးတစ်မြို့တွင် အိမ်တစ်လုံးစီဆောက်ပေးသည်ဟု ဆက်လက်ပြောပြသည်။ ဩော်... တရုတ်၏ဩဇာ၊ တရုတ်၏ပါဝါ အာဏာ လွှမ်းမိုးမှုဒဏ် မခံနိုင်ရခြင်းမှာ ဒါကြောင့်လားဟု တွေးထင်မိသည်။ စာရွက်သုံးများ အနေဖြင့်လည်း ကမ္ဘောဒီးနိုင်ငံရှိ မြို့နှစ်မြို့၏ အနေအထားကို ရိပ်စားမိလောက်ပြီး ထင်ပါသည်။

(၅)

အားလုံးသိကြပြီးဖြစ်သည့်အတိုင်း မြန်မာနိုင်ငံတွင် တရုတ်တို့၏ ချိတ်ဆက်မှုများဖြင့် ဆောင်ရွက်ခဲ့သော ကြေးနီတောင်စီမံကိန်း၊ မြစ်ဆုံစီမံကိန်းများ ယာယီရပ်ဆိုင်းထားသော်လည်း ရရှိင်မှ တရုတ်အထဲသွယ်တန်းသော ဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းမှာ အကောင်အထည်ပေါ်ခဲ့ပြီး နိုင်ငံတော်အတွက် မည်ရွေ့မည်မျှ အကျိုးသက်ရောက်မှုရှိသည်ကို သာမန်ပြည်သူများ မသိနိုင်ပါ။ ဗြဒ်မးချမ်းရေးကိစ္စတွင်လည်း တရုတ်တို့ ထဲထဲဝင်ဝင် ပါဝင်နေကြောင်း တစ္ဆေးတစသာ သိရှိရပါသည်။

မိမိတို့ အစုအဖွဲ့သုံးဖွဲ့ဖြစ်သည့် ကရင်လက်နက်ကိုင်များအဖွဲ့၊ ကရင်နိုင်ငံရေးပါတီနှင့် လွတ်တော်ကိုယ်စားလှယ်များအဖွဲ့၊ ကရင်လူမှုရေးနှင့် ဘာသာရေးအဖွဲ့တို့သည် မိမိတို့ ကမ္ဘောဒီးယားခရီးစဉ်၏ တကယ့် ရည်ရွယ်ချက်ကို ယခုမှသာ ကွက်ကွက်ကွင်းကွင်း သိရှိလာရပါသည်။ လေ့လာရေးအဖွဲ့တွင် ကရင်များသာ (အထူးသဖြင့် ကရင်ပြည်နယ်တွင်းမှ အကောင်အထည်ဖော်မည့် မြို့တော်စီမံကိန်းအတွက် နှိုင်းယှဉ် သုံးသပ် သင့်လျော်လျောက်ပတ်သည့် အကြံဉာဏ်များပေးနိုင်ရန် ဖြစ်ကြောင်း သိရှိလာရပါသည်။ ရွှေကုက္ကိုလ်မြို့ငံ ကျေးရွာကို အဆင့်မြင့် နည်းပညာမြို့ (High Technology Smart City) အဖြစ် ဖော်ထုတ်တည်ဆောက်ရန် ချစ်လင်းမြို့ငံ ကုမ္ပဏီနှင့် Julian Yatai International Company တို့က မြန်မာ့ရင်းနှီးမြှုပ်နှံမှု ကော်မတီ (MIC) တွင် လက်မှတ်ရေးထိုးမှတ်ပုံတင်ခဲ့ပြီး MIC (Myanmar Investment Committee) ၏ ခွင့်ပြုချက်ဖြင့် လုပ်ငန်း စတင်ဆောက်ရွက်ခဲ့ကြပါသည်။ MIC ခွင့်ပြုချက်တွင် မြေ ၆၂ ဧကခွဲသာ ကနဦး အမေရိကန်ဒေါ်လာ သန်း ၅၀၀ ဖြင့် လုပ်ငန်းစတင်ရန် ဖြစ်ကြောင်း၊ ကရင်ပြည်နယ်အစိုးရလည်း သိရှိကြောင်း သက်သေခံ လက်မှတ်ရေးထိုးထားသည်ဟု ကြားသိရပါသည်။ နောက်ပိုင်းတွင် ဧကပေါင်း ၂၉၅၂.၆ ဧက အထိ တိုးချဲ့ဆောင်ရွက်ရန်လည်း အစီအစဉ်ရှိကြောင်း ပြောဆိုနေကြပါသည်။ သာမန်ပြည်သူတစ်ယောက်အနေဖြင့် ဤကိစ္စ မှန်မှန်တပ်အပ်သေချာစွာ မသိနိုင်ပါ။ သိသာထင်ရှားသည်တစ်ခုမှာ BGF တပ်ဖွဲ့ပိုင် ချစ်လင်းမြို့ငံ ကုမ္ပဏီနှင့် ဤလုပ်ငန်းကို ချိတ်ဆက်ရသည့် အကြောင်းအရင်းကို ပြည်သူများ မသိရှိရခြင်းဖြစ်ပါသည်။ မြို့တည်ထောင်မည်ကို ဒေသခံများမကြိုက်ပါက မကန့်ကွက်နိုင်အောင် သို့မဟုတ် မကန့်ကွက်ရဲအောင် နယ်ခြားစောင့်တပ်ကို လုပ်ပိုင်ခွင့် ပေးလိုက်ခြင်းလော ... KNU ၏ ထိပိုပိုင်းခေါင်းဆောင်များပင် ဤကိစ္စကို ဂဃနဏာ မသိရှိလိုက်ရပါ။ အစိုးရနှင့်သာ သက်ဆိုင်ပြီး KNU ၏ ကိစ္စမဟုတ်၍ သိရန်မလိုဟုလည်း သဘောထားကောင်း ထားပါလိမ့်မည်။

မည်သို့ပင်ဖြစ်စေ၊ စာချုပ်ချုပ်ဆိုလုပ်ငန်းအကောင်အထည်ဖော်ပြီးဖြစ်၍ မိမိတို့ဝေဖန်ထောက်ပြနိုင်စရာ အကြောင်းမဖြင့်တော့ပါ။ မိမိတို့၏ ဆန္ဒကို တင်ပြမေတ္တာရပ်ခံရုံသာ ရှိပါတော့သည်။ သို့ရာတွင် NCA စာချုပ်၌ စီမံကိန်းကြီးများကို အကောင်အထည်ဖော်မည်ဆိုပါက နှစ်ဖက်ညှိနှိုင်းပြီးမှ ဆောင်ရွက်ရန်ဟူသော သဘောတူညီချက်ရှိပါသည်။ ပြီးခဲ့သောအချိန်ကာလ အနည်းငယ်ခန့်က မြဝတီမြို့တွင် တရုတ်များရပ်ကွက်၍ အရေးယူ ဆောင်ရွက်ခဲ့ရသည့်သတင်း၊ ဆိုင်များတွင် တရုတ်စာသားပါသော ဆိုင်းဘုတ်များကို ဖြုတ်သိမ်းလိုက်ခြင်း စသည့် အခြေအနေများ ပေါ်ပေါက်ခဲ့ပါသည်။ မန္တလေးမြို့သည် တရုတ်မြို့ဖြစ်နေပြီး... ရန်ကုန်တွင် အသစ်ဖော်ထုတ်မည့် မြို့သစ်စီမံကိန်း ဒေသများ၌လည်း တရုတ်တွေ့ မြေအများအပြား ဝယ်ယူထားပြီးပြီဟု ပြောဆိုနေကြပါသည်။ မြဝတီမြို့နှင့် ရွှေကုက္ကိုလ်မြို့ငံ ကျေးရွာတို့တွင်လည်း တရုတ်များ မည်ရွေ့မည်မျှ ရောက်ရှိနေထိုင်ပြီးဖြစ်သည် ... စသည်စသည်ဖြင့် သတင်းမျိုးစုံထွက်နေသည်။ ထို့ပြင် စီးပွားရေးနယ်ပယ်များ၌လည်း တရုတ်တို့ နေရာယူမှု များစွာရှိသည်သာမက၊ ICJ တရားရုံးသို့ နိုင်ငံတော်၏ အတိုင်ပင်ခံမထွက်ခွာမီကလေးတွင် တရုတ်နိုင်ငံခြားရေးဝန်ကြီး လာရောက်တွေ့ဆုံခဲ့ပုံ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် တရုတ် အာဏာပိုင်များ မကြာခဏ ထိတွေ့ဆက်ဆံပြီး လက်ပွန်းတတီး ရှိနေကြပုံ၊ တိုင်းရင်းသား လက်နက်ကိုင်ကိုယ်စားလှယ်များ ကမ်းလှမ်းခံနေကြပုံ စသည်တို့ကို ကြားသိရပါသည်။ ဤသို့ ကမ်းလှမ်းခံနေကြရသည့် အကြောင်းရင်းကို ပြည်သူများ မသိရှိရခြင်းဖြစ်ပါသည်။ မြို့တည်ထောင်မည်ကို ဒေသခံများမကြိုက်ပါက မကန့်ကွက်နိုင်အောင် သို့မဟုတ် မကန့်ကွက်ရဲအောင် နယ်ခြားစောင့်တပ်ကို လုပ်ပိုင်ခွင့် ပေးလိုက်ခြင်းလော ... KNU ၏ ထိပိုပိုင်းခေါင်းဆောင်များပင် ဤကိစ္စကို ဂဃနဏာ မသိရှိလိုက်ရပါ။ အစိုးရနှင့်သာ သက်ဆိုင်ပြီး KNU ၏ ကိစ္စမဟုတ်၍ သိရန်မလိုဟုလည်း သဘောထားကောင်း ထားပါလိမ့်မည်။

မည်သို့ပင်ဖြစ်စေ၊ စာချုပ်ချုပ်ဆိုလုပ်ငန်းအကောင်အထည်ဖော်ပြီးဖြစ်၍ မိမိတို့ဝေဖန်ထောက်ပြနိုင်စရာ အကြောင်းမဖြင့်တော့ပါ။ မိမိတို့၏ ဆန္ဒကို တင်ပြမေတ္တာရပ်ခံရုံသာ ရှိပါတော့သည်။ သို့ရာတွင် NCA စာချုပ်၌ စီမံကိန်းကြီးများကို အကောင်အထည်ဖော်မည်ဆိုပါက နှစ်ဖက်ညှိနှိုင်းပြီးမှ ဆောင်ရွက်ရန်ဟူသော သဘောတူညီချက်ရှိပါသည်။ ပြီးခဲ့သောအချိန်ကာလ အနည်းငယ်ခန့်က မြဝတီမြို့တွင် တရုတ်များရပ်ကွက်၍ အရေးယူ ဆောင်ရွက်ခဲ့ရသည့်သတင်း၊ ဆိုင်များတွင် တရုတ်စာသားပါသော ဆိုင်းဘုတ်များကို ဖြုတ်သိမ်းလိုက်ခြင်း စသည့် အခြေအနေများ ပေါ်ပေါက်ခဲ့ပါသည်။ မန္တလေးမြို့သည် တရုတ်မြို့ဖြစ်နေပြီး... ရန်ကုန်တွင် အသစ်ဖော်ထုတ်မည့် မြို့သစ်စီမံကိန်း ဒေသများ၌လည်း တရုတ်တွေ့ မြေအများအပြား ဝယ်ယူထားပြီးပြီဟု ပြောဆိုနေကြပါသည်။ မြဝတီမြို့နှင့် ရွှေကုက္ကိုလ်မြို့ငံ ကျေးရွာတို့တွင်လည်း တရုတ်များ မည်ရွေ့မည်မျှ ရောက်ရှိနေထိုင်ပြီးဖြစ်သည် ... စသည်စသည်ဖြင့် သတင်းမျိုးစုံထွက်နေသည်။ ထို့ပြင် စီးပွားရေးနယ်ပယ်များ၌လည်း တရုတ်တို့ နေရာယူမှု များစွာရှိသည်သာမက၊ ICJ တရားရုံးသို့ နိုင်ငံတော်၏ အတိုင်ပင်ခံမထွက်ခွာမီကလေးတွင် တရုတ်နိုင်ငံခြားရေးဝန်ကြီး လာရောက်တွေ့ဆုံခဲ့ပုံ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် တရုတ် အာဏာပိုင်များ မကြာခဏ ထိတွေ့ဆက်ဆံပြီး လက်ပွန်းတတီး ရှိနေကြပုံ၊ တိုင်းရင်းသား လက်နက်ကိုင်ကိုယ်စားလှယ်များ ကမ်းလှမ်းခံနေကြပုံများကို မိမိတို့ကြားသိနေရသည်။ နေရာတကာ တရုတ်တွေ ကြီးစိုးလွှမ်းမိုးနေပြီလား ... ။

ဟော.. ယခုမြဝတီမြို့ သောင်ရင်းကမ်းပါး တစ်လျှောက်တွင် ကာစီနိုလောင်းကစားရုံများ တည်ဆောက် ထားကြသည်။ ရွှေကုက္ကိုလ်တွင်လည်း တည်ဆောက်နေသည်ဟု သိရသည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၏ ဩဇာအရှိန်အဝါကို ရယူ တည်ဆောက်ကြသည်ဟု ဆိုကြသည်။ မြဝတီမှနေ၍ ရွှေကုက္ကိုလ်သို့ အလွယ်တကူ သွားနိုင်အောင် လမ်းဖောက်ဦးမည်ဟုလည်း ကြားသိရသည်။ ပြည်ထောင်စု လွှတ်တော်မှ ပြင်ဆင်အတည်ပြုလိုက်သော လောင်းကစား ဥပဒေတွင် ကာစီနိုမပါသဖြင့် ကာစီနိုရုံများကို ဗြောင်ဗြောင်တင်းတင်း ဖွင့်လှစ်ကစားနေကြသလော... မည်သူ၏ သဘောတူညီချက်၊ မည်သူအမိန့်ဖြင့် ဖွင့်လှစ်သည်ဖြစ်စေ... ဥပဒေနှင့်အညီ ဖြစ်သင့်သည် မဟုတ်ပါလော ... ။

(၇.၁၂.၂၀၁၀) ရက်နေ့နံနက်တွင် ဖွေစ်ဘွတ် ဖွင့်ကြည့်ရာ၌ အောက်ပါကြေငြာတစ်ခုကိုတွေ့ရပါသည်။

ဖဲဝေ ဝန်ထမ်းအလိုရှိသည်
မ ၅၀၀ ယောက်
လစာ– ဘတ် ၉၀၀၀ မှ ၁၂၀၀၀
ရက်မှန့်ကြေး– ဘတ် ၁၀၀၀

မြဝတီမြို့ရှိ ကာစီနိုရုံတစ်ရုံမှ ကြော်ငြာဟု သိရသည်။ မက်မောလောက်သည့် လုပ်ခလစာပင်ဖြစ်ပါသည်။ အလုပ်အကိုင်အခွင့်အလမ်း ပေးနိုင်၍လည်း ဝမ်းသာကြိုဆိုသင့် သည်။ ဤလုပ်ငန်းအောင်မြင်ဖြစ်ထွန်းလာပါက ကြီးပွားတိုးတက်စီးပွားဖြစ်မည်သူ မည်သူဖြစ်မည်နည်း ... နိုင်ငံတော်လား ... အဖွဲ့အစည်းတစ်ရပ်လား... တစ်ဦးတစ်ယောက် တည်းလား.. သို့မဟုတ် မရှိဆင်းရဲသား၊ နိုင်ငံသူ နိုင်ငံသားများအတွက်လား ... ရှည်ရှည်ဝေးဝေး ချင့်ချိန်ဝေဖန် သုံးသပ်ကြရပါမည်။

(၆)

ကမ္ဘောဒီးယားနိုင်ငံ၊ သီဟာနူဗီးလ်မြို့ကဲ့သို့ နေ့ချင်းညချင်း တိုက်တာ အဆောက်အဦးပေါ်လာ၊ ရုပ်ပိုင်းဆိုင်ရာ တိုးတက်ဖြစ်ထွန်းမှု ထင်သာမြင်သာ ရှိသော်လည်း မြင်နိုင်စွမ်းသည့် လူမှုရေး၊ ယဉ်ကျေးမှု၊ အကျင့်စာရိတ္တ ဆုတ်ယုတ်ပျက်စီးမှုများကို ကြီးစွာသော သတိသံဝေဂတရားထားရှိရန် လိုအပ်မည်ဖြစ်ပါသည်။ နေရာတိုင်းမှာ သူ့လက်သူ့ခြေ၊ နေရာတိုင်းမှာ သူ၏လွှမ်းမိုးချယ်လှယ်ပါဝင်ပတ်သက်မှု၊ နေရာတိုင်းမှာ တရုတ်တို့၏ မျက်နှာကို မော်ကြည့်နေရမှုမှ ကင်းဝေးရန် လိုအပ်ပါကြောင်း မီးမောင်းထိုးပြ လိုက်ရပါသည်။

မန်းအောင်ပြည်စိုး

▶▶▶ စာမျက်နှာ(၁၉)မှအဆက်

ခလရ(၆၂)၏ လက်စွမ်းသည်လည်း ခေသည်တော့ မဟုတ်ပေ။ မေးသည်။ ရိုက်သည်။ ကန်သည်။ ဂျိသရီးဒင်နှင့် ထောင်းသည်။ ဘက်နက်နှင့်ထိုးရန် ချိန်သည်။ ရေရေလည်လည် အရိုက်အနှက်ခံရချိန်တွင် ခလရ(၆၂) တပ်ရင်းမှူး (စစ်ကြောင်းမှူး ဖြစ်သူက) 'ဟေး...ဘယ်မှာလဲ တရား၌၊ ငါ့ပေးဆို' ကျနော် စစ်ကြောင်းမှူးထံ ရောက်ခဲ့သည်။

ထိုစဉ်မှာ စစ်ကြောင်းမှူးက

'မင်းဘယ်သူလဲ၊ ဘယ်အဖွဲ့ကလည်း၊ ဘာအဆင့်လဲ၊ ဘာလူမျိုးလဲ' မေးသည်။ ကျနော်က

'ကျနော့်နာမည် မန်းကျော်ဖေ၊ ကေအဲန်ဒီအို တပ်ရင်း(၆) တပ်ကြပ်ကြီး ကရင်လူမျိုး'လို့ ပြန်ဖြေလိုက်သည်။

စစ်ကြောင်းမှူးက

'မင်းမှာ ဘာတွေပါလဲ ပြော' ဆိုလို့

'ကျနော့်မှာ ကာဘိုင်တစ်လက်၊ ကျည် ၃၀၀ နှင့် ရိက္ခာငွေတွေပါ ပါတယ်'

ထိုအခါ စစ်ကြောင်းမှူးက ပစ္စတိုသေနတ်ကို မောင်းတင်ပြီး ကျနော့်နဖူးကို ချိန်ပြီးတော့

'မင်းသေမှာ မကြောက်ဘူးလား' တဲ့။

ကျနော်က 'လူတိုင်း သေမှာကြောက်တတ်ကြပါတယ်'လို့ ဖြေလိုက်သည်။

စစ်ကြောင်းမှူးက

'မင်းသေမှာကြောက်ရင် ဘာကြောင့် လက်နက်ကိုင်ရသလဲ'လို့ မေးလိုက်သောအခါ ကျနော်သည် မထူးခြိုလို့တွေးပြီး 'သမိုင်းပေးတာဝန်အရ'ဟု ဖြေလိုက်သည်။ စစ်ကြောင်းမှူးက 'ဘာသမိုင်းလဲ' လို့ မေးသည်။

ကျနော်က 'ကရင်မှန်ရင် ကရင်ဘဝ လွတ်မြောက်ရေးကို လုပ်ရမယ်'လို့ ပြန်ပြောသောအခါ စစ်ကြောင်းမှူးက

'ဟေ့ကောင်... မင်း မသေမချင်း မှတ်ထား၊ ငါဟာ ကရင်၊ သထုံသား သင်းထင် လို့ခေါ်တယ်၊ ယခုမင်းဟာ ငါ့လက်ခုပ်ထဲကရေ ဖြစ်နေပြီ၊ သွန်ချင်သွန် မှောက်ချင်မှောက် သတ်ချင်သတ် ထားချင်ထားလို့လည်းရတယ်' ဆိုပြီးတော့

'ဟေး...ဆရာကြီး ကျော်စိန် ဒီလူနဲ့ ပတ်သက်လို့ မင်းတို့မေးချင်မေးပါ၊ အသားနာအောင် လက်ဖျားနှင့်မှ မတို့ကြနဲ့ ကြားလား'လို့ ပြောတော့ တပ်ကြပ်ကြီးမှာ

'ဟုတ်ကဲ့ ဗိုလ်မှူးကြီး'

အဲသည်တော့ ကျနော်၏ ကံစီမံရာသည် အရိုက်အနှက် ကင်းလွတ်ခွင့်ရခဲ့လေပြီ။ ရန်သူပင်လျှင် ဤသဘောထားမျိုးရှိက ကျေးဇူးတင်သဖွယ် ဂုဏ်ယူသင့်ပေ၏။

ကြိုးတန်းလန်းနှင့် ကြာအင်းဆိပ်ကြီး အရောက်မှာ ခလရ(၆၂) တပ်ရင်းမှူးကြီး သင်းထင်က ကျနော့်ကို ချုပ်နှောင်ထားသော တန်းလျားတစ်ခုမှာ လာပြီး

'မန်းကျော်ဖေ ငါတို့စစ်ကြောင်း ရိက္ခာထုတ်ပြီး မင်းရွာလမ်းဘက် ခရီးထွက်ရမယ်၊ မင်းကို ရဲလက်အပ်တာကလွဲလို့ ငါဘာမှ မတတ်နိုင်ဘူး၊ နေ့ခဲ့ပေတော့'ဆိုလို့ ကြာအင်းဆိပ်ကြီး ရဲစခန်းအချုပ်တွင် အချုပ်ကျခံရတော့သည်။

အချုပ်ကျလို့ ၃ ရက်မြောက်မှာ ဖေဖေဆုံးသွားရှာပြီဆိုသောသတင်း ညီမအထွေးမ လာပြောလို့ သိရတဲ့အချိန်မှာ ငါကမ္ဘာ ငါလောကကြီး အမှောင်ကျလေပြီကော။ နောက်ဆုံး မမေသင့် မမေနိုင် မမေအပ်တဲ့ ဖေဖေစကားသည် အချုပ်ခန်း တစ်ခုလုံး ဟိန်းလျက် ဆူညံလျက် ကြားယောင် ပေါ်ထွက်လာလေတော့၏။

- ငါ့သား တစ်ခုခုလုပ်ရင် ကြပ်ကြပ်လုပ်။
- တော်လှန်ရေး အဓိပ္ပာယ်ကို နားလည်အောင် လေ့လာ။
- တော်လှန်ရေးနဲ့ တူအောင်လုပ်။

ဖေဖေ့မိန့်မှာစကား ရင်ဝယ်ထား၍ သားလိုက်နာပါမည်။ သားလူဆိုးကြီးကို ခွင့်လွှတ်ပါ။ ဖေဖေ ကောင်းရာသုဂတိ လားပါစေ။

ဗိုလ်ချုပ်မန်းကျော်ဖေ၏ လက်ရေးမူကို ဤမျှ သာတွေ့သည်။ အခြားမည်မျှ ဆက်ရေးထားသည်ကို မသိရှိရတော့ပေ။

ဤသို့ ဗိုလ်ချုပ်မန်းကျော်ဖေ အကြောင်းကို ဟိုတစ်ကွက်သည်တစ်ကွက် ရုပ်ပုံလွှာကဲ့သို့ ဖတ်လိုက်ရသဖြင့် အကျယ်ကို ဆက်ဖတ်ချင်မိသည်။ သို့သော် သီးခြား လုံးချင်း ပြုစုထုတ်ဝေထားခြင်း မရှိသေး၍ ရှာဖတ်ရခက်ချေပြီ။

အမျိုးသားသစ္စာဖြင့်
စောယောင်္ဂသာအဲဆန်

KPP ဥက္ကဋ္ဌ၏ ဖြတ်သန်းမှု ရုပ်ပုံလွှာ

စောထွန်းလင်း

ကမ္ဘာကျော် အမေရိကန် ကုန်အမှတ်တံဆိပ် ဖြစ်သည့် ARROW ရှပ်အင်္ကျီ လက်ရှည်ကို သေသေသပ်သပ်ဝတ် ဆင်ပြီး ရှပ်အင်္ကျီအပေါ်၌ ကရင်ဝတ်စကုတ်ကို ထပ်ဝတ်ထားကာ ကရင်အမျိုးသား သဟာယအသင်း အစည်းအဝေးခန်းမ အရှေ့စားပွဲတွင် တည်တည်ငြိမ်ငြိမ်ထိုင်နေရင်း စောထွန်းအောင်မြင့်က သူ့ဘဝဖြတ်သန်းမှုများကို ပြောပြသည်။

သူသည် လက်ရှိ ကရင်ပြည်သူ့ပါတီ (KPP) ဥက္ကဋ္ဌ ဖြစ်သလို သူ့ဘဝတစ်လျှောက်လုံးနီးပါးတွင် ခေါင်းဆောင်မှုကဏ္ဍတွင်သာ အများစုတာဝန်ယူခဲ့ရသူလည်း ဖြစ်သည်။ သူသည် ပြည်တွင်း ကရင်ပါတီ နိုင်ငံရေး အသိုင်းအဝိုင်းတွင် ထင်ရှားသူတစ်ဦး ဖြစ်သည်။ သူ့အား စစ်တပ်ပ အရာရှိဟောင်း တစ်ဦးဖြစ်သည့်အတွက် အခြင်တစ်မျိုးရှိသူများလည်းရှိသလို အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုနယ်ပယ်တွင် ကရင်များထဲ၌ အတွေ့အကြုံ အရင့်ကျက်ဆုံးသူတစ်ဦးအဖြစ်လည်း အသိအမှတ်ပြု လေးစားသူများလည်း ရှိပြန်သည်။

စောထွန်းအောင်မြင့်သည် မွေးချင်း ၄ ဦး ရှိသည့်အနက် အငယ်ဆုံးသားဖြစ်သည်။ သူ၏ဖခင်ဖြစ်သူသည် ၁၈၈၁ ခုနှစ်တွင် စတင်တည်ထောင်သည့် ဒေါကလု-ကရင်အမျိုးသား အသင်းကြီး၏ နောက်ဆုံး ဥက္ကဋ္ဌ၊ ဝတ်လုံတော်ရ စောဘမောင် (Barrister At Law) ဖြစ်သည်။ သူသည် ၁၀ တန်း စာမေးပွဲ အောင်မြင်ပြီးနောက် တက္ကသိုလ် ပထမနှစ် တက်နေစဉ် စစ်တက္ကသိုလ် ခေါ်ယူသည့်အတွက် သွားရောက် လျှောက်ထား အောင်မြင် သင်ခဲ့စစ်တက္ကသိုလ် ပြောင်းတက်ခဲ့သည်။

'စစ်တက္ကသိုလ် အပတ်စဉ် ၆ ကို ၁၉၆၀ ကနေ ၆၄ ထိတက်ခဲ့တယ်။ ကျောင်းဆင်းတော့ အသက် ၂၁ နှစ် ရှိသွားပြီ၊ ရေတပ်ထဲကို ရောက်သွားတယ်' ဟု စောထွန်းအောင်မြင့်က အရာရှိငယ်ဘဝ စတင်ဖြတ်သန်းပုံများကို ပြောပြသည်။

ထိုသို့ တပ်မတော်ရေတွင် တာဝန်ထမ်းဆောင်ရင်း အမှတ်ရစရာ ဖြစ်စဉ်များအနက် ဒိန်းမတ်နိုင်ငံသို့ စစ်သင်္ဘောတည်ဆောက်ရန် ၄ ဦး ရွေးချယ်စေလွှတ်ရာတွင် သူအရွေးခံရသည်။ စစ်သင်္ဘောတည်ဆောက်ပြီးနောက် ၁၉၈၁ ခုနှစ်တွင် မြန်မာနိုင်ငံသို့ သမုဒ္ဒရာနှင့် ပင်လယ်များကို ၅၆ ရက်ကြာ ဖြတ်သန်းပြီး ပြန်မောင်းလာခဲ့ရသည်။ အဆိုပါ စစ်သင်္ဘောသည် ထိုစဉ်က မြန်မာနိုင်ငံတွင် ရှာတတ်ယာဉ် ဆင်းသက်နိုင်သည့် ပထမဦးဆုံး စစ်သင်္ဘောဖြစ်သည်ဟု ဆိုသည်။

ထို့အပြင် ၁၉၈၆ ခုနှစ်တွင် အမေရိကန်နိုင်ငံသို့ စစ်သင်တန်းသွားတက်ရန် အရွေးခံရပြီး ပြန်လာသည့်အခါ ဒုဗိုလ်မှူးကြီးရာထူးဖြင့် ဗျူဟာစစ်ရေယာဉ်စု ညှိနှိုင်းကွပ်ကဲရေးမှူး၊ ထိုနောက် ပူးတွဲဗျူဟာစစ်ရေယာဉ်စုမှူးအဖြစ် ရေတပ်တွင် တာဝန်ထမ်းဆောင်ခဲ့သည်။

ရှစ်လေးလုံး(၈၈၈၈)အရေးတော်ပုံအတွင်း တပ်မတော် အာဏာသိမ်းလိုက်ပြီး အရပ်ဖက်ဌာနများတွင် လူလိုအပ်နေသည့်အတွက် အရပ်ဖက်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ပြီး ထိုစဉ်က ပို့ဆောင်ရေးဝန်ကြီးဌာန လက် အောက်ခံ၊ သင်္ဘောသားအလုပ်အကိုင် ကြီးကြပ်ရေးဌာန (SECD) တွင် ညွှန်ကြားရေးမှူး ဖြစ်လာခဲ့သည်။

ထို့နောက် ၁၉၉၀ ပြည့်နှစ်တွင် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှဦးစီးဌာနခွဲ ညွှန်ကြားရေးမှူး ချုပ်အဖြစ် ရာထူးတိုး တာဝန်ထမ်းဆောင်ခဲ့သည်။ ညွှန်ကြားရေးမှူးချုပ်အဖြစ် ၆ နှစ်ခွဲခန့် လုပ်ဆောင်ပြီးနောက် ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးဌာန၊ ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် ၁၉၉၇ ခုနှစ်တွင် ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ခဲ့သည်။

'အဲ့ဒီလိုနဲ့ အသက် ၆၀ ပြည့်တော့၊ သက်တမ်း တစ်နှစ်တိုး ထမ်းဆောင်ပြီး ၂၀၀၃ မှာ အငြိမ်းစားယူတယ်။ စုစုပေါင်း ၄၃ နှစ် အစိုးရဝန်ထမ်းလုပ်ခဲ့တယ်။ နိုင်ငံတော်က စီမံထူးချွန်ပထမအဆင့် ချီးမြှင့်တာ ခံရတယ်'ဟု သူက ကေအိုင်စီသို့ ပြောသည်။

အစိုးရ ဝန်ထမ်းဘဝမှ အငြိမ်းစားယူပြီးနောက် ၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံရေးလောကသို့ မကူးပြောင်းမီ လူမှုရေး၊ ဘာသာရေးလုပ်ငန်းများဘက်တွင် ပိုမိုအားစိုက် လုပ်ကိုင်ခဲ့သည်ဟု သူက ဆိုသည်။ ထိုအချိန်သည် သူ့ဘဝအတွက် ပေါ့ပေါ့ပါးပါး စိတ်ပျော်ရွှင်စွာ လူမှုရေးလုပ်ငန်းများကို လုပ်ခဲ့ရသည်။

သူသည် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော် ကျင်းပရေး ဗဟိုကော်မတီတွင် ဥက္ကဋ္ဌ၊ ကရင် ဖွံ့ဖြိုးရေးကော်မတီ (KDC)တွင် အဖွဲ့ဝင်၊ ကရင်ကျောင်းသားဟောင်းများအသင်း ဥက္ကဋ္ဌ၊ မော်ဘီမြို့နယ်ရှိ ဖူးမူးလယ် ကလေးများ ဖွံ့ဖြိုးရေးကျောင်းတွင် နာယက၊ ဒု သိန်းသာရသည်။ ဝန်ကြီးများ လစာတိုးသည့်အခါ အခြားဝန်ကြီးများက ကျပ်သိန်း ၂၀ ရစဉ် တိုင်းရင်းသားရေးရာဝန်ကြီးက ၁၀ သိန်းသာ ရပြန်သည်။ အခြားဝန်ကြီးများ ကားနှစ်စီးရစဉ်သူတို့က ကား တစ်စီးသာရခဲ့သည်။ ထို့ကြောင့် တပြေးညီဖြစ်စေရေး အတွက် နိုင်ငံတော်သမ္မတထံ စာတင်ခဲ့သည်။

'အဲ့ဒါကို တင်တော့ ဖွဲ့စည်းပုံ အခြေခံဥပဒေ ခုံရုံးကို တရားစွဲတဲ့။ စွဲတယ်။ နိုင်တယ်။ နိုင်တော့ သမ္မတက ပြန်စိစစ်ပါတဲ့၊ အဲ့မှာလည်း နိုင်တယ်။ နိုင်တော့ တိုင်းရင်းသားအခွင့်အရေးများ ထွက်လာတာတို့ ကရင်တိုင်းရင်းသားရေးရာဝန်ကြီးဌာန ဖွဲ့တာတို့ ဖြစ်လာတယ်၊ အဲ့တုန်းက တပြေးညီ ဖြစ်ရေး လုပ်ဆောင်ခဲ့တာ အခု NLD ဝန်ကြီးတွေက ခံစားနေရတယ်'ဟု သူက ပြောသည်။

ယခုလို တိုင်းရင်းသားရေးရာဝန်ကြီး တာဝန်ထမ်းဆောင်ရင်းမှ ကိုယ့်တိုင်းရင်းသားများအတွက် တစ်ဆင့်တက်ကာ ပြည်ထောင်စုအဆင့် တာဝန်များ ထမ်းဆောင်ရန် ရည်ရွယ်ပြီး ၂၀၁၅ အထွေထွေ ရွေးကောက်ပွဲတွင် ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်နေရာ ဝင်ပြိုင်ခဲ့သည်။

'၂၀၁၅ နိုဝင်ဘာ ၈ ရက်နေ့ ရွေးကောက်ပွဲနေ့ပေါ့၊ သံတောင်ကြီးမြို့နယ်၊ ဘောဂလိကြီးမှာ ရှိနေတယ်။ နေ့လည်ဘက်မှာ သံတောင် ပျားစခန်းကို ပြန်လာတယ်။ ပျားစခန်းက မဲရုံမှာ မဲရေတွက်တာကို အနီးက ဘေလုံးကွင်းထဲမှာ စောင့်ကြည့်တယ်။ ၈ ရက်နေ့ည မဲရေတွက် ပြီးသလောက်က နိုင်နေတယ်။ ၉ ရက်နေ့ ဆက်ရောက်လာတဲ့ မဲတွေအရလည်း အခြေအနေကောင်းတယ်။ ၁၀ ရက်နေ့ပေါ့၊ နယ်က မဲတွေ ရောက်လာတဲ့ အချိန်မှာ ကပ်ရှုံးသွားတယ်။ ရှုံးရတဲ့ အကြောင်းအရင်းကတော့ အမျိုးမျိုးရှိပါတယ်'ဟု သူက ပြောသည်။

ထိုသို့ ကရင်ပါတီများ အနိုင်ရရခြင်းသည် ကရင်ပြည်သူတို့၏ ရွေးချယ်မှုဖြစ်သလို အကျိုးဆက်အချို့ကိုလည်း ခံစားနေရသည်ကို တွေ့ရကြောင်း၊ ကရင်အမျိုးသား အာဇာနည်နေ့ကိစ္စ ရပ်သည် ဥပမာတစ်ခုအနေဖြင့် မှတ်ယူနိုင်သည်ဟု ဒေါ်ငင်းက ပြောသည်။

တိုင်းပြည်တွင် နိုင်ငံအာဇာနည်များလည်း ရှိသလို လူမျိုးစုအလိုက် အာဇာနည်များလည်းရှိကာ အသီးသီးကျင်းပနေသည်ကို တွေ့နိုင်သည်ဟု စောထွန်းအောင်မြင့်က ရှင်းပြသည်။

'တိုင်းပြည်အာဇာနည်က ရှိပြီးသား လက်ခံပြီးသား။ စောဘဦးကြီးက ကရင်တစ်မျိုးသားလုံးရဲ့ အာဇာနည်ပါ၊ ကေအဲန်ယူရဲ့ အာဇာနည်နေ့လို့ ပြော လို့မရဘူး။ ကေအဲန်ယူဆိုတာကလည်း မတရားအသင်းမဟုတ်တော့ဘူး။ တရားဝင် အဖွဲ့အစည်း ဖြစ်သွားပြီး ၁၇/၁ လည်းမရှိတော့ဘူး'ဟု သူက ဆိုသည်။

လာမည့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ ဝင်ရောက်ရန် ရှိမရှိကိုမူ စောထွန်းအောင်မြင့်က ယတိပြတ် မပြော။ သူ့ အနေဖြင့် လူထုကလိုလားလျှင် လုပ်ဆောင်သွားရန် စဉ်းစားမည်ဟု ဆိုသည်။ သို့သော် သံတောင်ကြီးမြို့နယ်အတွင်းသို့ ၂၀၁၉ ခုနှစ်နှင့် ယခုနှစ်ဆန်းပိုင်းတွင် ပါတီစည်းရုံးရေးကို သူကိုယ်တိုင် ဦးဆောင်သွားရောက်နေသည်ကိုတော့ တွေ့ရသည်။ သူ့ ကိုယ်တိုင်အတွက်သော်လည်း ကောင်း သူဦးဆောင်သည့် ကရင်ပြည်သူ့ပါတီ အတွက်သော်လည်းကောင်း လာမည့် ရွေးကောက်ပွဲတွင် မျှော်မှန်းချက်တစ်ခုခုထားရှိသည့် သဘောတွေ့ရသည်ဟု ဆိုရပေမည်။

စောထွန်းလင်း

▶▶▶ စာမျက်နှာ (၁၆)မှအဆက်

နောက်ပိုင်းအထိ လက်ရှိ အချိန်ထိက ဘာနိုင်ငံရေးဆွေးနွေးမှုမှ မဖြစ်ထွန်းသေးတာကို တွေ့ရတာပေါ့။ NCA ရဲ့လမ်းနဲ့ သွေဖည်သွားနေတာကို တွေ့ရတာပေါ့။ တချို့သော ကျနော်တို့ ခေါင်းဆောင်တွေ အကြားမှာလည်း မကျေနပ်မှုတွေ အခက်အခဲတွေ ဖြစ်ပေါ်တာကို တွေ့ရတယ်။ KOA အနေနဲ့ အနီးကပ် ပူးပေါင်းလုပ်ဆောင်တာမျိုး မရှိတဲ့အခါကျတော့ ကျနော်တို့ မူဝါဒနဲ့ ကိုက်ညီတဲ့ အခြေအနေမျိုးဆိုလည်း ထောက်ခံသလို မကိုက်ညီဘူးဆိုလည်း ဒီအပေါ်မှာတော့ မထောက်ခံဘူးပေါ့။

နောက်ထပ်အကြံပြုတိုက်တွန်းပြောဆိုချင်တာများရှိရင်လည်း ပြောပေးပါ။

ခေါင်းဆောင်တွေနဲ့ ပတ်သက်ပြီး ထွေထွေထူးထူး အကြံပြုပေးချင်တာမျိုးမရှိဘူး။ သူတို့နည်း သူတို့ဟန်နဲ့တော့ အ ကောင်းဆုံး ကြိုးစားနေကြတယ်လို့ သိရတာပဲလေ။ ဒါပေမယ့် ပြောချင်တာတစ်ခုကတော့ လုပ်ဆောင်ချက်တွေအပေါ် ပြန်လည်သုံးသပ်ဖို့ လိုတာပေါ့။ လုပ်ငန်းစဉ်တစ်ခုလုံးမှာ ကိုယ့်အတွက် ကောင်းကျိုး၊ ဆိုးကျိုးတွေကို ပြန်လည်သုံးသပ်ဝေဖန်ပြီး ရှေ့ဆက်သွားနိုင်ဖို့ ဗျူဟာ ပြန်ချမှတ်ဖို့ လိုတယ်။ အရေးကြီးဆုံးက စည်းလုံးညီညွတ်မှုပေါ့။

လုပ်ဆောင်မှုတွေက အဓိက အများစုရဲ့ သဘောထားကို လိုက်နာရမယ်။ အများစုရဲ့ သဘောထားနဲ့ တစ်ဦးချင်းရဲ့ အခြင်တွေ အကြံပြုချက်တွေကို ရယူရမှာပေါ့။ တစ်ယောက်ချင်း ကောင်းတယ်ထင်တဲ့အခြင်တွေ သွားနေမယ်ဆိုရင် မသင့်တော်ဘူးပေါ့။ သူ့အခြင် ကိုယ့်အခြင် သဘောထားတွေကို ရယူပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် လုပ်ဆောင်သွားဖို့လိုပါတယ်။

KNU တပ်မဟာ (၅) နယ်မြေအတွင်း တပ်မတော်တပ်ရင်းမှူးတစ်ဦး မိုင်းထိမှန် သေဆုံး

ဧန်နဝါရီလ ၂၉ ရက်၊ ၂၀၂၀ ခုနှစ်

ကရင်အမျိုးသား အစည်းအရုံး – KNU တပ်မဟာ(၅) တာမြစ်ထားသည့် နယ်မြေအတွင်း ဝင်ရောက်လာမှုကြောင့် ပြီးခဲ့သည့် ဧန်နဝါရီလ ၂၇ ရက်နေ့က မြန်မာ့တပ်မတော်ဘက်မှ အရာရှိတစ်ဦး မိုင်းထိသေဆုံးမှုဖြစ်ပွားခဲ့ကြောင်း KNU ဘက်က ပြောသည်။

အဆို ပါဖြစ်စဉ်မှာ KNU နယ်မြေများဖြစ်သည့် တပ်မဟာ (၂) နှင့်တပ်မဟာ(၅) နယ်မြေ အစောတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး KNU ဘက်မှ လုံခြုံရေးအရ ထောင်ထားသည့် မိုင်းကိုရှင်းလင်းရာမှ ဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း တပ်မဟာ(၅) မှ ပြောခွင့်ရသူ ဗိုလ်မှူး စောကလယ်ဒိုက ယခုလို ပြောသည်။

၎င်းက 'တပ်မဟာ(၅) ဘက်က ပြောထားပြီးသား တာမြစ်ထားပြီးသားဖြစ်တဲ့အတွက် လမ်းပိတ်ထားပြီး အဲလို ဗုံးချထားတာ ဖြစ်တယ်။ ဗုံးချထားကို သူတို့ဘက်က ဂရုမစိုက်ဘဲ တက်လာတယ်။ သူတို့က ဗုံးတွေ့ရင်ဗုံးပေးဖောက်ခွဲ လိုက်တယ်။ ဗုံးဖောက်ခွဲတော့ ပေါက်ကွဲပြီး သူတို့လူကို ပြန်ထိတာဖြစ်တယ်' ဟု ကေဆိုင်စိသို့ပြောသည်။

KNU တပ်မဟာ(၅) ဘက်မှ ပြောဆိုချက်များအရ တပ်မတော်အနေဖြင့် KNU တပ်မဟာ(၂) နှင့် တပ်မဟာ(၅) အစအထိသာ ကားဖြင့် သွားလာခွင့်ပြုကြောင်းနှင့် ရိက္ခာပို့သည့်အခါတွင်လည်း အဆိုပါ သတ်မှတ်ထားသည့် နေရာအထိသာ ခွင့်ပြုကြောင်း နှစ်ဖက်တွေ့ဆုံဆွေးနွေးပွဲများတွင် ပြောဆိုထားသည်ဟု တပ်မဟာ(၅) တာဝန်ရှိသူများက ပြောသည်။

ဒီဇွိဘီ သတင်းဌာန၏ ယနေ့ သတင်းများအရ တပ်မတော်ဘက်မှ သေဆုံးသွားသူမှာ ခမရ (၇၀၉) မှ တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး အောင်ကျော်စိုးဖြစ်သည်ဟု သိရပြီး KNU တပ်မဟာ(၅) ဘက်မှ တာဝန်ရှိသူများ၏ ပြောဆိုချက်များအရ ယင်းဖြစ်စဉ်တွင် တပ်မတော်ဘက်မှ ၂ ဦးကျဆုံး၊ ၁ ဦးဒဏ်ရာရရှိကြောင်း ပြောဆိုသည်။

ထို့အတူ ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့်ပတ်သက်၍ ဆွဲမိုင်းဖြင့် တိုက်ခိုက်ခံရခြင်း ဖြစ်ကြောင်း တပ်မတော်ဘက်မှ တောင်ပိုင်း တိုင်းစစ်ဌာနချုပ် ပြောခွင့်ရ ဗိုလ်မှူးကြီးကျော်စိုးမိုး၏ ဒီဇွိဘီ သတင်းဌာနထံ ဖြေကြားချက်အပေါ် မဟုတ်မှန်ကြောင်း KNU တပ်မဟာ(၅) ဘက်မှ ငြင်းဆိုသလို ထိသို့ဆက်လက် လုပ်ဆောင်မည်ဆိုပါက ပဋိပက္ခများ ပိုမို ဖြစ်ပေါ်လာစေမည် ဖြစ်ကြောင်းလည်း KNU တပ်မဟာ(၅)က ပြောသည်။

အဆိုပါ ဖြစ်စဉ်များနှင့်ပတ်သက်ပြီး အတည်ပြုနိုင်ရန် အတွက် ကေဆိုင်စီမှ တောင်ပိုင်း တိုင်း စစ်ဌာနချုပ် ပြောခွင့်ရ ဗိုလ်မှူးကြီးကျော်စိုးမိုးထံ ယနေ့ နေ့လည် ၁၂ နာရီမှ ည ၇ နာရီခွဲအထိ ဖုန်းဖြင့် အကြိမ်ကြိမ် ဆက်သွယ်သော်လည်း ဖုန်းလက်ခံဖြေကြားခြင်း မရှိသေးပေ။

ပြီးခဲ့သည့် ဧန်နဝါရီ ၂၁ ရက်နေ့က မြန်မာ့တပ်မတော်ဘက်မှ KNU တပ်မဟာ(၅) နယ်မြေအတွင်း ၁၅နာရီများဖြင့် စုံစမ်းထောက်လှမ်းမှုများ ပြုလုပ်နေသည်ဟု ဆိုကာ JMC – S ထံ စာရေးသားကန့်ကွက်မှုများပြုလုပ်သည့် ဖြစ်စဉ်များ ရှိခဲ့သည်။

▶ ကျောဖုံး "KNU ခရိုင်၊ တပ်မဟာအဆင့်" မှ အဆက်

လူပရိသတ် ၂၀၀ နီးပါး တက်ရောက်ခဲ့ကြသည့် အဆိုပါ ဂုဏ်ပြုပွဲ အခမ်းအနားကို KNU မူတြော်ခရိုင်၊ ဒေးဘူးနို့ကျေးရွာရှိ အမှတ်(၁) အထက်တန်းကျောင်း ခန်းမတွင် ကျင်းပခဲ့ကြပြီး ဂုဏ်ပြုပွဲ မတက်ရောက်နိုင်သည့် တပ်မှူးတပ်သားများကို အခမ်းအနား အပြီးနောက်ပိုင်း ဆက်လက် ပေးအပ်သွားမည်ဖြစ်သည်။

ဂုဏ်ပြုခံများထဲမှ မျက်လုံးတစ်စုံ ပေးဆပ်ခဲ့ရသူ တပ်ကြပ်ကြီး စောဝီးက 'တော်လှန်ရေးအတွက် အသက်ပေးဆပ်သွားသူတွေဟာ အသက်ကြီးလို့ဖြစ်စေ၊ မကျန်းမာလို့ဖြစ်စေ၊ ထိခိုက်ဒဏ်ရာ ရခဲ့ရာကဖြစ်စေ သေချာမှတ်တမ်းတင်ပြီး အသိအမှတ်ပြုသွားဖို့တော့ လိုပါတယ်။ အရင်ကဆို ခေါင်းဆောင်တွေလောက်ပဲ အမှတ်တရတွေ လုပ်လာခဲ့ပေးပေမယ့် လာမယ့် ကာလတွေမှာ ကျဆုံးသွားခဲ့တဲ့ တပ်သားတွေအားလုံးအတွက်ပါ အထိမ်းအမှတ်အဖြစ် ကျောက်တိုင်တွေ လုပ်ဆောင်ပေးတာမျိုး ဖြစ်စေချင်ပါတယ်'ဟု ဂုဏ်ပြုပွဲတွင် ပြောဆိုခဲ့သည်။

ယင်း ဂုဏ်ပြုခံပုဂ္ဂိုလ်များအား KNU ကေအဲန်ယူ မူတြော်ခရိုင်အပြင် ကရင် အရပ်ဖက်အဖွဲ့များ ဖြစ်ကြသည့် ဒေါ်ကလူ ကွန်ရက်အဖွဲ့ နှင့် ထိုင်းနိုင်ငံကရင်အဖွဲ့ (Karen Thai Group-KTG) တို့ကလည်း ဂုဏ်ပြုဒွေများ အသီးသီးပေးအပ်ခဲ့ကြပြီး U-၈ တေဂီတအဖွဲ့ကလည်း ဂုဏ်ပြုသီချင်းများဖြင့် သီဆို ဖျော်ဖြေခဲ့ကြသည်။

ထိုနေ့ မွန်းလွဲပိုင်းတွင် ၎င်းခန်းမ၌ပင် ၇၁ နှစ်မြောက် ကရင်တော်လှန်ရေးနေ့ အထိမ်းအမှတ်၏ အခြားအစီအစဉ်အဖြစ် ကရင်လူ ငယ်တွေ့ဆုံပွဲတစ်ခုကိုလည်း ပြုလုပ်ခဲ့ကြရာ ဒေသခံကျောင်းသားလူငယ်များ၊ ဒေါက လူကွန်ရက် အဖွဲ့ဝင်လူငယ်များ၊ ပြည်တွင်း ကရင်လူငယ်များ၊ ထိုင်းနိုင်ငံသား ကရင်လူငယ်များနှင့် ညြတ်ထြေးလျားရောက် ကရင်လူငယ်အရွယ် ပါဝင်ကြပြီး အဖြင့် ဖလှယ်မှုများ ပြုလုပ်ခဲ့ကြသည်။

▶ ကျောဖုံး "ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ" မှ အဆက်

ကောက်ပွဲ အောင်နိုင်ရေး၊ ငြိမ်းချမ်းရေး၊ ကရင်ပြည်နယ်သို့ ပြည်တွင်းပြည်ပမှ လာရောက်သည့် ရင်းနှီးမြှုပ်နှံ မှုအခြေအနေစသည်တို့ကို မေးမြန်းခဲ့ခြင်း ဖြစ်သည်ဟု ပါတီဥက္ကဋ္ဌဖြစ်သူ မန်းအောင်ပြည်စိုးက ကေအိုင်စီသို့ ပြောသည်။

'EU ဖက်က အဓိကမေးတာ ၃၊ ၄ ချက်လောက်ရှိတယ်။ ပထမတစ်ချက်က ကရင်ပါတီများ ပေါင်းစည်းရေး အခြေအနေကို မေးတော့ ငါလည်း တိုင်းရင်းသားနယ်မြေက မဲဆန္ဒနယ်တွေမှာ တစ်ပါတီကို တစ်ယောက် တည်း ပဲ ဝင်နိုင်ဖို့ အတတ်နိုင်ဆုံး လျှော့ပေါ့စဉ်းစား ညှိနှိုင်း ဆွေးနွေးသွားမယ်လို့ ပြောလိုက်တယ်'ဟု ၎င်းက ယနေ့တွင် ပြောသည်။

ကရင်ပြည်နယ်တွင် အခြေစိုက်သည့် ကရင်အမျိုးသား ဒီမိုကရက်တစ်ပါတီ KNDP နှင့် ဖလုံစဝေါ် ဒီမိုကရက်တစ်ပါတီ – PSDP တို့ရှိသည့်အနက် KNDP ကို EU ကိုယ်စားလှယ်အဖွဲ့မှ သီးသန့် တွေ့ဆုံခဲ့ခြင်းဖြစ်ပြီး နှစ်ဖက်ဆွေးနွေးမှုအကြောင်းအရာများ နှင့် ပတ်သက်၍ EU ဘက်မှ သဘောထားမှတ်ချက် တစ်စုံတစ်ရာ ပေးခဲ့ခြင်း မရှိကြောင်းလည်း မန်းအောင်ပြည်စိုးက ပြောသည်။

ယမန်နေ့တွေ့ဆုံပွဲတွင် KNDP မှ ပါတီဥက္ကဋ္ဌ မန်းအောင်ပြည်စိုးအပါအဝင် အမျိုးသမီးတာဝန်ခံ နှစ်ဦးခန့်သာ၊ အထွေထွေ အတွင်းရေးမှူး စောချစ်သန်း၊ အတွင်းရေးမှူး(၂) နော်သဇင်ငုပုပ်၊ သတင်းနှင့် ပြန်ကြားရေးတာဝန်ခံ စောမြရှင်တို့ ၅ ဦးတက် ရောက်ခဲ့ပြီး ဥရောပသမဂ္ဂ(EU)သံရုံး မှ သံအမတ်ကြီး H.E. Mr. Kristian Schmidt ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့ဝင် ၁၀ ဦး တို့ပါဝင်ကြောင်း သိရသည်။

EU ကိုယ်စားလှယ်အဖွဲ့ အနေဖြင့် ကရင်ပြည်နယ်အတွင်းရှိ ပါတီများအပြင် လူမှု အဖွဲ့အစည်းများ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များနှင့် တွေ့ဆုံမှုပြုလုပ်ခဲ့ပြီး ဖြစ်သည်ဟု သိရသည်။

▶ ကျောဖုံး "မြန်မာ – ထိုင်းနယ်စပ်" မှ အဆက်

ရောက်မယ့် တရုတ်နိုင်ငံသား ၅၈ ဦးတို့ကို ကျန်းမာရေးစစ်ဆေးခဲ့ပြီး အပူချိန် ဖြင့်တက်ပြီး သံသယရှိသူတွေ ရှိမယ်ဆိုရင် ကျန်းမာရေးဌာနကို ချက်ချင်း ပို့ဆောင်ပေးမှာ ဖြစ်ပါတယ်'ဟု ပြောသည်။

မြန်မာ – ထိုင်းနယ်စပ် ချစ်ကြည်ရေးတံတားများတွင် ယခုကဲ့သို့ ကျန်းမာရေး စစ်ဆေးမှုများ ဆောင်ရွက်နေသော်လည်း မြဝတီမြို့ သောင်ရင်းမြစ်ကမ်း တစ်လျှောက်ရှိ တရားမဝင် လှေဆိပ်များမှာ ၂၀ ကျော်ရှိပြီး ထိုမှတဆင့် နိုင်ငံခြားသားများ ဝင်ရောက်လာမှုများ ရှိလာနိုင်သည့် အတွက် ဖြစ်နိုင်ပါက ထိုလှေဆိပ်များကိုပါ တာဝန်ရှိသူများအနေဖြင့် ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်သင့်သည်ဟု မြဝတီမြို့နေ ပြည်သူတစ်ဦးက သုံးသပ်သည်။

တရုတ်နိုင်ငံ ဝူဟန်မြို့မှ စတင် ပြန့်ပွားခဲ့သည့် Corona virus ရောဂါကို လက်ရှိအချိန်တွင် တရုတ်နိုင်ငံတွင် လူပေါင်းနှစ်ထောင်နီးပါး ကူးစက်ခံရပြီး အဆိုပါ ဗိုင်းရပ်စ်ပိုးကြောင့် သေဆုံးသူ ၅၀ ကျော်ရှိပြီဟု နိုင်ငံတကာ သတင်းဌာနများတွင် ဖော်ပြထားသည်။

မြဝတီ မြို့သို့ တရုတ်နိုင်ငံသား ဝင်ရောက်မှုမှာ ယခင်ထက်များပြားလာကာ နေ့စဉ်ရာနှင့်ချီ၍ ရှိပြီး ရွှေကုန်းကြို မြို့သစ် စီမံကိန်းတွင် လုပ်ကိုင်သူများရှိသလို မြဝတီမြို့တွင်လည်း စီးပွားရေးလာရောက် လုပ်ကိုင်သူ များပြားလျက်ရှိသည်ဟု သိရသည်။

▶ စာမျက်နှာ ၂၃ "တရုတ်ရင်းနှီးမြှုပ်နှံမှု" မှ အဆက်

တကယ့် Mega Project (ကြီးမားသောစီမံကိန်း)တွေကို MOU ထိုးကြပါလိမ့်မယ်။ ရေ့တွန်းက လုပ်ခဲ့တာကတော့ လုပ်ပြီးပြီပေါ့ဗျာ။ အခုအချိန်က စပြီးတော့ ပြုပြင်နိုင်အောင်ပါ'ဟု ပြောသည်။

ရင်းနှီးမြှုပ်နှံမှုများသည် ဒေသတွင်းနေ နိုင်ငံသားများ၏ သဘောတူညီမှုနှင့်၊ လူထုကိုယ်စားပြု နိုင်ငံရေးပါတီများ၏ သဘောတူညီမှုမရှိက လူထုအကျိုးစီးပွားကို ဆောင်ကျဉ်းနိုင်မည် မဟုတ်သလို အနိမ့်ဆုံးအားဖြင့် စီမံကိန်းစတင်ချိန်တွင် ဒေသခံလူထုနှင့် လူထုကိုယ်စားပြု နိုင်ငံရေးပါတီများ၏ သဘောထားရယူရမည်ဟု UNA ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့အပြင် သဘာဝ ပတ်ဝန်းကျင်၊ လူမှုစိန်ခေါ်ချက်များ ဖျန်ဖြေပေးနိုင်သည့် ယန္တရားများ၊ ဥပဒေများရှိပြီးမှသာ စီမံကိန်း ဆောင်ရွက်ရန်၊ စီမံကိန်း နှင့် ပတ်သက်၍ စဉ်းစားခြင်း၊ အတည်ပြုခြင်း၊ ကွင်းဆင်းခြင်း စသည့် လုပ်ငန်းစဉ် အဆင့်တိုင်းတွင် ဆိုင်ရာနိုင်ငံရေးပါတီ၊ အရပ်ဖက်အဖွဲ့အစည်းနှင့် ပြည်သူတို့၏ သဘောထားကို ရယူရန်လိုသည်ဟု တိုက်တွန်းထားသည်။

UNA အနေဖြင့် ဖက်ဒရယ်စနစ်ကို အထောက်အကူပြုသည့် ရင်းနှီးမြှုပ်နှံမှု အကောင်းမြင် ကြို ဆိုသလို သဘာဝ ပတ်ဝန်းကျင် နှင့် လူမှုဂေဟစနစ် ထိခိုက်ခြင်း မဖြစ်စေရန် စဉ်ဆက်မပြတ်တိုက် တွန်းပြီးခဲ့ပြီး ယခုလို ထုတ်ပြန် ပြောဆိုရန်အတွက် ၂၀၁၉၊ ဒီဇင် ဘာလအတွင်းက စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်နှင့် အခြားကျွမ်းကျင်သူများနှင့် တွေ့ဆုံကာ တမျိုးသားလုံးနှင့် သက်ဆိုင်သည့် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများကို သုံးသပ်ကာ ယခုလို ထုတ်ပြန် ပြောဆိုခြင်းဖြစ်သည်။

မြန်မာနိုင်ငံသို့ အများဆုံးလာရောက်ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ထားသည့် နိုင်ငံများမှာ ၂၀၁၉၊ နိုဝင်ဘာကုန်ထိ စာရင်းများအရ စင်ကာပူနိုင်ငံ၊ တရုတ်ပြည်သူ သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဟောင်ကောင်နှင့် ဖြိတ်နိုင်ငံတို့ ဖြစ်ပြီး အများဆုံးရင်းနှီးမြှုပ်နှံမှုမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဖြစ်ကာ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ၏ ၂၇ ဒသမ ၀၄ (၂၇.၀၄) ရာခိုင်နှုန်း၊ လျှပ်စစ်ကဏ္ဍ တွင် ၂၆ ဒသမ ၁၅(၂၆.၁၅) ရာခိုင်နှုန်းနှင့် ကုန်ထုတ်လုပ်မှု ကဏ္ဍတွင် ၁၄ ဒသမ ၀၁ (၁၄.၀၁)ရာခိုင်နှုန်းတို့ ရှိကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်က ထုတ်ပြန်သည့် စာရင်းများအရ သိရသည်။

Radio Karen ကရင်ရေဒီယို

ကရင်သတင်းစဉ်မှ တာဝန်ယူထုတ်လွှင့်ပေးနေသည့် Radio Karen (ကညောကွယ်လေးလို) ကရင်ဘာသာ အွန်လိုင်းရေဒီယို အစီအစဉ်ကိုလည်း www.radiokaren.org တွင် နေ့စဉ် မြန်မာစံတော်ချိန် နံနက် ၈း၃၀ နာရီမှ ညနေ ၅း၃၀ နာရီအထိ နေ့စဉ် ထုတ်လွှင့်ပေးနေသလို ကေအိုင်စီမှ တင်ဆက်ပေးနေသည့် မြန်မာဘာသာ၊ ကရင်ဘာသာ၊ အင်္ဂလိပ်ဘာသာ သတင်းနှင့် ဆောင်းပါးများ၊ ရေဒီယို၊ ရုပ်သံဗွီဒီယို သတင်းအစီအစဉ် များကို Radio Karen အပလီကေးရှင်း(Application)မှတဆင့် မိမိလက်ကိုင်ဖုန်းထဲတွင် Install လုပ်ပြီး တက်ရောက်ဖတ်ရှုနိုင်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။
IOS ဖုန်းများနှင့် Android ဖုန်းများအတွက် App Store နှင့် Google Play Store အသီးသီးတွင် ဒေါင်းလုပ် ရယူ ဖတ်ရှုနိုင်ပါသည်။

ဒုက္ခသည်စခန်း အထက်တန်းလွန် ပညာရေးကျောင်းများ ထောက်ပံ့မှု အခက်အခဲရှိနေ

ဧန်နဝါရီလ ၁၅ ရက်၊ ၂၀၂၀ ခုနှစ် စအိုင်ဆူး

ထိုင်း–မြန်မာ နယ်စပ်ရှိ ကရင်ဒုက္ခသည်စခန်း ၆ ခုခန့် တွင် ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်ကစ၍ ယခုအချိန်ထိ အထက်တန်းလွန် ပညာရေး ကျောင်းများအတွက် ထောက်ပံ့မှု အခက်အခဲ ကြုံတွေ့နေရဆဲဟု ကရင်ဒုက္ခသည် ကော်မတီဆိုင်ရာ ပညာရေးအဖွဲ့ -KRCEE က ပြောသည်။

မြန်မာ ဒုက္ခသည်စခန်းများအတွက် နိုင်ငံတကာ၏ ကူညီထောက်ပံ့မှု လျော့ချခံရချိန်မှစ၍ ဒုက္ခသည် စခန်းတွင်းရှိ အဆင့်မြင့် ပညာရေး ကူညီထောက်ပံ့မှုများကို ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် ကုန်မှစ၍ နိုင်ငံတကာ အဖွဲ့အစည်းများ၏ ကူညီထောက်ပံ့မှု မရရှိတော့ဘဲ နိုင်ငံတကာရောက် ကရင် လူ့အဖွဲ့အစည်းများ၏ ထောက်ပံ့မှုဖြင့်သာ ဆက်လက်ရပ်တည် နေရကြောင်း KRCEE ဒါရိုက်တာ နော်ဒေါ့ကပ်စ်မူး က ကေအိုင်စီသို့ ပြောသည်။

၎င်းက 'အကူအညီလို့ ပြောရမယ်ဆိုရင် အဓိကအားဖြင့်တော့ ကျောင်းဆရာ၊ဆရာမ ထောက်ပံ့မှုပေါ့။ ပြောရမယ်ဆိုရင် အဆင့်မြင့်ပညာရေးဖြစ်တဲ့ ဂျူနီယာ ကောလိပ် (Junior College) တွေ အတွက်က ပြီးခဲ့တဲ့ နှစ်ကစပြီး ဘာအကူအညီမှ မရတော့ဘူး။ Community တွေပဲရှိတယ်။ ဒါပေမယ့် နည်းလမ်းတွေတော့ ရှာနေတုန်းပဲ'ဟု ကေအိုင်စီသို့ ပြောသည်။

ထို့အပြင် ပညာရေး အကူအညီပေးနေသည့် အဖွဲ့အစည်းများနှင့် တွေ့ဆုံရာတွင် အခြေခံပညာရေးကျောင်းများအတွက်ကို လာမည့်နှစ်အထိသာ ကူညီထောက်ပံ့မှု ရရှိတော့မည်ဖြစ်ပြီး အကယ်၍ ကူညီထောက်ပံ့မှု ဆက်လက်ရရှိပါကလည်း အပြည့်အဝ ရရှိတော့မည်မဟုတ်ကြောင်းလည်း နော်ဒေါ့ကပ်စ်မူးက ဆက်ပြောသည်။

ယခင် ဒုက္ခသည်ပညာရေးအတွက် World Education, Child Dream အစရှိသည့် ပညာရေးအဖွဲ့အစည်းများမှ ကူညီ ပံ့ပိုးပေးခြင်း ဖြစ်သည်။ လက်ရှိတွင် ထောက်ပံ့မှု လျော့နည်းလာသည်နှင့်အမျှ အထက်တန်းလွန် ပညာရေး ကျောင်းများကို မြန်မာပြည်တွင်း နယ်စပ်သို့ ပြီးခဲ့သည့် ၂၀၁၈ခုနှစ်ကစ၍ ပြောင်းရွှေ့ရန် စီစဉ်ခဲ့ရပြီး အချို့သော ကျောင်းများကို ၂၀၁၄ ခုနှစ်ကတည်းက ကေအဲန်ယူ ထိန်းချုပ်နယ်မြေအချို့တွင် ပြန်လည် ပြောင်းရွှေ့ခဲ့ရသည်ဟု KRCEE က ဆိုသည်။

အဆိုပါ ပြောင်းရွှေ့ခဲ့ရသည့် ကျောင်းများနှင့် ဒုက္ခသည်တွင်း ကျန်ရှိသည့် ကျောင်းများအတွက် ကုမ္ပဏီများ၊ တသီး ပုဂ္ဂလအလှူရှင်များ၊ ယခင် ကျောင်းသူ၊ ကျောင်းသားဟောင်းများနှင့် ပြည်ပရောက် တစ်ဦးချင်း အလှူရှင်များ၏ ထောက်ပံ့မှုများဖြင့် ရပ်တည်နေရကြောင်း သိရသည်။

'ဒီလို အကူအညီ လျော့နည်းလာတာနဲ့အမျှ ကျောင်းဆရာ၊ ဆရာမတွေမှာ ပညာသင်ကြားခွင့် အခွင့်အရေးလည်း နည်းပါးလာသလို ကျောင်းသားတွေမှာလည်း ဆရာ၊ ဆရာမတွေ အလုံအလောက် မရှာပေးနိုင်တဲ့အခါကျတော့ ကျောင်းထွက်သွားတာတွေ အများကြီး ကြုံတွေ့ရတယ်' ဟု နော်ဒေါ့ကပ်စ်မူးက ဆိုသည်။

ကေအဲန်ယူ နယ်မြေနှင့် ထိုင်း–မြန်မာ နယ်စပ် ဒုက္ခသည်စခန်းများအပါအဝင် အထက်တန်းလွန် ပညာရေးကျောင်း ၁၀ ကျောင်း ကျော်ရှိပြီး နှစ်စဉ် ကျောင်းသူ၊ ကျောင်းသား ဦးရေ ၁၀၀၀ ကျော် မွေးထုတ်ပေးလျက်ရှိသည်။

အဆိုပါ မွေးထုတ်ပေးလိုက်သော ကျောင်းသူ၊ကျောင်းသားများမှာ မြန်မာအစိုးရ၏ အသိအမှတ်ပြုခြင်း မခံရသည့်အတွက် သက်ဆိုင်ရာ ကေအဲန်ယူဌာနဆိုင်ရာများ၊ ကရင်လူမှုအဖွဲ့အစည်းနှင့် NGOs အဖွဲ့အစည်းများတွင် ဝင်ရောက်လုပ်ကိုင်သူများရှိသလို အချို့မှာ နိုင်ငံခြား တက္ကသိုလ်များနှင့် ချိတ်ဆက်ကာ ပညာတော်သင် အစီအစဉ်ဖြင့် ဆက်လက် ပညာသင်ယူကြသူများလည်း ရှိသည်။

နယ်စပ်ကျန်းမာရေးအဖွဲနှင့် ပြည်နယ်ကျန်းမာရေးတို့ ပူးပေါင်းမှုဖြင့် ဒေသအကျိုးပြုအရံသားဖွား(၁၈)ဦး ထပ်မံမွေးထုတ်

ဧန်နဝါရီ ၂ ရက်၊ ၂၀၂၀ ခုနှစ်။ နန်းဝေဖြိုးစော

နယ်လှည့် ကျောပိုးအိတ် ကျန်းမာရေးလုပ်သားအဖွဲ့ –BPHWT၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ဖလုံပညာတိုး တက်ဖွံ့ဖြိုးရေးယူနစ် -PEDU တို့ ပူးပေါင်းပြီး ဖွင့်လှစ်သည့် အရံသားဖွားသင်တန်း အမှတ်စဉ် (၈) တွင် ဒေသအကျိုးပြုအရံသားဖွား ၁၈ ဦးကို ထပ်မံမွေးထုတ်ပေးနိုင်ခဲ့ကြောင်း သင်တန်းတာဝန်ရှိသူများက ပြောသည်။

ကျန်းမာရေး စောင့်ရှောက်မှု လိုအပ်ချက်ရှိသည့် နေရာများရှိ မိခင်များအတွက် ရည်ရွယ်ဖွင့်လှစ်သည့် အဆိုပါ အရံသားဖွား သင်တန်းကို ၂၀၁၈ စက်တင်ဘာလမှစတင်ကာ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအထိ ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပြီးယခု ၂၀၂၀ ခုနှစ်၊ ဧန်နဝါရီလ ၂ ရက်နေ့၊ ဖားအံမြို့ တောင်ကလေး ဖလုံပညာတဝေါင့်ရွာတွင် သင်တန်းဆင်း လက်မှတ်များ အသီးသီး ပေးအပ်ခဲ့ခြင်းဖြစ်သည်။

BPHWT ဦးဆောင်အဖွဲ့မှ နော်သောသီဖောမှ 'သင်တန်းပြီးတဲ့ လူတွေက သူတို့ဒေသပြန်ရင် KNU ထိန်းချုပ်နယ်မြေထဲက BPHWT ဆေးခန်းရှိတဲ့ နေရာမှာ မိခင်အတွက် ကလေးမွေး ပေးခွင့် လုပ်လို့ရတယ်။ ဒီတစ်ခေါက် သင်တန်းကာလက တစ်နှစ်ကျော် ဆိုတော့ ကလေးမွေးပေးနိုင်ဖို့ အပြည့်အဝ သင်ပေးထားတယ်။ ရွာပြန်ရင် ဒေသလက်သည်တွေနဲ့ ပူးပေါင်း လုပ်ဆောင်လို့ရတယ်' ဟု ကေအိုင်စီသို့ပြောသည်။

စာတွေ့လက်တွေ့ နှစ်မျိုးစလုံး သင်ကြားပေးသည့် အမှတ်စဉ် (၈) အရံသားဖွားသင်တန်းတွင် ကိုယ်ဝန်ဆောင်မိခင်များ ကျန်းမာရေးဆိုင်ရာ ကြိုတင်ကာကွယ်မှုလုပ်ငန်း၊ မွေးဖွားခင်နှင့် မွေးဖွားပြီး မိခင်နှင့်ကလေး ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း စသည်တို့ကို BPHWT မှ ဆရာမများ၊ အစိုးရ ကျန်းမာရေး အငြိမ်းစားဆရာမများ၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာမများနှင့် သင်တန်းနည်းပြ ဆရာမများက သင်ကြားပေးခြင်းဖြစ်သည်ဟု သိရသည်။

ဒေသအကျိုးပြု အရံသားဖွား သင်တန်းကို ၂၀၁၂–၂၀၁၃ ခုနှစ် နောက်ပိုင်းမှစတင်ကာ နယ်လှည့် ကျောပိုးအိတ် ကျန်းမာရေးလုပ်သားအဖွဲ့၊ ကရင်ပြည်နယ် ပြည်သူ့ ကျန်းမာရေး ဦးစီးဌာနနှင့် PEDU အဖွဲ့တို့ ပူးပေါင်းပြီး တောင်ကလေး (ဖလုံပညာတဝေါင့်) ရွာတွင် စာတွေ့သင်ကြားပေးပြီးနောက် မဲဆောက်မြို့ မယ်တော်ဆေးခန်းတွင် လက်တွေ့သင်ခန်းစာများကို ပြန်လည် သင်ကြားပေးခြင်းဖြစ်သည်။

ကေအဲန်ယူ သထုံခရိုင်မှ သင်တန်းသူ နော်မုသဒါက 'ကျမတို့ဒေသမှာ ကျန်းမာရေး လိုအပ်ချက်အများကြီး ရှိသေးတယ်။ BPHWT အဖွဲ့က ကျမကိုပို့တဲ့အတွက် သူတို့နဲ့ ကျမပြန်တွဲလုပ်မယ်။ ကျမ ဒီသင်တန်းတက်တော့ ပညာတွေအများကြီး ရလိုက်တယ်။ တစ်ဖက်တစ်လမ်းကနေ ကျမလူထုအတွက် ကျမပြန် ကူညီမယ်' ဟု ပြောသည်။

သင်တန်းဆင်းပွဲတွင် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နယ်လှည့်ကျောပိုးအိတ် ကျန်းမာရေးလုပ်သားအဖွဲ့ –BPHWT၊ PEDU၊ ကော်သူးလေ ကျန်းမာရေးနှင့် ကယ်ဆယ်ရေး ဌာန –KDHW တို့မှ တာဝန်ရှိသူများ၊ သင်တန်းဆရာများနှင့် ကျေးရွာ ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြသည်။

တရုတ်ရင်းနှီးမြှုပ်နှံမှုများတွင် ပါတီများ၏ သဘောထားရယူရန် UNA ပြော

ဧန်နဝါရီ ၁၇ ရက်၊ ၂၀၂၀ ခုနှစ် စောထွန်းလင်း

တရုတ်ပြည်သူ့ သမ္မတနိုင်ငံက မြန်မာနိုင်ငံတွင် လာရောက် ရင်းနှီးမြှုပ်နှံသည့် စီမံကိန်းလုပ်ငန်းကြီးများတွင် နိုင်ငံရေးပါတီများ၏ သဘောထားကိုလည်း ရယူရန် ညီညွတ်သောတိုင်းရင်းသားလူမျိုးများ မဟာမိတ် (UNA) က ဧန်နဝါရီ ၁၆ ရက်တွင် သဘောထားထုတ်ပြန်ကာ ပြောဆိုသည်။

နိုင်ငံရေးပါတီများ အနေဖြင့် ပြည်သူများကို ကိုယ်စားပြုရန် တည်ထောင်ထားခြင်း ဖြစ်သော်လည်း လက်ရှိ နိုင်ငံရေး ပါတီများ၏ အခန်းကဏ္ဍသည် မေးမှိန်နေကာ ပါတီများ၏ ကဏ္ဍကို ထည့်သွင်းစဉ်းစားခြင်း၊ နေရာပေးခြင်း မျိုး နည်းနေသည့်အတွက် ယခုလို ထုတ်ပြန်ပြောဆိုရခြင်း ဖြစ်သည်ဟု UNA အတွင်းရေးမှူး အဖွဲ့ဝင် ဦးမျိုးကျော်က ကေအိုင်စီသို့ ဧန်နဝါရီ ၁၇ ရက်တွင် ပြောသည်။

၎င်းက 'တစ်ခုခု ပြဿနာဖြစ်လာပြီဆိုရင်တော့ နိုင်ငံရေးပါတီတွေ ဘက်ကို တည်လာကြတယ်ဗျာ။ ဒါပေမယ့် ဒီဟာတွေမတိုင်ခင် ရင်းနှီးမြှုပ်နှံမှုတွေလာတဲ့ အချိန် အခါမျိုးမှာ ရင်းနှီးမြှုပ်နှံသူက သော်လည်းကောင်း အာဏာပိုင်အဖွဲ့အစည်းက သော်လည်းကောင်း အသိပေးမှု၊ တိုင်ပင်ဆွေးနွေးမှု ပြုလေ့ပြုထ မရှိကြဘူး။ ဒါကြောင့် အခု တရုတ်သမ္မတကြီး လာတယ်။ သေချာပါတယ် သူတို့နဲ့အတူ စီးပွားရေးလုပ်ငန်းရှင်တွေ

စာမျက်နှာ (၂၂) သို့ ▶▶▶

KNU ခရိုင်၊ တပ်မဟာအဆင့် တပ်သားတပ်မှူးခေါင်းဆောင် (၁၄၀) နီးပါးကို ဂုဏ်ပြု

ဧန်နဝါရီ ၃၀ ရက်၊ ၂၀၂၀ ခုနှစ်

၇၁ နှစ်မြောက် ကရင့်တော်လှန်ရေးနေ့ အထိမ်းအမှတ်အဖြစ် တော်လှန်ရေးအတွက် ကိုယ်၊ လက် အင်္ဂါများ ပေးဆပ်ခဲ့ကြသည့် KNU-ကရင်အမျိုးသား အစည်းအရုံး မူတြော်(ဖာပွန်) ခရိုင်၊ တပ်မဟာ(၅)အဆင့် တပ်သားတပ်မှူးများနှင့် အုပ်ချုပ်ရေးပိုင်းခေါင်းဆောင် ၁၃၈ ဦးကို ဧန်နဝါရီလ ၃၀ ရက်နေ့၊ မနက်ပိုင်းတွင် မူတြော်ခရိုင်က ဂုဏ်ပြုပွဲ အခမ်းအနားတစ်ခု ကျင်းပခဲ့ကြသည်။

■ စာမျက်နှာ (၂၂) သို့ ▶▶▶

မြန်မာ - ထိုင်းနယ်စပ်ချစ်ကြည်ရေးတံတားများမှ ဝင်ရောက်လာသော နိုင်ငံခြားသားများအား ကျန်းမာရေးစစ်ဆေး မှုများပြုလုပ်

ဧန်နဝါရီ ၂၇ ရက်၊ ၂၀၂၀ ခုနှစ် နေနေ့

မြန်မာ-ထိုင်း နယ်စပ်၊ မြဝတီ-မဲဆောက် ချစ်ကြည်ရေးတံတားများမှတဆင့် မြန်မာနိုင်ငံသို့ ဝင်ရောက်လာသည့် နိုင်ငံခြားသားများကို Corona virus (ကိုရိုနာ ဗိုင်းရပ်စ်)နှင့်ပတ်သက်ပြီး ဧန်နဝါရီ ၂၆ ရက်နေ့မှစ၍ မြန်မာ-ထိုင်း နှစ်ဘက်စလုံးတွင် ကျန်းမာရေးစစ်ဆေးမှုများကို ပိုမိုတင်းကြပ်စွာ ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်၊ ထွက်ပေါက်ဖြစ်သော မြဝတီအမှတ်(၁)ချစ်ကြည်ရေး တံတား၊ အမှတ်(၂) ချစ်ကြည်ရေးတံတားတို့တွင် ယခုလ ဧန်နဝါရီလ ၂၆ ရက်နေ့မှစတင်ကာ Corona Virus နှင့်ပတ်သက်၍ ခေတ်မီစက်များဖြင့် အထူးကြပ်မတ်စစ်ဆေးဆောင်ရွက်လျက် ရှိပြီး လက်ရှိအချိန်ထိ သံသယလူနာတစ်ဦးမျှ မရှိသေးကြောင်း ကျန်းမာရေး တာဝန်ရှိသူများက ပြောသည်။

မြန်မာ-ထိုင်း အမှတ်(၁)ချစ်ကြည်ရေးတံတားတွင် ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်နေသော သူနာပြု ဆရာမတစ်ဦးက 'ဧန်နဝါရီလ ၂၆ ရက် နေ့လည် ၂ နာရီအချိန်ခန့်ထိ ရွှေကုက္ကို ဖြို့သစ် စီမံကိန်း မြဝတီဖြို့မှာ သွား

■ စာမျက်နှာ (၂၂) သို့ ▶▶▶

ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီနှင့် ဥရောပသမဂ္ဂ(EU) ကိုယ်စားလှယ်တို့ တွေ့ဆုံ

ဧန်နဝါရီ ၂၉ ရက်၊ ၂၀၂၀ ခုနှစ် စောရူး

ကရင်အမျိုးသား ဒီမိုကရက်တစ်ပါတီ-KNDP နှင့် ဥရောပသမဂ္ဂ(EU)သံရုံးမှ ကိုယ်စားလှယ်အဖွဲ့တို့သည် ဧန်နဝါရီလ ၂၈ ရက် (ယမန်နေ့)တွင် ဖားအံဖြို့၊ သီရိဖားအံပုတယ်၌ တွေ့ဆုံမှုတစ်ခုပြုလုပ်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ တွေ့ဆုံပွဲ၌ ဥရောပသမဂ္ဂ(EU) ကိုယ်စားလှယ်များက ကရင်ပါတီများ ပေါင်းစည်းရေး အခြေအနေ၊ KNDP ၏ ရွေး

■ စာမျက်နှာ (၂၂) သို့ ▶▶▶

DVD ကရင်ဘာသာ ရုပ်သံ

DVB ရုပ်သံလိုင်းမှ အပတ်စဉ် ထုတ်လွှင့်ပေးလျက်ရှိသည့် ကရင်ဘာသာရုပ်သံ အစီအစဉ်ကို ဗုဒ္ဓဟူးနေ့ ညနေ ၅း၁၅ နာရီနှင့် ကြာသပတေးနေ့ မနက် ၇း၁၅ နာရီ အချိန်များတွင် စောင့်မျော်ကြည့်ရှုသွားနိုင်ပါကြောင်း ... ။

ကျောင်နီပေါ်တဲ့အထိ

လက်ပန်းခြေပန်းကျလို့
ထိုင်နားနေရင်တောင်
ကိုယ့်လက်ထဲက ဓားတစ်လက်
ချ မသွားလိုက်ပါနဲ့....
လွယ်ထား...
ကိုင်ထား...
မြဲမြံသာ ဆောင်ထား...။

ကြာခဲ့ပြီ
ကြာပေမယ့် မမေ့ကောင်းတဲ့ ပုံရိပ်တစ်ခု
စစ်တောင်းမြစ်ထဲ မျောသွားတဲ့
သူတို့နှစ်ယောက်ရဲ့ အလောင်း
ပြန်ဆယ်ယူတော့
အသက်မရှူတော့ဘူး
ထူးဆန်းတာက
အသက်ထွက်သွားတာတောင်
သေနတ်ကို ဖက်ထားသေးတယ်..တဲ့
ဒီအကြောင်း ဖတ်လိုက်ရလို့
ချဲ့တွေးမိတယ်
ဒါဆို သူတို့က သေတဲ့အထိ
လက်နက် မချဘူးပေါ့။

ဒီနေ့...
တောင်ပံခတ် မြေလူးငှက်
ပုံလျက်နဲ့ ခရီးမရောက်တဲ့ ချည်နှဲနဲ့ ဘဝ
လူပ်လည်း မထူးဘူး
လူပ်ပြီး မလုပ်ရင် ခွင်ကျဉ်းသွားမလားပဲ...
ဘာထူးလဲ..
ဘေးကြည့်ဘုတ်ပြောတာ
အရသာ အရှိဆုံး
ဒီလိုစကား ကြားနေကျမို့လို့
နားတော့ ယဉ်သွားတယ်
ဘာကြောင့်လဲ...
ပကတိ အခြေအနေတချို့
မှန်နေလို့ပေါ့။

ရုပ်ပိုင်းဆိုင်ရာ အရ
သိလောင်ထားတဲ့ ရိက္ခာတွေ
ငွေအသုံးပြုတွေ
အခိုးအငွေ့တွေ
ငွေပစ် မကုန်အောင်
အမှောင်ထု ကြီးစိုးတဲ့ကာလ
သဇီးရည်းစား စကားပြောသလို
ဖွင့်ဟလို့ မပြောရဲဘူး
ပွင့်ထွက်သွားမယ်
ခေါင်းအုံ့ မပါဘူး
ဒီလိုစကား ကြားဖန်များတော့
ရင်ထဲ ပက်ကြားအက်သွားတယ်
စစ်တောင်းမြစ်ထဲကလို
မြဲမြံကိုင်ထားတဲ့ သူတွေအတွက်
လုပ်ရကိုင်ရ ခက်လို့ပေါ့။

အရောင်ကျတဲ့ အချိန်မှာ
ရရာနဲ့ ပြန်ဖြေယိ
ရှိတာနဲ့ တည်ဆောက်
ဒူးမထောက်နဲ့
လက်မမြောက်နဲ့
ကိုယ့်လက်ထဲက အရာ
ကိုယ့်အသက် ကိုယ့်ကမ္ဘာ
ဆက်သာကိုင်ထား....
အမြဲတမ်း ကွေးထား...
ရောင်နီပေါ်တဲ့ အထိပေါ့။

အမျိုးသား-သစ္စာဖြင့်
စောယောင့်သာအဲဆန်
(၇၁ - နှစ်မြောက် ကရင့်တော်လှန်ရေးနေ့အား ဤကဗျာဖြင့် ဂုဏ်ပြုလျက်)